

www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၅၀၀၈၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၂၀၁၀၉၀၉ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၇၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းငွေ |
| ပုံနှိပ်ခြင်း | - | ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |

၈၉၅ . ၈၃

အကြည်တော်

မိချော /အကြည်တော်။ - ရန်ကုန်

စိုးမိုးစာပေ၊ ၂၀၀၉

၂၂၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။

(၁) မိချော


BURMESE CLASSIC .com





ကိုဖိုးထင်သည် လက်သမားဆရာကြီးဖြစ်၏။

ဤရပ်ကွက်ကလေးပင်မက ဤမြို့ကြီးတွင် ကိုဖိုးထင်၏ လက်ရာမကင်းသည်များ လက်ညှိုးထိုးမလွဲရှိသည်။

အိမ်ကြီးအိမ်ကောင်းများ၊ ခန့်ထည်သောအဆောက်အဦး၊ ဘုရားစောင်းတန်းများပါ လက်ရာကောင်းလျှင် ဖိုးထင်ဆောက်လုပ်မှန်းသိကြသည်။

စိတ်ရှည်မှု၊ စေတနာပါမှုများက ဖိုးထင်၏ ကိုယ်ရည်ကိုယ်သွေးများပင်။

အများမလုပ်နိုင်သော လက်မှုပညာ၊ ကနုတ်၊ ပန်းတော့၊ ပန်းတမော့ ပညာများတွင်လည်း ဖိုးထင်က တစ်ဖက်ကမ်းခတ်၏။

တစ်နည်းဆိုသော် ဖိုးထင်သည် ယုံကြည်မှုကြီးသော လက်ရာအကောင်းဆုံးသော လက်သမားဆရာကြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အိမ်ကောင်းနဲ့နေချင်သပဆို ဖိုးထင်လက်သာအပ်ဟေ့”

“ဖိုးထင်ဆောက်တဲ့အိမ်က ဖိုးထင်ထက် အသက်ရှည်မကွ”

“ပင်လယ်ရေတောင်မှခပ်ကြည့်ရင် ဖိုးထင်လောက် စရွေး ကိုက်မယ်မထင်ပေါင်ဗျာ”

“လူအထင်ကြီးစေချင် လွယ်လွယ်လေး ဖိုးထင်ဆောက်တဲ့ အိမ်က ဆင်းလာရုံ”

ဖိုးထင်၏ ချီးမွမ်းခန်းများက ပြောမဆုံးပေါင် တောသုံးတောင်။

သို့သော် ဤမျှလောက် ကောင်းခြင်းများနှင့် ပြည့်စုံသော ဖိုးထင်ကို အထင်မကြီးသူများရှိ၏။ ထိုသူများက


ရာသီဥတုနှင့် မိန်းမပင်။

သူတို့သည် မည်သူ့ကိုမှ အထင်ကြီးရိုးထုံးစံမရှိ။

xxxx

BURMESE CLASSIC .com





မျောတိုင်လေးတိုင်ကို အခြေပြု၍ သစ်ဆွေးသစ်ပုပ်၊ ဝါးတုတ်များပါမကျန် ကန့်လန့်ခံ၍တစ်မျိုး၊ အလျားဆုံ၍တစ်သွယ် သပ္ပာယ်နေသောအိမ်ကို လက်သမားဆရာကြီး ကိုဖိုးထင်အိမ်ဟုဆိုသော် မည်သူယုံအံ့နည်း။

သပ္ပါယ်သည်ကို ပါဠိအနက်၌ ကြည်ညိုဖွယ်ဟု ထွက်ကောင်းထွက်အံ့။ ကိုဖိုးထင်၏ အိမ်တွင်တော့ ရိုက်ထားသော သပ်များပယ်နေပါသဖြင့် သပ္ပါယ်ဆိုသည့်စကားအစား ‘သပ်ပယ်’ဟု ပြောင်းလဲနေသဖြင့် ကြည်ညိုဖွယ်ကောင်းခြင်းမှသည် ယိုင်နဲ့ခြင်း ဟူသော အဓိပ္ပာယ်သာ ထွက်ဆိုရပေလိမ့်မည်။

ခနိတချို့ ကိုင်းဖျာနှစ်ချပ်နှင့် လုံသလိုလို မလုံသလိုလို အိမ်မိုး။ ရသမျှသစ်ဆွေး၊ သစ်ပျက်များနှင့် ခြေတစ်လှမ်းမို့ရုံ တည်းထားသောအိမ်ကြမ်းခင်းနှင့် လဟာပြင်တွင်ဆောက်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အိမ်လိုလေယူရာယိမ်းနွဲ့နေပုံက နတ်သမီးများ ဆီမီးခွက်ယိမ်းက နေသလို။

ယခုလည်း မိုးဦးကျပြီမို့ ကိုဖိုးထင်ခမျာ မိုးဦးလေဦးမှာ လေရူးစာကြောင့် အိမ်ကလေးပျောက်မည်စိုး၍ မှီရာလှမ်းထောက်ရန် နေရာရှာနေရသည်။ ဒါကို အိမ်ကြမ်းခင်းပေါက်က ငါးမျှားနေသော မြေးငယ်အောင်သာဒင်က

"ဟာ. . . အဘရာ အဘခြေသံကြားတော့ ကျုပ်ငါးတွေ လန့်ပြေးကုန်ပြီဗျ၊ ညနေဟင်းစားတော့ ပျက်ပါပြီ"

"ဟယ်. . . ဒီသေနာကျလေးတော့ အိမ်မပြိုအောင် ဘယ်လို လုပ်ရမှန်းမသိတဲ့အဆုံး"

မြေးငယ်စကားကို ဂရုမစိုက်နိုင်အားသေးဘဲ ကိုဖိုးထင်ခမျာ အိမ်ကိုဘယ်နားက ထောက်ရပ့ါဟု ဖမိုးမြုပ်နေသောဗွက်၊ ဒူးခေါင်း ရိုးသာသာရေထဲဆင်း၍ သူ၏အိမ်မဟာကလေးကို လှည့်ပတ်ကြည့် ရှုနေရသည်။

ရထားသောဝါးလုံးက ထုတ်တန်းလည်းမမှီ၊ ခပန်းလည်း ကျော်နေသည်မို့ အိမ်မနွဲ့အောင် ဘယ်ထောင့်က ထောက်ရပ့ါဟု ခေါင်းမီးတောက်အောင် ရှာနေရသည်။

"တော့. . . ကိုဖိုးထင်"

"ဟေလကွာ"

အိမ်ပေါ်မှာပဲ ပဲပြုတ်ပြုတ်နေသော ဘွားချောအသံကြား တော့ ကြိမ်စကြာနှင့်အတို့ခံရသော ပရဘုံသားသဖွယ် တုန်တက်၍ ထူးလိုက်ရသည်။ သူ့လောကတွင် အကြောက်ရဆုံးအရာမှာ သူ့ဇနီး သည် ဘွားချောပင်မဟုတ်လား။

"မိုးကြီးလေကြီးကကျတော့မယ်၊ တော်ကြီးက ခုချိန်ထိ အိမ်ကသိုဏ်းရှုနေတုန်းလား"





"အေးဟ. . . ငါလည်း ရှိတဲ့ဝါးနဲ့ ဘယ်နားထောက်ရမှန်း မသိလို့ဟ၊ ဘီလူးစွယ်မမီ၊ ခေါင်းရိုးမမိဖြစ်နေလို့"

"တော်ကြီးဟာလေ ခုချိန်ထိမမိတာတွေးတုန်း၊ ရှိတဲ့ဝါးလုံး နှစ်ပိုင်းဖြတ်ပြီး အိမ်ခြေဆင့်တန်းနှစ်တန်း ခံလိုက်ရောပေါ့"

"ဟေ. . . ဒီလိုလား"

ဘွားချောပြောမှ ကိုဖိုးထင်က "ဒီလိုတော့လည်း အလွယ် သား"ဟု တွေးရင်း ပီတိဖြစ်မိသည်။ သူ့ခမျာ အမြင့်ကိုချည်း မှန်းနေ တာကိုး။

"တော်နဲ့ကတော့ အလုပ်ကိုမဖြစ်ပေါင်၊ နေပါ ကျုပ်ကိုယ် တိုင်ဆင်းလုပ်မယ်"

"နေ. . . နေပါ ချောချောရယ်"

တား၍ပင်မမှီလိုက် ဘွားချော ပြောပြောဆိုဆိုနှင့် ရေထဲ တစွပ်စွပ်နှင့် ဆင်းချလာသည်။ ဘွားချောကတော့ ငယ်စဉ်က အတိုင်း စိတ်မြန်လက်မြန်။ သို့သော် နှုတ်ကတော့

"နေ. . . နေပါမိချောရယ် ငါ့ဘာသာငါ"

သူ့စကားမဆုံးလိုက် ဘွားချောက သူ့အနားရောက်နေပြီ။

"ပေးစမ်းပါ ဒီဝါး"

ဟုဆိုကာ သူ့လက်ထဲမှ ထောက်ဝါးကို ဆတ်ခနဲလှမ်းယူ လိုက်သည်။ နောက် ထိုဝါးကိုပင် သူ့လက်ထဲပြန်ထိုးထည့်ပြီး

"အင့်. . . ဒီနားကနှစ်ပိုင်းဖြတ်"

"ဟယ်. . . မိချော နင်ဖြတ်ခိုင်းတဲ့ဝါးနှစ်ပိုင်းက ညီမှမညီ ဘဲ"

ဘွားချောက မျက်စောင်းကို ဒိုင်းခနဲထိုးလိုက်ပြီး. . .

"တော့ဆင့်တန်းတွေကရော ညီရဲ့လား၊ အတိုကို တောင် ဘက်ကထောက်၊ အရှည်ကို အနောက်ဘက်က ထောက်ရမှာတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ. . , ဟုတ်သား"

ဘွားချောပြောတော့ ဟုတ်သား။

ဩော်. . . အပြင်မှာ မည်မျှနာမည်ကျော်ဖြစ်နေစေတော့ အိမ်ကမိန်းမရှေ့ရောက်ရင် ငတုံးဖြစ်ဖြစ်သွားတဲ့အထဲ ကိုဖိုးထင်တို့လည်းပါပဲ။

"တော်ကြီး. . . မြန်မြန်လာစမ်းပါ၊ မိုးကရွာတော့မှာ၊ ဒီနားက အမြန်လာထောက်"

"ဟေ. . . ဩော်. . . အေး"

ကိုဖိုးထင် ဒူးနားဖုံးနေသောရေကို ခြေကန်၍ ကမန်းကတန်းသွားလိုက်ရသည်။ အိမ်ပေါ်မှ ငါးမျှားနေသော မောင်သာဒင်က

"ဟာ. . . ငါးတွေတော့ပြေးကုန်ပါပြီဆိုမှဗျာ၊ ကျွတ်"

ဟူသော စိတ်ပျက်လက်ပျက် ငြီးသံကြားရ၏။ ကိုဖိုးထင်က ဘွားချောနှင့်အတူ ဝါးတိုင်ကို မြေထဲနှစ်ရင်း. . .

"ဘွားချော"

ဘွားချော ပြန်မထူး။

"အိမ်ပေါ်သာဒင်တစ်ယောက်ထဲလား၊ ကျန်တဲ့ကောင်တွေရော"

ဘွားချောက ဝါးတိုင်ကို ဗွက်ထဲအားရပါးရနှစ်ရင်း. . .

"တော့မြေး ဘောစနောနဲ့ ဂျမ်းကလုပ်က ကျုပ်မြေးအောင်သာနဲ့ ဖြူမတို့ကိုခေါ်ပြီး ကန်စွန်းရိုးချိုးထွက်ရဲ့"

"ဟေ. . . ဒါဆို နင်နဲ့ငါနဲ့မြေးလေးသာဒင်တော့ ခေါ်မသွားဘူးပေါ့"

"သိပါဘူးတော်"

ဘွားချောက သူ့အလုပ်ကိုသူ ဆက်လုပ်နေသည်။ ကိုဖိုးထင်က နံဘေးနားကနေ ဘွားချောကိုကြည့်မိသည်။



"ဩော်. . . မိချော မိချော၊ ဇရာကြောင့် ခါးကိုင်းနားထိုင်းလုနီး ဖြစ်နေတာကိုတောင် ငယ်စဉ်ကလို သွက်လက်နေတုန်းပါလား"

ကိုဖိုးထင်၏စိတ်ထဲ ဟိုးငယ်စဉ်ဘဝကို ပြန်တွေးလိုက်မိသည်။

အဲဒီတုန်းကတော့ မိချောက အလှနတ်သမီးပင်။

××××

www.burmeseclassic.com

www.burmeseclassic.com





"မိုးတငွေ့ငွေ့၊ တိုး၍တသာသာ

ရွှေရွှေရောင် စပါးခင်း ပျိုဆင်းကာလာ

အဝေးမှာသာ လူပျိုမောင်ရောင်ရွှေရစ်ကယ်

မယ်လေးပျို မိလှချောကို

မျှော်လို့သာမော"

ဟိုးဖက်လယ်ကွက်ဆီက အသံဝါဝါကြီးကြားသည်နှင့် မိညွက်က ကောက်စိုက်ရာမှခေါင်းထောင်ပြီး

"ဟဲ့. . . မိချော ဟိုမယ် ဖိုးထင်က နင့်စောင်းဆိုနေထင်ပ့ါ"

မိချောခမျာ ဂရုပင်မစိုက်အား။ ခြေသလုံးအထက်မြုပ်နေသော ရွှံ့ဗွက်ရေထဲ ပျိုးပင်ကို အားရပါးရထိုးရင်း. . .

"သူ့ဘာသာသူ အာချောင်လို့ဆိုနေတာပါအေ၊ ညည်းကြိုက်ရင် ညည်းလိုက်သွား"



"ဟဲ့. . . ဟိုက ငါ့မှမကြိုက်တာ၊ နင့်ကြိုက်လို့ နင့်ကိုစောင်းဆိုနေတဲ့ဟာများ"

"အားအားယားယားဟယ်"

မိချောစကားဖြတ်ပြီး ကောက်ပင်များကို ဇွပ်ခနဲဇွပ်ခနဲ ထိုးစိုက်နေလိုက်သည်။

"စိမ်းလဲ့ရယ်တဲ့ညိုမှောင်"

ဖိုးထင်၏အသံဝါကြီးက သူတို့ပျိုးခင်းကိုပင် လွင့်ပျံ့လာပြန်၏။ မိချောက ကောက်ပင်များကို စိုက်နေရင်း

"ကြည့်လို့ကိုမရဘူး"

ဖြူစုသံနှင့်ဆိုရင်း မည်သူမှမမြင်အောင် ပြုံးနေ၏၊

"စိမ်းလဲ့ရယ်တဲ့ ညိုမှောင်"

ပင်ဝါးဖရုံ လေယူတိမ်းတယ်

ကွယ်. . . ယိမ်းယိမ်းနွဲ့နွဲ့မြောက်တောင်. . . ။

"ဟဲ့. . . မောင်ဖိုးထင်"

"ဗျာ. . . ကိုငှက်တော"

ဖိုးထင်နှင့် ငှက်တောတို့၏ အချီအချအသံကြောင့် ကောက်စိုက်မိန်းမပျိုများက ခေါင်းထောင်ရင်း နားစွင့်ကြသည်။

"မင်းဆိုသွားတာ ဘာတုန်းဟ"

"ဟောဗျာ. . . ရှေးခွန်းထောက်တော်လေဗျာ"

"အေး. . . အဲဒါပြောတာမဟုတ်ဘူးကွ၊ စာသားကိုငါမရှင်းတာ"

"ဘာလို့တုန်း"

"မင်းဟာမင်းပဲ ပြန်ဆိုကြည့်လေ"

"အေးလေ. . . စိမ်းလဲ့ရယ်တဲ့ညိုမှောင်လေ"

"အေး. . . အဲဒါထား နောက်တစ်ပိုဒ်က"

www.burmeseclassic.com

www.burmeseclassic.com



"ပင်ဝါးရုံလေယူတိမ်းတယ် . . . ယိမ်းနွဲ့မြောက်တောင်ပေါ့ဗျ"

"အေး. . . အဲဒါကို ငါမရှင်းတာ၊ အဲဒါကို ငါမရှင်းတာ"

"ဘာလို့တုန်းဗျ"

"မင်းစဉ်းစားကြည့်လေ ပင်ဝါးရုံလေယူတိမ်းတာနဲ့ ဟိုမြောက်က ဘာကိစ္စဘာဖြစ်ရတာတုန်း"

သူတို့၏စကားများကို မိန်းကလေးများက ခပ်အုပ်အုပ်ရယ်ကြသည်။ ဖိုးထင်နှင့်ငှက်တောက ဘုကြဲသို့ပင် ကောက်စိုက်ရင်း ပြက်လုံးထုတ်နေကြမဟုတ်လား။ နှစ်ယောက်လုံးက တမြန်နှစ်က ရွာချောင်းနံဘေး ဇာတ်ပွဲလာကကတည်းက ဇာတ်ပိုးဝင်ပြီး ရူးနေတာ။ ဖိုးထင်ကတော်ရဲ့။ ငှက်တော အခွင့်သာတိုင်း ငွေစု၍ မြို့တက် လူရွှင်တော်လုပ်ရန် စိုင်းပြင်းပြီးသား။ သူ့အဆိုအရ သည်တစ်မိုးကျသည်နှင့် မြို့တက်တော့မည်ဆိုပဲ။

"ဟာ. . . ကိုငှက်တောရ. . ကျွန်တော်ပြောတဲ့မြောက်က မြောက်အရပ်ဗျ။ ဟိုသတ္တဝါမျောက်မဟုတ်ဘူး"

"သိပါဘူးကွာ. . . ပင်ဝါးရုံလေယူတိမ်းတာနဲ့ ငါ့မှာ မျောက်သမန်းရှုတယ်မှတ်နေတာ"

သူတို့၏ပြက်လုံးကို မိန်းမပျိုများ ပွဲကျသွား၏။ ဒါကို မိညွှက်က ကောက်စိုက်ရင်းသားမှနေ၍. . .

"ဟော. . . တွေ့လားမိချော နင့်လူက လယ်မလုပ်ဘဲ ဇာတ်ပွဲလည်း ကစားလို့ရသနော်၊ ဟီဟိ လူပုံက ညိုညိုမောင်းမောင်းနဲ့"

မိညွှက်စကားကြောင့် မိချောကောက်စိုက်နေရာမှထ၊ ခါးပေါ် လက်တင်၍

"အောင်မာ. . . နင့်လူတဲ့၊ နင်ကြိုက်ရင် နင်ယူပါလား၊



အဲသည်လိုကောင်မျိုးကတော့ ဟွန်း"

"အောင်မယ်. . . အခုမှ ဟွန်းလေးဟဲလေးနဲ့ ဦးတန်တော်တို့ ကောက်ရိုးပုံအနောက်မှာလေ ဟီဟိ လကသာကသာနဲ့"

မိညွှက်စကားကြောင့် မိချော ပျိုးပင်ကိုင်ထားသောလက်ဖြင့် သူ့ရင်ဘတ်သူဖိရင်း. . .

"ဟယ်. . . နင်. . . နင်တွေ့တာလား"

"ငါတော့မဟုတ်ပါဘူးဟဲ့. . . ငါ့မောင်လေး တောခွေးတွေ့တာ မတ်တပ်ကြီး၊ ကကျွပ်ကကျပ်နဲ့တဲ့"

မိချော မျက်နှာပျက်သွား၏။ နောက်မှ သူ့ကိုယ်သူပြန်ထိန်းရင်း. . .

"အိုအေ. . . ကလေးပြောတာများယုံရသေး၊ နင့်မောင်တောခွေးက မျက်လုံးချောက်စောင်းနဲ့"

ဟုဆိုကာ ကောက်ကိုဆက်စိုက်နေလိုက်သည်။ ဒါကို မိညွှက်က ဒေါသထွက်သွားသည်ထင်

"အောင်မာ ငါ့မောင်ကိုများ ချောက်စောင်းလေးဘာလေး"

"ဒိုင်း"

"ဟဲ့. . . သောက်ပလုတ်တုတ်"

သူ့စကားမဆုံးခင် ကျယ်လောင်သောအသံကြီးကြားရ၍ လန့်၍ထအော်မိသည်။ ဟိုဘက်လယ်ကွက်မှ ဖိုးထင်တို့အုပ်စုကလည်း ခေါင်းထောင်ထလာပြီး. . .

"ဘာသံကြီးလဲဟ"

"မိုးကြိုးပစ်တာနေမှာပါကွာ"

ဖိုးထင်၏စကားကို အောင်ကျော်မှဝင်ဖြေသည်။

"ဟုတ်မလားဟ. . . မိုးလည်းမရွာဘဲ"

"ဒိုင်း. . . ဒိုင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ပလုတ်တုတ်၊ ဘာ. . . ဘာသံတွေလဲဟ"

အဆက်မပြတ် ဆက်ထွက်လာသော အသံများကြောင့် အားလုံးကြောက်လန့်ပြီး ဗွက်ရေထဲထိုင်ပြီး ဇက်ပုထားကြသည်။

"အောင်မလေးအမေတို့ရေ ကယ်ပါဦး၊ ကယ်ကြပါဦး"

မိချောတို့ မိန်းကလေးများကလည်း နီးစပ်ရာကန်သင်းရိုးပြေးဝပ်နေကြသည်။

"ဒိုင်း. . . ဒိုင်း. . . ဒိုင်း. . . ဒိုင်း"

ပေါက်ကွဲသံများက အဆက်မပြတ်။

သတ္တိအနည်းငယ်ကောင်းသော ဖိုးထင်နှင့် ငှက်တောတို့ သာမတ်တပ်ရပ်ပြီး ရွာဘက်လှမ်းမျှော်ကြည့်နေကြသည်။

"ကိုရင်ငှက်တော"

"ဟေ"

"ရွာဘက်က မီးငွေ့များတွေ့သလားလို့"

ငှက်တောက ဖိုးထင်ညွှန်ပြရာကြည့်ပြီး. . .

"အေး. . ဟုတ်ပ၊ လူတွေလည်း ရုတ်ရုတ်ရုတ်ရုတ်နဲ့ ဘာဖြစ်နေကြတာလဲ၊ ဟင် ဟိုမှာ ကြည့်စမ်း လူတစ်ယောက် ငါတို့ကိုဘာနဲ့ထိုးချိန်"

"ဒိုင်း"

"အား"

စကားပင်မဆုံးလိုက် ဖိုးထင်နှင့်အတူရပ်နေသော ငှက်တောအော်သံနှင့်အတူ ရင်ဝကို အရှိန်ပြင်းပြင်း အကန်ခံရသူလို လွင့်စင်လဲကျသွားသည်။ ပထမတော့ ဘာဖြစ်မှန်းမသိဘဲ ကြောင်ငေးကြည့်နေကြသေးသည်။ နောက်မှ. . .

"ကိုရင်ငှက်တော၊ ကိုရင်ငှက်တော"

ငှက်တောရင်ဘတ်ဖိ၍ ဗွက်အိုင်ထဲ လဲကျနေလေပြီ။ ဖိုးထင်



ငှက်တောကို ပြေးပွေ့လိုက်သည်။

"ဟာ"

ငှက်တော၏ရင်ဝတွင် သွေးများ လျှံကျလာသည်။ ငှက်တောက သူ့ဒဏ်ရာကို သူတအံ့တသြကြည့်ပြီး. . .

"ငါ. . . ငါ ဘာဖြစ်သွားတာလဲဖိုးထင်၊ ငါ ငါ့ရင်ဘတ်ကို ဘာထိသွားတာလဲ"

သူ့ရင်ဘတ်မှသွေးများကို ပြန်ကိုင်ကြည့်ရင်း အံ့အားသင့်နေသည်။ ဖိုးထင်တို့ကလည်း ဘာဖြစ်မှန်းမသိ၍ ဘယ်လိုမှမပြောတတ်။ ရွာဘက်မှာလည်း မီးငွေ့နှင့် တဒိုင်းဒိုင်းအသံများ ဆူညံနေတုန်း အားလုံးခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေကြသည်။

"အား. . . ကျွတ်. . . ကျွတ် ဖိုးထင် ငါ့တစ်ကိုယ်လုံးထူပူပြီး အသက်ရှူရကျပ်လာသလိုပဲ၊ ငါ ငါ တစ်ခုခုများထိသွားတာလားအား"

"ငါတို့လည်းဘယ်သိပါ့မလဲဗျ၊ ခုနက မိုးကြိုးပစ်သလိုအသံကြီးများ မင်းကိုလာမှန်တာလားမှ မသိတာ"

"အား. . . နာ. . . နာလာတယ်ဖိုးထင်၊ ငါနာလာတယ်"

အနောက်မှာ ပေါက်ကွဲသံများ တဒိုင်းဒိုင်းမြည်နေဆဲ။ ရွာဘက်လှမ်းကြည့်တော့ မီးခိုးလုံးများဖုံးနေသည်။ ရွာထဲမှာလည်း အော်သံဟစ်သံများ ဆူညံနေသည်။

"ဟေး. . . ကောက်စိုက်တဲ့လူတွေ ပြေးကြ၊ ပြေးကြဟေ့"

ရွာထဲမှရွာဆော် ကိုပန်းငွေက ထွက်လာပြီး အော်ဟစ်ကာ ရွာထဲဘက် ပြန်လည်ပြေးဝင်သွားသည်။

"အောင်မလေး. . . လုပ်ကြပါဦး၊ ဘယ် ဘယ်ပြေးရမှာလဲ"

"အမေရေ. . . ကယ်ပါဦးအမေရဲ့၊ ဟီး"

ဘုမသိဘမသိနှင့် မိချောတို့မိန်းကလေးများဆီမှ ငိုသံကြား

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ကန်သင်းရိုးမှာ ဝပ်နေကြတာ ခေါင်းပင်မထောင်ရဲ။ ဖိုးထင်လည်း သူ့လက်ပေါ်ရှိနေသော ဒဏ်ရာကြီးနှင့်ငှက်တောကို ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ။

"ဖိုး. . . ဖိုးထင်"

"ရှိပါတယ်. . . ငှက်တောရာ"

ငှက်တော အသက်ကို ပင်ပန်းကြီးစွာ ရှူနေရသည်။

"ငါ. . . ငါ့မျက်လုံးတွေ မမြင်ရတော့ဘူးကွာ၊ အား ကျွတ်ကျွတ်"

အလိုလိုနေရင်း ဖိုးထင်မျက်လုံးမှ မျက်ရည်များဝေ့တက်လာသည်။

"ငါ. . . ငါ အခြေအနေမကောင်းဘူးနဲ့တူတယ် ဖိုးထင်"

ရွာမှအိမ်များ မီးဟုန်းဟုန်းတောက်နေပုံရ၏။ ဘယ်သူရှိနေမှန်းမသိ။

"ငါ. . . ငါ သေသွားရင်လေ ငါဘာဖြစ်လို့သေသွားရတယ်ဆိုတာ စုံစမ်းပေးပါ ဖိုးထင်ရာ၊ အား. . . အား ကျွတ် ကျွတ်"

"ငါ. . . ငါ ကတိပေးပါတယ်ကွာ"

"ငါ ပွဲမကရတော့ဘူးထင်တယ်နော်"

ငှက်တော၏ခန္ဓာကိုယ် ပျော့ကျသွား၏။

"ငှက်တော. . . ငှက်တော"

ဖိုးထင်၏ခေါ်သံ။ ပြန်ထူးသံမကြားရတော့။

ရွာ၌ တဒိုင်းဒိုင်းအသံများ ဆူညံနေဆဲ။

"ဒိုင်း"

"အောင်မလေး ကယ်ကြပါဦး"

မချောတို့ဝပ်နေသော ကန်သင်းရိုးမြေကျစ်ခဲများ ဖွာခနဲလွင့်သွားသည်။ မိန်းမများ၏ကြောက်လန့်တကြားအော်သံများက



ရေနွေးအိုးပွက်သလို ကျက်ကျက်ဆူသွား၏။ ထိုတော့မှ ဖိုးထင်က သတိရသွားပြီး. . .

"မိချောရေ"

"ဝေ"

"တောစပ်. . . တောစပ်ဘက်ကိုပြေးရအောင်ဟေ့"

ဟု အသံပြုပြီး ငှက်တောခန္ဓာကိုယ်ကိုထမ်း၍ လယ်ကွင်းနှင့်မဝေးသော တောစပ်သို့ တရစပ် ပြေးသွားလေတော့၏။

xxxx

www.burmeseclassic.com

www.burmeseclassic.com





တောရိပ်ကား အေးပေသည်။

သို့သော် လူများ၏မျက်နှာမှာ ပူပန်မှုများက ဖုံးလွှမ်းနေ၏။ လူတိုင်း ရှုံ့ဖွက်များပေရေပြီး ပူဆွေးသောကဟန်များက မဖုံးနိုင်မဖိနိုင်။

ငြိမ်သက်နေပြီဖြစ်သော ငှက်တောကိုကြည့်၍ မိညက်၊ သောင်းစိန်၊ အေးပုတို့၏ငိုသံများက လှိုက်လှိုက်တက်လာ၏။ စိတ်မာလှသော မိချောတစ်ယောက်သာ မငို။ သို့သော် ပူဆွေးဟန်နှင့် အဝေးသို့ ငေးကြည့်နေလေသည်။

"မိချော"

ဖိုးထင်၏ခေါ်သံကို မိချောက ပြန်မထူး။

"ဘာမှမပူနဲ့သိလား၊ နင့်ရှေ့မှာ ငါတစ်ယောက်လုံးရှိတယ်"

မိချောမျက်နှာ ဆတ်ခနဲ လှည့်လာ၏။ ပြီးနောက် အသံမာ





မာနှင့်

"အခု နင်တောင်ပြေးနေရတာမဟုတ်လား၊ ဒါတောင် ဘာပဏာယူချင်သေးလို့လဲ"

မိချောစကားကြောင့် ဖိုးထင် ခေါင်းငုံ့သွားရ၏။

ဟုတ်ပါ့။ ခုနထွက်ပြေးတုန်းကတောင် ကြောက်လန့်တကြားနှင့် မိချောရှေ့ သူဦးဆောင်ပြေးခဲ့ရသည်မဟုတ်လား။

ကာကွယ်ဖို့ဆိုတာဝေးပေ့ါ။

"သွားလို့ရပြီဟေ့"

အောင်ကျော်က လှမ်းဆော်သည်။ မိချောတို့မိန်းကလေးတစ်စု ထရပ်လိုက်ကြသည်။ ဖိုးထင်က ငြိမ်သက်နေပြီဖြစ်သော လူရွှင်တော်ကြီးငှက်တော၏ခန္ဓာကိုယ်ကို ပွေ့ချီလိုက်သည်။ ငှက်တောခန္ဓာကိုယ်က နွေးနေဆဲ။

အပြန်လမ်းကို မိချောက ဦးဆောင်ပါသည်။

××××××



www.burmeseclassic.com

www.burmeseclassic.com





မြင်လိုက်ရသော သူတို့၏ရွာကလေးက အံ့သြဖွယ်ရာ။ ရွာလယ်က ဦးဖိုးသက်အိမ်နှင့် ဘိုးထည်တူတို့အိမ်ကလေးက မီးလောင်ပြီး ငုတ်တိုသာကျန်တော့သည်။

"အောင်မလေး. . . ကုန်ပါပြီတော်၊ ကုန်ပါပြီ၊ ဟီး ဟီး"

ဒေါ်အံပွား၏ငိုသံက စွာနေ၏။ ရွာသူရွာသားများကလည်း ဥဒဟိုပြေးလွှားနေကြ၏။ တောခွေးတို့ ကလေးတစ်သိုက်ပင် အကျီကိုယ်ဗလာကျင်းများနှင့် ရွာကို ကြောင်ငေးကြည့်နေကြသည်။ ရွာလူကြီး ဦးကြာဥ မီးလောင်နေသော သူ့စပါးကျီကြီးဆီမှ မီးပေါက်၍ လွင့်လာသော ပေါက်ပေါက်ပွင့်များကို အံကြိတ်၍ စိုက်ကြည့်နေလေသည်။

အတူလိုက်ပါလာသော မိချောတို့မိန်းမတစ်သိုက်ပင် ရွာကလေးကို ကြောင်ငေးနေရရှာလေသည်။

"ငှက်တော. . . အောင်မလေး. . . ငှက်တော ဘယ်. . .



ဘယ်လိုဖြစ်တာလဲ၊ အောင်မလေး ငါ့သား . . . ငါ့သား"

ငှက်တော၏မိခင်အိုကြီး ဒေါ်သာလိ ငိုရင်းပြေးလာ၏။ ဖိုးထင်က သူ့လက်ထဲ ပျော့ခွေနေပြီဖြစ်သော ငှက်တောကို အသာချလိုက်သည်။

"အောင်မလေး ကိုယ်ကျိုးနည်းပါရော လားသားရဲ့. . . ဟီး"

ဒေါ်သာလိ၏ငိုသံက စီညံနေသည်။

"ဟီး. . . ဟဲ့ ဖိုးထင်၊ ငါ့ ငါ့သားလေး ဘယ်လိုဖြစ်သွားရ တာလဲဟင်"

ဖိုးထင် သက်ပြင်းချလိုက်သည်။

"ဘာဖြစ်သွားတယ်တောင် မသိပါဘူးအရီးရယ်၊ ဒိုင်းခနဲ အသံကြားပြီး ငှက်တော ပက်လက်လန်သွားတော့တာပါပဲ၊ နောက် တော့ ဒီဒဏ်ရာတွေ့တယ်လေ"

"အောင်မလေး. . . အဖြစ်ဆိုးလှချည်လားသားရဲ့၊ ဟဲ့ ဟဲ့"

ဒေါ်သာလိ သားဖြစ်သူကို ဖက်ငိုနေလေပြီ။ မည်သူမှ မဖြေ ရှင်းပေးနိုင်။

ဒေါ်သာလိ
သားဖြစ်သူကို
ဖက်ငိုနေ လေပြီ၊
မည်သူမှ မဖြေ
ရှင်းပေးနိုင်၊

ဘာမှမတတ်နိုင်သောဖိုးထင် မိမိနေအိမ်သို့ ခြေဦးလှည့်လိုက်သည်။ လမ်းတွင်တွေ့သော တောခွေးကို ဖိုးထင် အမှတ်မထင် မေးကြည့်သည်။

"ဘာဖြစ်တယ်မသိပါဘူး ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင်ရာ၊ လူနှစ်ဖွဲ့ရောက် လာပြီး သေနတ်ဆိုတာတွေနဲ့ ပစ်ကြတာ၊ တစ်ဖွဲ့က တောင်ပိုင်းက ဦးဖိုးသက်အိမ် မီးတင်ရှို့တယ်၊ တစ်ဖွဲ့ကလည်း အားကျမခံ ဦးတည်တူတို့အိမ် မီးတုတ်ပစ်တင်သွားရော၊ နောက် အော်သွားသေးတယ် မင်းတို့ရွာနောက်ထပ်ငါတို့လာဦးမတဲ့"

သူ့ဘာသာသူ တည်ငြိမ်နေသော ရွာကလေး မည်သူ့ပယောဂမှန်းမသိဘဲ ပြောင်းဆန်ခဲ့လေပြီ။ မုန်းသူရန်ညှိုးထားသူမရှိသော်ငြား ရွာကမီးလောင်လေပြီ။

××××







ငှက်တော၏အိမ်ကလေးမှာ လူစည်ကားရလေပြီ။

အမှန်တော့ ငှက်တော လူရွှင်တော်ဖြစ်မှ ကြည့်ချင်တွေ့ချင်သူများနှင့် စည်ကားသင့်သော်လည်း ယခု အသုဘရှုအနေနှင့် စည်ကားရလေပြီ။

ဖိုးထင် အောင်ကျော်၊ သားပုတို့ ကာလသားများက အလှူညော့်ခံရန်အတွက် ထင်းပေါက်ရေသယ် စသည်ဖြင့် တာဝန်ယူရသလို မိချော၊ မိညွှက်၊ အေးပုတို့ မိန်းမပျိုများကလည်း အလှူထမင်းချက်ရန် ပြင်ဆင်နေကြပေပြီ။

အိမ်၏ကပြင် ကွပ်ပျစ်နှင့် ညော့်ထိုင်နေရာများတွင်တော့ သူကြီးဦးကြာဥအပါအဝင် ရွာလူကြီးများ ထွေရာလေးပါး ပြောကြားရင်း အနိစ္စတရားကို နာကြားနေကြသည်။

"အေးကွယ်. . . ငှက်တောအဖြစ်က ထူးဆန်းပါပေ့၊ ရွာပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာ ကောက်စိုက်ရင်းသားကနေ ဘယ်မအေ့သားလက်ကမြင်းသွားတယ်ရယ် မသိပါဘူး"

"ငှက်တောရယ် သားလေး မင်းကိုက ကံဆိုးပါတယ်ကွယ်. . ဟီး"

ဒေါ်သာလိရဲ့ မချိတင်ကဲငိုညည်းသံက အမြဲလိုလို ပေါ်ထွက်နေ၏။ တိုက်ပွဲဖြစ်တာက ရွာထဲ။ ရွာထဲကလူများ တစ်ယောက်မှ အထိခိုက်မရှိဘဲ ရွာပြင်ကောက်စိုက်နေသူက သေရသည်ဆိုတော့ တရားရစရာ။ အနိစ္စတရားက လူရွေးတတ်ပါကလား။ အမှန်တကယ် ရွာမီးလောင်သွားသော်လည်း ရွာထဲမှာ တစ်ယောက်မှ အသေအပျောက်မရှိ။

"အောင်မလေး သားလေးရဲ့၊ ဘယ်အငြိုးနဲ့များ ငါ့သားကို ရက်စက်သွားတာလဲ၊ ဟီး"

"ဦးလေးကြာဥ. . . ဦးလေးကြာဥ"

"ဟေလကွာ"

ဒေါ်သာလိ ငိုသံနှင့်အတူ အပြင်မှပြေးလာသော တောခွေးခေါ်သံကြောင့် အိမ်ကပြင်တွင် ရေနွေးကြမ်းခဲနေသော သူကြီးအမြန်ထူးလိုက်သည်။ တောခွေးခမျာလည်း ဟောဟဲလိုက်နေ၏။

"ရွာ. . . ရွာထဲကို မနေ့. . . မနေ့ကလူတွေ ပြန်ဝင်လာလို့"

"ဟေ"

တောခွေး၏စကားသံကြောင့် အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်၏။

"ဟေ့. . . ဟေ့ တုတ်တွေ၊ ဓားတွေ အသင့်ပြင်ကြဟေ့"

"ဟာ. . . မနေ့ကကောင်တွေ ပြန်ဝင်လာပြီဆိုတော့ ဒုက္ခပဲ လုပ်ကြပါဦး"

လူအားလုံး ထွက်ပဲပြေးရမလား၊ ခုခံရန်ပဲ ပြင်ဆင်ရမလား



မသိနှင့် ယောက်ယက်ခတ်ကုန်၏။

"ဟေ့. . . ဟေ့ ဘာမှန်းမသိဘဲ ရမ်းမလုပ်ကြနဲ့"

သူကြီး ဟန့်လိုက်မှ အားလုံးတွေဝေကာ ငြိမ်ကုန်၏။

သိပ်မကြာပါ။ လက်နက်ကိုယ်စီ ဆွဲကိုင်ထားသော လူဆယ့်ငါးယောက်ခန့် ငှက်တောအိမ်ရှေ့ ဆောင့်ကြွားကြွားနှင့်ရောက်ချလာသည်။

"ဩော်. . . တစ်ရွာလုံး ငြိမ်နေပါတယ်လို့ မသက်ာဖြစ်နေတာ ဒီမှာအလှူလာလုပ်နေကြတာကိုး၊ ဟိုး. . . ဟိုး"

ခေါင်းဆောင်လုပ်သူက မခိုးမခန့်နှင့် စကားစ၏။

"ဘယ့်နှယ်လဲ. . . အလှူစရင်လည်းပြောလေဗျာ၊ ကျုပ်တို့လည်း သွားရင်းလာရင်း တိုက်ပွဲဝင်ရင်း ဝမ်းကဟာလာလို့ ပြင်ကြလေဗျာ"

ရွာသားများက တုတ်တုတ်ပင်မလှုပ်ကြ။ ဖိုးထင်တို့ အောင်ကျော်တို့က အဆင်မသင့်ခဲ့ပါက တွယ်ရန် ထင်းခုတ်ဓားမများ အသာဆကြည့်နေသည်။ မိချောပင်လျှင် ခါးပုံစကြား ဓားပါးလေးခိုးဖွက်လိုက်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူက မြင်လေလား မမြင်လေးလားပင်မသိ သူ့စကားကိုပင်ဆက်၍

"ဒီကရွာသားတွေ အလှူအတန်းတော့ ရက်ရောပုံရသဗျ၊ ဟာဟ မနေ့ကပဲ တိုက်ပွဲဖြစ်၊ ဒီနေ့ အလှူကြီးပေးနေပြန်ပြီ"

သူ့စကားကို သည်းမခံနိုင်တော့သော သူကြီးက. . .

"အလှူပေးနေတာမဟုတ်ဘူးကွ၊ မနေ့က မင်းတို့လက်က မြင်းသွားလို့ သေသွားတဲ့ တို့ရွာသား အသုဘကွ"

သူကြီးစကားကြားတော့ ခေါင်းဆောင်သူငယ်မှာ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဟာ. . . မနေ့က တိုက်ပွဲမှာကျသွားတာလား၊ မှန်းကြည့်ရ

www.burmeseclassic.com

www.burmeseclassic.com



အောင်"

ဆိုကာ အိမ်ရှေ့တွင်ပြင်ဆင်ထားသော ငှက်တောအသုဘကိုသွားကြည့်ရင်း

"ကျွတ်. . . ကျွတ် စိတ်မကောင်းလိုက်တာဗျာ"

ဟု မျက်နှာငယ်နှင့်ဆိုရင်း သူ့လူများဘက်လှည့်၍ မျက်နှာထားတင်းတင်းဖြင့်

"ရဲဘော်တို့. . . မနေ့ကတိုက်ပွဲမှာ ရှုပ်ရှုပ်ချုံချုံတိုက်ရင်းကျဆုံးသွားသူကို ဂုဏ်ပြုရမယ်"

အားလုံးက ပြုတ်သားသောမျက်နှာပေးများနှင့် မတ်မတ်ရပ်ကြသည်။

သူ့စကားကို ဖိုးထင်က သည်းမခံနိုင်တော့။

"ဘယ့်နှယ် ရှုပ်ရှုပ်ချုံချုံတိုက်ရမှာလဲ၊ သူ့ဘာသာသူ ရွာပြင်မှာ ကောက်စိုက်နေရင်း မင်းတို့လက်ကမြင်းပြီး ပစ်လိုက်တာကြီးမှန်သေတာ"

ဖိုးထင်စကားကြောင့် ခေါင်းဆောင်လုပ်သူမျက်နှာပျက်သွား၏။ နောက်မှ ကြွေနွေးဆယ်ပြီး. . .

"ဘာပဲဖြစ်ဖြစ် တိုက်ပွဲမှာကျသွားတာပဲမဟုတ်လား"

"တိုက်ပွဲကြား၊ အချောင်ကျသွားတာဗျ"

"ဘယ်လိုပဲကျပါစေ တိုက်ပွဲမှာကျသွားသူဟာ အာဇာနည်ပါပဲ၊ ဒါနဲ့ သူ့နာမည်က"

"ငှက်တော"

ခေါင်းဆောင်က ခပ်တည်တည်နှင့် ခေါင်းညိတ်ပြီး သူ့တပ်ဖွဲ့ဘက်လှည့်၍

"ရဲဘော်တို့. . . အားလုံးသတိ"

အမိန့်အတိုင်း အားလုံးသတိဆွဲကြသည်။ ခေါင်းဆောင်က





ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း. . .

"ရဲဘော်တို့ တိုက်ပွဲမှာကျဆုံးသွားသော အာဇာနည်ရဲဘော်ငှက်တောအား ဂုဏ်ပြုရမယ်"

ဆိုပြီး သူကိုယ်တိုင် ငှက်တောအလောင်းဖက် မတ်မတ်ကြီးလှည့်ပြီး. . .

"ကျဆုံးလေပြီးသော အာဇာနည်ငှက်တောအား အလေးပြု"

အားလုံး အလေးပြုကြသည်။ သူတို့ကိုကြည့်ပြီး သူကြီးအပါအဝင် ရွာသားများအားလုံးပင် မသာကြီးငှက်တောအား အလေးပြုလိုက်ရမလို ထိုင်ရာမှပဲထရမလိုနှင့် ကုန်းကုန်းကွကွတွေ ဖြစ်ကုန်၏။

ဖိုးထင်၏စိတ်ထဲတွင်တော့ လူရှင်တော်သာလုပ်ချင်သော ငှက်တော ဘယ်အချိန်အာဇာနည်ဖြစ်သွားသည်ကို စဉ်းစားမရဖြစ်နေမိ၏။

"နေ. . . မြဲ"

ခေါင်းဆောင်အမိန့်အတိုင်း အားလုံး နေမြဲအတိုင်းပြန်နေရင်း ဆေးလိပ်ဖွာသူဖွာ၊ ဆောင့်ကြောင့်ထိုင်သူထိုင် လုပ်နေကြသည်။ တချို့က သူတို့မျက်နှာ လူမြင်မှာစိုး၍ လုံချည်ခြုံ၍ ငုတ်တုတ်စံပယ်နေ၏။

"ရဲဘော်တို့"

အားလုံးမတ်တပ်ပြန်ရပ်၍ သတိဆွဲကြသည်။ ဖိုးထင်တို့အောင်ကျော်တို့ပင် ထိုသူများနှင့်အတူ သတိလိုက်ဆွဲရမလား၊ နေမြဲနေရမလားမသိ ဖြစ်နေကြသည်။

"ယခုသေဆုံးသူ အာဇာနည်ငှက်တောဟာ မိမိရပ်ရွာကိုကာကွယ်ရင်း တိုက်ပွဲကြား ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်သွားသူဖြစ်တယ်"

ဖိုးထင်တို့ရွာသားတွေစိတ်မှာတော့ ငှက်တောတစ်ယောက်သေနတ်ကျည်ဆံတွေကြား ပြေးလွှားပြီး အများရှေ့မှာ ငှက်ကြီး



www.burmeseclassic.com

တောင်စားဆွဲ တစ်ယောက်ပြီးတစ်ယောက် ပိုင်းခွဲသလို မြင်ယောင်နေ၏။ သို့သော် ဘယ်အချိန်တွင် လယ်ကွက်ကထွက်၍ တိုက်ပွဲဝင်ခဲ့သည်ကိုတော့ စဉ်းစား၍မရ။

"ဒါကြောင့် ရဲဘော်ငှက်တောကို အာဇာနည်အခမ်းအနားနဲ့ သဂြိုလ်ပေးရမှာဖြစ်တယ်"

အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်ကြပြန်၏။

"အားလုံး. . . အသင့်. . . ပြင်"

ခေါင်းဆောင်၏ အမိန့်ကြားသည်နှင့် တပည့်များက ငှက်တော၏အလောင်းကို ခေါင်းကမသူမ၊ ခြေကဆွဲသူဆွဲနှင့် ယောက်ယက်ခတ်ကုန်၏။ ဒါကိုမြင်တော့ ငှက်တော၏ ဦးလေးဦးမန်ဒါလီက. . .

"ဟင်. . . ဟင် နေကြဦးလေ၊ အမျိုးစုံအောင် သုံးရက်ထားမှာလေ"

သူ့စကားကို ခေါင်းဆောင်လုပ်သူက. . .

"အိုဗျ. . . ကျုပ်တို့ရှိတုန်း ကြီးကြီးကျယ်ကျယ် သဂြိုလ်ရတာ၊ အမျိုးတွေဘာတွေ စောင့်မနေပါနဲ့၊ ဒီအခမ်းအနားမျိုးက ကြုံရခဲပါတယ်"

ဩော်. . . ဒီအခမ်းအနားမျိုးကြုံအောင် သူတို့ရှိတုန်း ထပ်သေပေးရမလို။ ခေါင်းဆောင်ကတော့ ပီသသည်။ ခပ်တည်တည်ပင် သူ့တပည့်များဘက်လှည့်၍ အသံကျယ်ကျယ်ဖြင့်. . .

"ဆက်လုပ်"

တကယ့်ကို ဆက်လုပ်ကြပါသည်။ ငှက်တော၏အလောင်းကို နီးစပ်ရာဖျာကြမ်းကြီးနှင့်ပတ်ပြီး မချသွားလေတော့သည်။

ဘာမှမတတ်သာသော ရွာသူရွာသားများကသာ ငှက်တောအသုဘနောက်သို့။



"အောင်မလေးသားရယ် မင်းက အာဇာနည်တဲ့၊ မင်းကိုယ်မင်းတောင် အာဇာက နီသလား၊ အာဇာက ပြာသလားတောင် သိရဲ့လား. . . သားရဲ့၊ ဟီး"

ဒေါ်သာလိက အနောက်ကငိုရင်းလိုက်သည်။

"အောင်မလေးသားရဲ့ ဘယ်သွားကြမှာလဲ၊ သချိုင်းက အနောက်ဘက်မှာဟဲ့"

ဒေါ်သာလိက ငိုရင်းသတိပေးသည်။ ဒါကို သူကြီးကြာဥကလည်း. . .

"ဟေ့. . . ဟေ့ ဟုတ်သားမောင်ရင်တို့ လမ်းမှားနေပြီဟ၊ သချိုင်းက ရွာအနောက်မှာဟဲ့၊ မင်းတို့ အခုသွားနေတာ အရှေ့ဘက်ရွာဝကြီး"

သူတို့၏စကားကို ခေါင်းဆောင်လုပ်သူက ပြုံးပြီး. . .

"သိတယ်လေ. . . ဒီလိုအာဇာနည်မျိုးကို အများသူငါလို သချိုင်းမှာသွားမြှုပ်ရင် ဘယ်ဂုဏ်ရှိမှာလဲ၊ အားလုံးအမှတ်ရနေအောင် ရွာဝမှာ တခမ်းတနား မြှုပ်ရမှာ၊ ရဲဘော်တို့ အမြန်လျှောက်"

ရဲဘော်များက အမြန်လျှောက်ကြသည်။ ရွာသားများကလည်း အမြန်လိုက်ရသည်။

ရွာထိပ်ရောက်မှ ထမ်းလာသူများက ငှက်တောအလောင်းကို ညင်ညင်သာသာပင် ဝုန်းခနဲပစ်ချလိုက်သည်။

"အားလုံးသတိ"

ရွာသားများပင် သတိကြသည်။ မသတိနိုင်သူ ဖိုးထင်မှပင် သူ့ခေါင်းကို သူပြန်ကုတ်နေသည်။

"မြေ. . . ဖို့"

ဒီအတိုင်းသာ ငှက်တောအလောင်းကို ခနှင့်ချနေဘိသကဲ့သို့ မြေဖို့ကြသည်။ မသာကို ချုပ်ထုနေသည်နှင့်ပင်တူသေး၏။

www.burmeseclassic.com



မြေဖို့ပြီးသည်နှင့် ခေါင်းဆောင်က. . .

"ရဲဘော်တို့ ဒီနေ့သေဆုံးသူ အာဇာနည်ငှက်တောဟာ ငယ်စဉ်ကတည်းက မျိုးချစ်စိတ်ပြင်းထန်သူဖြစ်တယ်"

ဘယ်အမျိုးနှင့်မှ မတည့်၍ မြို့တက်ဇာတ်ပွဲကချင်သူ နှုတ်ဖျားမှပင်. . .

"သောက်မျိုးတွေ တစ်ယောက်မှမကောင်းဘူး"

ဆိုသည်ကို ချီထားတတ်သူ။ ထိုငှက်တောကား သေမှမျိုးချစ်တဲ့။

"ယခုလည်း မိမိနေထိုင်ရာတောရွာကို စွမ်းစွမ်းတမံ ရင်ဖွင့်ကာကွယ်ရင်း ရင်ပွင့်သေဆုံးခဲ့သူဖြစ်ပါတယ်"

ရွာပြင်ထွက် ကောက်စိုက်နေပါလျက် ဘယ်အချိန် ရွာကို ဝင်ကယ်ခဲ့သည်ကို ဖိုးထင်တို့ လုံးဝမစဉ်းစားတတ်။

"အားလုံးအတုယူကြပါ၊ ဂုဏ်ယူကြပါ၊ ဒီရွာမှာ ငှက်တောလို အာဇာနည်တွေ များများပေါ်ထွက်ကြပါစေ"

အားလုံး ငှက်တောလို မသာပေါ်ပေးရမလိုဖြစ်နေပြီ။

"ငှက်တောလို သူ့ရဲကောင်းကိုမွေးထုတ်ပေးတဲ့ မိခင်ကလည်း မျိုးချစ်သားအတွက် မျက်ရည်မကျသင့်ဘူး"

"ဟီး. . . ငါ့ဘာသာငါကျတာ နင့်သောက်မျက်ရည်ငှားကျလို့လား၊ သေနာကောင်ရဲ့ အဟီးဟီး"

ဒေါ်သာလိစကားကြောင့် အားလုံးလှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။

"ဟုတ်ပ့ါ. . . ဒီကောင်တွေ ဘလိုင်းကြီးလာဝင်ကျောနေတာ"

"ငှက်တော အသုဘ၊ အမျိုးတောင် မစောင့်ရသေးဘူး"

"အာဇာနည်တွေ၊ အာဇာပြာတွေ ငါတို့မသိဘူးဟေ့"

အသံတွေက ဟိုတစ်စဒီတစ်စ ထွက်လာ၏။ အခြေအနေ





ရိပ်မိသော ခေါင်းဆောင်က. . .

"သေနတ်. . . ထမ်း"

ဖြောင်းဖျက်နှင့် အားလုံးသေနတ် ပခုံးပေါ်လှမ်းတင်လိုက်ကြ၏။ ခုနဆူပွက်နေသော ရွာသားများ ကြောင်ကုန်ကြ၏။

"ဟေ့ကောင်တွေ. . . မေလွှားလေးတွေအားလုံးကို ထမ်းခိုင်းတာမဟုတ်ဘူး၊ သေနတ်ကျည်ဆံက မင်းတို့အမေ့လင်တွေ ဆီက အလကားရတာမဟုတ်ဘူး၊ တစ်ယောက်ပဲထမ်း"

ခေါင်းဆောင်စကားကို လက်ယားနေသူတပည့်များက သူထမ်းမယ်၊ ငါထမ်းမယ် လုပ်နေကြသေး၏။ သူ့တပည့်များကိုကြည့်၍ ခေါင်းဆောင်က စိတ်ညစ်ဟန်နှင့် ဆံပင်ကိုဖွပြီး. . .

"တိတ်စမ်း. . . ဖိုးထောင်ထမ်း"

"ဟုတ်. . . အာစိ"

ဖိုးထောင်ဆိုသူသာ သေနတ်ကို မိုးပေါ်ထောင်ထမ်းလိုက်၏။ ကျန်သူများက ပွစိပွစိ။ ရွာသားများကလည်း အံ့အားကြီးစွာ ငေးကြည့်နေကြ၏။ ခေါင်းဆောင်က ရင်ကိုကော့ရင်း. . .

မာန်ပါပါဖြင့်. . .

"အာဇာနည်ငှက်တောအတွက် သေနတ်ဖောက်ဂုဏ်ပြုမှာ ဖြစ်ပါတယ်"

ဖိုးထောင်ဆိုသူမှ သေနတ်ကို ဂျောက်ဂျက်ဂျောက်ဂျက်လုပ်သည်။

"သေနတ်ဖောက်"

"ဖွတ်"

သေနတ်က ဖောက်လိုက်တာပါပဲ။ သို့သော် ယမ်းကမပေါက်ဘဲ အထက်ပါအသံသာမြည်ပြီး ကျည်ဆံထိပ်ဖူးက ကွေးကွေးလေးကျလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟိဟိ"

ဖိုးထင် ကြိတ်ရယ်၏။ ခေါင်းဆောင်ဖြစ်သူ ဒေါပွသွားပြီး

"တောက်. . . အဲဒါကြောင့် မင်းသေနတ်ကို ဂရုစိုက်ပါလို့ အမြဲပြောနေတာ၊ ပြောင်ကြီးထမ်း"

"ဒိုင်း"

"ဟဲ့. . . သောက်ပလုတ်တုတ်"

သူက သေနတ်ထမ်းရုံ ထမ်းခိုင်းသေး၏။ လက်ယားနေသူ တပည့်ကျော်ပြောင်ကြီးက မိုးပေါ်ထောင်ဖောက်လိုက်သည်။

ကောင်းကင်ပေါ်မှ စာကလေးတစ်ကောင် လှုပ်လီလှုပ်လဲ့နှင့် ကျလာ၏။ သေနတ်သံကြောင့် လန့်သေတာဖြစ်ပေလိမ့်မည်။ ပြောင်ကြီးက ဂုဏ်ယူစွာ ငှက်သေကို ခါးပိုက်ထောင်ထဲ ကောက်ထည့်လိုက်သည်။

အာဇာနည်ငှက်ပေတကား။

"ခွေးမသား. . . ငါကပစ်ဆိုမှ ပစ်ရမှာကွ"

"ကျည်ကုန်ပြီအာစိ"

ခေါင်းဆောင်မျက်နှာ ပျက်သွား၏။

"ဒါဆိုလည်းရှိစေတော့"

ရွာသားများကလည်း မကြားဖူးသော သေနတ်သံကြား၍ ထိတ်လန့်နေကြ၏။ ခုနက တသဲသဲနှင့် ငိုနေသောဒေါ်သာလိပင် ကြောင်ပြီးကြည့်နေသည်။

"ကဲ. . . အာဇာနည်ငှက်တောရဲ့ အသုဘဂုဏ်ပြုအခမ်းအနား ဒီတင်ပြီးဆုံးပါပြီ၊ ကျုပ်တို့လည်း ခရီးဆက်ရဦးမှာမို့ ရိက္ခာအနေနဲ့ ဒီရွာက ဝက်တစ်ကောင်နဲ့ နွားနှစ်ကောင်ဆွဲသွားမယ်၊ ဘာမှ မပူပါနဲ့၊ ခင်ဗျားတို့ရွာကို ကျုပ်တို့ကာကွယ်မှာပါ"

ဟု မားမားမတ်မတ်ဆိုရင်း သူကြီး၏နွားထီးလေး ဘယ်





ကောင်နှင့် အောင်ကျော် နွားမမိပေါက်တို့ကို ဆွဲချသွား၏။ ဝက်က တော့ ငှက်တောအလှူတွင်ချက်မည့်ဝက်။

မည်သူမှ ဘာမှမပြောနိုင်ကြ။ မည်သူမှ ဘာမှမတတ်နိုင် ကြ။ ခေတ်ကိုက ဘာမှန်းမသိဘဲ ရှုတ်တရက် ပြောင်းနေနှင့်ကိုး။

ရွာသားများလည်း အမျိုးစုံစောင့်ရန် ငှက်တောအလောင်းပဲ ပြန်ကလော်ထုတ်ကာ ယူသွားရမလား၊ ဒီအတိုင်းထားရမလားမသိ ဖြစ်နေကြ၏။ နောက်မှ. . .

"သေပြီးမှတော့ ဘာမှမထူးတော့ပါဘူးလေ"

ဆိုပြီး ဒီအတိုင်းသာ ချန်လှပ်ထားလိုက်ရလေသည်။

သူတို့ပြန်သွားပြီး သိပ်မကြာပါ။ ရွာဝတွင် ငှက်ချောင်းနေသော တောခွေး ပြန်ပြေးဝင်လာပြန်သည်။

"ဦးလေးကြာဥ. . . ဦးလေးကြာဥ"

"ဟေ. . . ဘာဖြစ်ရပြန်တာတုန်း"

ငှက်တောလေး ဟောဟဲလိုက်နေပြန်သည်။ ခါးကိုကုန်း၍ အမောဖြေပြီးမှ. . .

"နောက်တစ်ဖွဲ့ လာပြန်ပြီဗျို့၊ ရွာထိပ်မှာတွေ့ခဲ့လို့"

"ဟေ"

သူကြီးကြာဥလည်း ခါးပဲပြေးဆွဲရမလား၊ မောင်းပဲထုရမှန်း မသိခင်မှာပင် ခုနတောခွေးပြောသောအဖွဲ့ ရွာထဲရောက်လာပေပြီ။

အားလုံးလက်နက်ကိုယ်စီနှင့် ဆယ်ယောက်ဆယ့်ငါး ယောက်ခန့်ရှိပေလိမ့်မည်။

ယခုအဖွဲ့က ပို၍ပင် ဆောင့်ကြွားကြွားနိုင်ပေသေး၏။

"ဘယ့်နှယ်လဲသူကြီး မနေ့ကတိုက်ပွဲဖြစ်ထားတာတောင် ဒီနေ့ အလှူပေးမပျက်ပါလား၊ ဟဲ ဟဲ"

ခေါင်းဆောင်ဖြစ်ဟန်တူသူက ခနဲ့တဲ့တဲ့ပြောသည်။ ဖိုးထင်



www.burmeseclassic.com

www.burmeseclassic.com





တို့ကား လက်ယားနေပေပြီ။

"ဒါနဲ့နေပါဦး ခုနသေနတ်သံများ ကြားမိသလားလို့၊ ကျုပ်တို့က ဒီရွာကို ကာကွယ်ဖို့ရောက်လာတာ၊ တစ်ခုခုများ ဖြစ်သွားသေးလား"

ခေါင်းဆောင်စကားကြားတော့ သူကြီး ပြောသင့်မပြောသင့် စဉ်းစား၏။ ဂနာက်မှ. . .

"အေးကွဲ. . . ခုနကလည်း မောင်ရင်တို့လိုပဲ ဒိုင်းညှောင့်ဒိုင်းညှောင့်ကိုင်ထားတဲ့အဖွဲ့တစ်ဖွဲ့ ရောက်လာတယ်"

သူကြီးစကားကြောင့် ခေါင်းဆောင်လုပ်သူ မျက်နှာပျက်သွား၏။

"ဘာဗျ. . . ဒိုင်းညှောင့်ကိုင်တဲ့ အဖွဲ့တစ်ဖွဲ့ ရောက်ခဲ့သေးတယ်ဟုတ်လား၊ ဒါဆို ကြွက်ကတိုးတို့အဖွဲ့ပဲ ဖြစ်ရမယ်"

သူ့စကားကို တပည့်တစ်ဦးက ရှေ့ထွက်လာပြီး. . .

"ကြွက်ကတိုးဆို ဆရာရဲ့အဖေတူအမေကွဲညီပဲလေ၊ ဆရာကြောင်ကတိုးရဲ့"

"တိတ်စမ်း. . . ဘာညီလဲ၊ တော်လှန်ရေးမှာ ညီအစ်ကိုမရှိဘူးကွ၊ တောက် ဒီကောင်တွေက အရင်လက်ဦးနှင့်ပြီကိုး"

ခေါင်းဆောင်ဖြစ်သူ အတော်ကြိတ်မနိုင်ခဲမရ ဖြစ်သွားပုံရ၏။ ပြီးနောက် သူကြီးဘက်လှည့်ရင်း. . .

"ဒီကောင်တွေ ဒီရွာမှာ ဘာလုပ်သွားသေးလဲ"

သူကြီးက ခေါင်းကုတ်ရင်း

"ဘာလုပ်သွားလဲဆိုတော့ . . . အဲ မနေ့က ဒီမှာပစ်ကြရင်းရွာပြင်မှာ ဘာမဆိုင်ညာမဆိုင် သေနတ်မှန်တဲ့ရွာသားတစ်ယောက်ကို အာဇာနည်ဆိုပြီး ဂုဏ်ပြုသွားတာပဲ"

"ဘာ. . . အာဇာနည်ဟုတ်လား"



"ဟုတ်. . . ဟုတ်ပါတယ်"

"တောက်"

ခေါင်းဆောင်ဖြစ်သူ အတော်ပေါက်ကွဲသွားပုံရ၏။

"ဒီကောင်တွေက အာဇာနည်ဆို ကျုပ်တို့အတွက်က သူပုန်ဗျ၊ သူပုန်"

"ဟင်. . . သူပုန်"

သူ့စကားကို တစ်ရွာလုံးကြောင်ကုန်ကြပြန်၏။

"သူ့နာမည်ဘယ်လိုခေါ်လဲ"

"ဘယ်သူလဲ"

"သေသွားတဲ့သူလေ"

"ငှက်တော"

"ဟုတ်ပါပြီ. . . ကျုပ်တို့ရှာနေတဲ့. . သစ္စာဖောက်၊ သူလျှို၊ သူပုန်ငှက်တောပေပဲကိုး"

"ဟင်"

"ဘယ်လို"

"ငှက်တောဟာ သူပုန်"

သူ့စကားကို ရွာသားများ နားမလည်နိုင်အောင် ဖြစ်သွား၏။ ရွာမှာ တစ်သက်လုံး ကောက်စိုက်ပျိုးနှုတ်နေသော ငှက်တော ဘယ်အချိန် သူပုန်ဖြစ်သွားမှန်းကို ဘယ်သူမှမသိလိုက်။ သူ့မွေးသမိခင်ဝေးစွ သူပင်သိလိုက်မည်မဟုတ်။

"ရဲဘော်တို့. . . တို့အလိုရှိနေတဲ့ အလိုတော်ရိ၊ သစ္စာဖောက်၊ သူလျှို၊ သူပုန်ငှက်တောဟာ တိုက်ပွဲမှာကျခဲ့ပြီ၊ ဒါပေမဲ့ ငါတို့ရဲ့မူအရ သစ္စာဖောက်သူလျှို သူပုန်ကို ဘယ်လိုနှိမ်နင်းရမှာလဲ"

"မြေလှန်ပြီး မီးရှို့ရပါမယ်"

အားလုံးက အားတက်သရော သံပြိုင်ဖြေကြသည်။ ဒါ

www.burmeseclassic.com



ခေါင်းဆောင်လုပ်သူက

"မှန်တယ်၊ အားလုံးဆက် . . . လုပ်"

သူ့အမိန့်ဆုံးသည်နှင့် တပည့်ကျော်များ ရွာထိပ်သွားရန်ပြင်သည်။

"ခင်ဗျားတို့လည်းမှတ်ထား ဒီရွာမှာမွေး ဒီရွာမှာကြီးခဲ့တာ အခု ဒီရွာသားကို လက်ခံထားရင် တစ်ရွာလုံး မီးတင်ရှို့မဟဲ့"

သိပ်မကြာပါ။ ထိုသူများသည် သူတို့၏စကားအတိုင်း သေပြီးသားငှက်တောအလောင်းကို မြေလှန်၍ မီးရှို့လိုက်ကြသည်။ ပြီးနောက် ရိက္ခာအဖြစ် ဘိုကျော်၏ နွားနီလေးတစ်ကောင်နှင့် အေးပု၏ မဒန်းမလေးတစ်ကောင်ကိုဆွဲရင်း ရွာမှထွက်သွားလေတော့သည်။

ရွာဝမှာတော့ ဒီရွာမှာမွေး၊ ဒီရွာမှာနေ၊ ဒီရွာမှာပင် သူတစ်ပါးလက်သရမ်းမှုကြောင့် သေခဲ့ရသောအာဇာနည်ငှက်တောလား၊ သူပုန်ငှက်တောလား သူကိုယ်တိုင်ပင်မသိသော ငှက်တော၏မှတ်တိုင်ကလေးစိုက်ထူထားသည်ကို အများတွေ့မြင်ကြပေလိမ့်မည်။ ယခုတော့ မှတ်တိုင်နား မီးခိုးတွေအူလို့။

သေမှ အမည်အပြောင်းခံရသည့်အထဲတွင် ငှက်တောနှင့် ပီကင်းဘဲကင်သာ ရှိပေလိမ့်မည်ထင်သည်။

ဒီမှာပဲဥ၊ ဒီမှာပဲအကောင်ပေါက်၊ ဒီမှာပဲကြီးပြီး၊ သေမှ ပီကင်းဘဲကင်ဖြစ်ရသည်မျိုးလေ။ ငှက်တောလည်း ပီကင်းဘဲကင်လို။

××××







လရောင်ကလေး လင်းနေသည်။

မိချော၊ လယ်ကန်သင်းရိုးများကို ခုန်ပျံရင်း ဖိုးလေးတန်တော်တို့ကောက်ရိုးပုံသို့ ဦးတည်နေသည်။ သည်အချိန်ဆို ဖိုးထင်ရောက်နေလောက်ပြီပဲ။

မှန်ပေ၏။ ဖိုးထင် ကောက်ရိုးပုံကြီးကို ဖဲမွေ့ယာသဖွယ် အမှီသဟဲပြုရင်း ဇိမ်မျက်လုံးနှင့် ကြည့်နေသည်။

"ကြာလိုက်တာ ချောချောရယ်၊ ငါဖြင့် လာမှလာပါ့မလားလို့"

ဖိုးထင်က ချောချောလက်မောင်းကို လှမ်းကိုင်ရင်းပြောသည်။ ဒါကို မိချောက ဆတ်ခနဲရုန်းရင်း . . .

"နေစမ်းပါဟယ် . . . အိမ်မှာ အဘနဲ့အမိက ငှက်တောအကြောင်းပြောရင်း စိုးရိမ်နေကြလို့ ထွက်မရတာ၊ အခုတောင် အရီး



www.burmeseclassic.com

www.burmeseclassic.com



စိန်မေဇာ်မိ ခါးမခကျသွားယူမယ်ဆိုပြီး ထွက်လာတာ"

ဖိုးထင် သက်ပြင်းချသည်။

" ဟုတ်တယ်ဟ၊ ငှက်တောအဖြစ်က မယုံနိုင်စရာပဲ၊ ကာလကြီးက ဘယ်လိုဖြစ်နေတယ်မသိပါဘူးဟာ"

"အဘပြောတာတော့ ခေတ်ပျက်ပြီတဲ့၊ ဒီမှာနေလို့မလုံခြုံရင် ရွာကြီးတက်ပြီး သူတို့အမျိုးတွေနဲ့ သွားနေကြဖို့တောင် ပြင်ဆင်နေပြီ"

"မိချော"

ဖိုးထင် တုန်တုန်လှုပ်လှုပ်ဖြစ်သွားသည်။

"ငါ. . . ငါ နင့်ကိုမခွဲနိုင်ဘူး"

မိချောက ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေ၏။

"ကြာတယ်ဟာ ခေတ်ကာလက ဘာဖြစ်မယ်ပြောရတာမဟုတ်ဘူး၊ မနက်ဖြန်ကျရင် အဘတို့ကိုနားဖောက်ပြီး နင့်ကိုငါလာတောင်းမယ်"

"ဟယ်. . . နင့်ဟာက ပြုန်းစားကြီး"

"အေး. . . ခေတ်ကြီးကိုက ကိုယ့်ရွာမှာကိုယ်နေရင်း အာဇာနည်လား၊ သူပုန်လား မသိတဲ့ခေတ်၊ တော်ကြာ သူတို့တွေက အနိုင်ကကျင့်နေမှဖြင့်"

မိချောတွေဝေသွားသည်။အသေအချာ

ဖိုးထင် ဝမ်းသာအားရ မိချောပခုံးကို လှမ်းဆွဲလိုက်သည်၊ "ဟဲ့...ငြိမ်ငြိမ်နေစမ်းပါ" "ဟင်...ဘာဖြစ်လို့လဲဟင်"



စဉ်းစားနေပုံရ၏။ အတန်ကြာမှ. . .

"နင့်သဘော. . . ငါလည်း အဘတို့အမိတို့ကို ပြောထားနှင့်မယ်"

"ဝမ်းသာလိုက်တာ မိချောရယ်၊ ဒါဆို နင်နဲ့ငါ မနက်ဖြန်ဆို လင်မယားဖြစ်ပြီပေါ့"

ဖိုးထင် ဝမ်းသာအားရ မိချောပခုံးကို လှမ်းဆွဲလိုက်သည်။

"ဟဲ့. . . အို ငြိမ်ငြိမ်နေစမ်းပါ"

"ဟင်. . . ဘာဖြစ်လို့လဲဟင်"

မိချောကတော့ ဘေးဘီဝေ့ကြည့်ရင်း. . .

"မိညှက်မောင် တောခွေးက နင်နဲ့ငါဒီမှာချိန်းတာ လာချောင်းနေလို့"

"ဟင်. . . ဘယ်မှာ. . . ဘယ်မှာ"

ဖိုးထင် လိုက်ကြည့်သည်။

"ဟာ. . . နင်ကလည်း ရှိလည်းမရှိဘဲနဲ့"

"ငါသွားတော့မယ်"

ဖိုးထင်အားမလိုအားမရ ဖြစ်သွားသည်။

"မိချောကလည်းဟာ တွေ့ရတာကမှ မကြာသေး"

"ဟဲ့. . . အဘတို့စိတ်ပူနေမှာဟဲ့၊ ဟင် ဟိုမှာ ဟိုမှာ တောခွေး"

"ဟီဟိ"

မိချောညွှန်ပြရာကြည့်လိုက်တော့ စပါးကျိန်ဘေး ဝပ်နေသောတောခွေးကိုတွေ့ရသည်။ မိချော မြေကျစ်ခဲကိုကောက်ယူရင်း

"ဟင်. . . သေနာကျလေး သေပေတော့"

ဟုဆိုရင်း တောခွေးနောက် ပြေးလိုက်သွားသည်။

"ဟော့. . . ဟော့ မိချော နေဦးလေဟာ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် တားချိန်ပင်မရလိုက်တော့။ မိချောမှာ တောခွေးနောက်လိုက်ရင်း အမှောင်ထုထဲ ပျောက်ကွယ်လေပြီ။

လရောင်ကလင်းနေဆဲ။ ဖိုးထင်တစ်ယောက်သာ လမင်းကြီးကိုပြုံးကြည့်ရင်း ကျန်ခဲ့သည်။

လမင်းကြီးပေါ်မှာ မိချောမျက်နှာကလည်းပြုံးလို့။

×××××





အာရုဏ်ကျင်းမေပြီ။

ဖိုးထင်၏အဖ ဦးဖိုးထယ်မှာ ထုံးစံအတိုင်း ငါးရှဉ့်မြုံးဖာနေသည်။ အသက်အရွယ်ရလာသည်နှင့်အမျှ လယ်ရေးနွားရေးကို သားဖြစ်သူဖိုးထင်လက် ဝကွက်အပ်၍ ငါးရှာဖားရှာနှင့်သာ တင်းတိမ်နိုင်ပေပြီ။

စပါးသိမ်းချိန်ကျလျှင် သိမ်းသည်။ စပါးရောင်းချိန်ကျလျှင် ရောင်းပြီး ရှိသည့်ငွေကိုခြစ်ခြုတ်စုကာ စိတ်အေးချမ်းစွာ နေထိုင်ခြင်းအပေါ် အသားကျနေလေပြီ။

ဖိုးထင် မိခင်ဖြစ်သူဒေါ်ကလယ်ကတော့ ဖခင်ဦးဖိုးထယ်ထက် အသက်ပိုကြီး၍ ယခုအခါမတော့ အိမ်သူအလုပ်ကိုပင် ကတုန်ကယင်နှင့် မှန်မှန်မလုပ်နိုင်တော့။

ရံဖန်ရံခါမှတော့ ဦးဖိုးထယ်မိလာသော ငါးရှဉ့်၊ ငါး၊ ဖား

www.burmeseclassic.com

www.burmeseclassic.com



တို့ကို ခွဲခြမ်းစိတ်ဖြာပြီး ဝါသနာအရ ရွာထဲလည်ရောင်းတတ်သေး၏။

ဖိုးထင်မှာ အိမ်လှေကားတွင် ဆောင့်ကြောင့်ထိုင်ပြီး အဘနှင့် အမိအခြေအနေကောင်းမကောင်း လက်ဖြစ်ပြောင်းဖူးဖက်ဆေးလိပ်ကြီးခဲပြီး စောင့်ကြည့်နေ၏။ အတန်ကြာမှ. . .

"အဘ"

ဦးဖိုးထယ်၏ ပြန်ထူးသံမကြားရ။ သူ၏ခေါ်သံကို ကြားမှန်းတော့သိသည်။ မိခင်ဖြစ်သူ ဒေါ်ကလယ်ကလည်းမလှုပ်။ အိမ်ကွပ်ပျစ်တွင် သူ့လိုပင် ပြောင်းဖူးဖက်ကြီးခဲပြီး အပြင်သို့ ငေးနေရှာ၏။

"ကျုပ်. . . ကျုပ် မိန်းမယူတော့မလို့ဗျ"

ဦးဖိုးထယ် မြုံးပေါက်များကို အသေအချာမြှောက်ကြည့်ရင်း

"ဘယ်သူနဲ့လဲ"

မိခင်က စိတ်ဝင်စားဟန်နှင့် နားစွင့်၏။

"မိ. . . မချောနဲ့ပါအဘ"

ဖခင်ရော မိခင်ထံမှပင် ကျေနပ်ဟန်ဖြင့် သက်ပြင်းချသံကြားရ၏။

"အဲဒါ အဘတို့နားဖောက်ပေးဖို့"

ဦးဖိုးထယ် သူ့မြုံးများကို တံပိုးထဲလျှိုလိုက်သည်။ ပြီးနောက် ဘာမှထပ်မပြောဘဲ ရွှယ်လယ်လမ်းဖက် လျှောက်သွားလေတော့သည်။

××××





ရွာလယ်လမ်း၏ဘေးချောင်းသေးသေးကလေး၌ ဦးဖိုးထယ် သူ့မြုံးများကို အသေအချာလိုက်ချသွားသည်။ နေ့စဉ်လုပ်နေကျအလုပ်မို့ ဘယ်နေရာငါးရှဉ့်ရှိနိုင်သည်ကို သူအသေအချာသိသည်။

ငါးရှဉ့်ရှိနိုင်သည့်နေရာများတွင် မြုံးကို အသေအချာ စနစ်တကျရှိအောင် စိမ်ပြေနပြေချသွားလေသည်။

ဤသို့ဖြင့် တဖြည်းဖြည်းသွားရင်းကမှ နေမွန်းမတည့်ခင် ရွာအနောက်ဖျားရှိ မိချောတို့အိမ်ဘက်သို့ ရောက်ရှိလေသည်။

မိချောတို့အိမ်ရှေ့ ရေမြောင်းကလေးမှာ မြုံးမြှုပ်နေရင်းကမှ. . .

"ဟော့. . . သာခေါင်ကြီး"

"ဟော"

သူ့ခေါ်သံကို အိမ်ထဲတွင် နံနက်စာလွေးနေသော မိချော၏

www.burmeseclassic.com

www.burmeseclassic.com

ဖခင်ဦးသာခေါင်မှ ပြန်ထူးသည်။

"နင့်သမီးကို ငါ့သားကကြိုက်လို့တဲ့"

အိမ်ထဲမှ ခေတ္တအသံတိတ်သွား၏။ နောက်မှ. . .

"ဒါဆိုလည်း ငါးကျပ်တစ်မတ်ကွဲ့"

ဦးဖိုးထယ် ဘာမှပြန်မပြောဘဲ ငါးရှဉ့်မြီးများကို ပြန်ဖော်ရင်း ပြန်လာခဲ့သည်။ သူအိမ်ပြန်ရောက်ချိန်ဝယ် နေမွန်းလွဲပေပြီ။

ဇနီးသည် ဒေါ်ကလယ်မှ ဆင်းလာပြီး ဦးဖိုးထယ်မိလာသော ငါးရှဉ့်များကို အားနောက်ဖြင့် ခေါင်းထုရင်း ဘဝတစ်ပါးပြောင်းပေးရှာသည်။

ဦးဖိုးထယ်ကတော့ အိမ်ပေါ်တက်ပြီး မီးဖိုချောင်မှ သူ့အတွက်ချန်ထားသော ထမင်းအိုးကိုယူ၊ ဟင်းအိုးကို ထမင်းအိုးထဲမှောက်ထည့်ပြီး ကြုံးလွေးတော့၏။

အိမ်နောက်မှာ နွားစာစဉ်းနေသောဖိုးထင်က သူ့အလုပ်သူလုပ်ရင်း ဖခင်ဖြစ်သူ၏အရိပ်အခြေကို ကြည့်နေသည်။ ဦးဖိုးထယ် အားရပါးရ နှစ်လုံးသုံးလုပ်လွေးပြီးမှ. . .

"ငါးကျပ်တစ်မတ်တဲ့ကွဲ့၊ သာခေါင်တို့များဈေးတင်တာ"

ဖခင်ဖြစ်သူစကားကြားတော့ ဖိုးထင်ပျော်လည်းပျော် ထိတ်လည်းထိတ်သွား၏။ ငါးကျပ်တစ်မတ်ဆိုသည် မိချောကို တင်တောင်းရမည့် ကန်တော့ပွဲကြေးပင်။

မိချောမိဘများခွင့်ပြု၍ ပျော်သွားသော်လည်း သူ့တွင် ထိုမျှလောက်ငွေမရှိ၍ ထိတ်သွားရလေတော့၏။

"သင်းက သမီးချောလေး မွေးထားလို့ ဈေးကိုင်နေတာ၊ ငါတို့တုန်းက မကလယ်ရေ အဟေးဟေးဆို ပြီးပြီ"

ဖခင်၏ အာလုပ်စကားကြားရ၏။ ဖိုးထင်မှာ နေမထိထိုင်မသာ။



"ဟာ. . . တူမလားဗျအဘရာ၊ အဘတို့ခေတ်က ထဘီရင်ရှားခေတ်၊ အဟေးဟေးဆိုဖြစ်ပေါ့၊ အခုခေတ်က ရှင်မီးခေတ်ဗျ၊ ခက်ပါတယ်".

ဖိုးထင် သူ့မျက်လုံးနှစ်လုံးကို လက်ဖနောင့်နှင့် ပွတ်ရင်းပြောသည်။ နောက် သူ့တွင်ရှိသောငွေများ စိတ်တွက်နှင့် ရေတွက်ကြည့်သည်။ အားလုံးပေါင်းရှိတာမှ တစ်ကျပ်နှင့်ပြားသုံးဆယ်။ ငါးကျပ်တစ်မတ်ပြည့်ဖို့က အဝေးကြီး။

ဘယ်ကဘယ်လို ငွေရှာရမလဲ ခေါင်းကုတ်၍ အကြံထုတ်နေမိသည်။ မတတ်သာသည့်အဆုံးမှာတော့

"အဘ"

"ဟွန်း"

ဦးဖိုးထယ် ထမင်းကို ပလုပ်ပလောင်းစားရင်း ပြန်ထူးသည်။

"ဟိုလေ. . . အဟဲ မိချောကိုတင်တောင်းဖို့ ကျပ်မှာ ငွေမပြည့်လို့ အဲဒါ နည်းနည်းလောက်ချေးပေးပါလား"

"မင်း. . . ငါစိုက်တော့ မင်းမိန်းမ ငါရမှာလား"

"အဲ"

ဖိုးထင် ဘာပြန်ပြောလို့ပြောရမှန်းမသိ ဖြစ်သွား၏။ ပြီးမှ စိတ်ရှုပ်သလို ခေါင်းကုတ်ပြီး. . .

"ဟာဗျာ. . . အဘကလဲ"

"ဟုတ်တယ်လေ. . . ပိုက်ဆံငါစိုက်ရမှတော့ မိချောကို မင်းတောင်းတာမှမဟုတ်ဘဲ၊ ငါတောင်းတာဖြစ်ပြီလေ၊ ငါတောင်းရင် တော့ ငါယူမှာပဲ"

"ဟာဗျာ. . . အဘကလည်းဗျာ"

ဖိုးထင်မျက်နှာ ရှုံ့မဲ့ရင်း ခေါင်းကုတ်၏။ နောက် ကလေးငယ်များလို ခြေဆောင့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



“အဘကလည်းဗျာ. . . သားအဖအချင်းချင်း”

“အေး. . . သားအဖအချင်းချင်းမို့လို့ ပြောနေရတာ၊ ငါ့မိန်းမနဲ့ နင်စိုးထဲက ငါမကျေမနပ်ဖြစ်နေတာ”

“ဟင်. . . ဟင်. . . ဘယ်လို”

ဖခင်ဖြစ်သူစကားကြောင့် ဖိုးထင် ခေတ္တကြောင်သွားသေး၏။ နောက်မှ သတိရပြီး. . .

“ဟာဗျာ. . . ကိုယ့်အမေနဲ့ကိုယ်စိုးတာ ဘာဖြစ်လဲ”

“အေး. . . သားအမိသောဘာသော ငါမသိဘူး၊ နင်နိုးစိုးခဲ့တာ ငါ့မိန်းမပဲ”

“အေးလေဗျာ. . . ပြောပြီးပြီလေ၊ သားအမိအချင်းချင်းပါဆို”

“ကဲ. . . အဲဒါဆို မင်းနဲ့ငါလည်း သားအဖပဲ၊ မင်းမိန်းမနဲ့ ငါစိုးရင် မင်းကြိုက်မလား”

“ဟင်. . . အဲ. . . အဲဒါက”

ဖိုးထင် ဘာဆက်ပြောရမှန်းမသိတော့။ ဟိုးငယ်စဉ်ကတည်းက လက်စား အခုချိန်ထိ ချေချင်နေတုန်းပါကလား။

“ဘာလဲ. . . မွေးကတည်းက ကိုယ့်အဖေကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ လုပ်ခဲ့တဲ့ကောင်၊ ဘာတစ်ပြားမှ မပေးနိုင်ဘူး”

“ဗျာ”

သူ့အဖေ၏ ပြတ်သားသော စကားကြားတော့ ဖိုးထင်ပျော့ကျသွား၏။

သူ့အဖေဦးဖိုးထယ်က ဘူးဆိုဖရုံမသီးတဲ့အစား။ နောက်ပြီး မွေးကင်းစ ကိုယ်လူမှန်းမသိခင်ကတည်းက အကြွေးမည်သို့ဆပ်နိုင်မည်နည်း။ ထို့ကြောင့် နောက်တစ်နည်းအနေနှင့် အမေ့ဆီက ရလိုရငြား ပြေးသွားလိုက်မိ၏။



“အမေ့”

သူ့အမေကတော့ ရရှိထားသော ငါးရှဉ့်များခေါင်းကိုထု၍ နိတ္တိတ်နေရင်းမို့ လှည့်မကြည့်နိုင်။

“ကျုပ်ကို ပိုက်ဆံကလေးများရှိရင် ချေးပေးပါလားဟင်”

မိခင်ဖြစ်သူက ဘာမှပြန်လှည့်မပြော။ ဖိုးထင်ကသာ ခေါင်းကုတ်ရင်း. . .

“ကျုပ်. . . မိချောကို တင်တောင်းဖို့ဗျ၊ ငါးကျပ်တစ်မတ်ဆိုတော့ ငွေမပြည့်လို့”

“သေနာကျလေး. . . လူကလက်တောက် မိန်းမယူချင်တာကအရင်၊ သွား. . . တစ်ပြားမှမရှိဘူး၊ သွား. . . လာမရှုပ်နဲ့”

“ဟာဗျာ. . . အမေကလည်း”

“ဟိုလေဗျာ. . . အမေတို့သေရင် အမေတို့လယ်တွေမြေတွေ ကျုပ်အမွေရမှာပဲ၊ အဲ. . . အဲဒီလယ်တွေမြေတွေ အခုကတည်းက အမေ့ကို ကြိုရောင်းထား၊ ဟ ဟ ဘာကြီးလဲ၊ ဟင်. . . ပလုတ်တုတ်”

ဓားပျံတစ်စင်း နားထင်နားက ဝှီးခနဲဖြတ်သွား၏။ ဒေါ်ကလယ်၏ ငါးရှဉ့်ခုတ်သည့်ဓားပျံပင်။ ဖိုးထင်နောက်က မန်ကျည်းပင်တွင် ဒေါက်ခနဲ သွားစိုက်နေ၏။

“ဟင်. . . သေနာကျလေး၊ ငါတို့တောင်မသေသေးဘူး. . . အမွေခွဲဖို့ကကြံနေပြီဟုတ်လား၊ ငါကလေ့ာ်တုတ်လိုက်ရမကောင်းရှိရောမယ်”

“ဟာ. . . အမေကလည်း ကျုပ်က အဘရော၊ အမေ့ကိုပါ မသေခင်ထိလည်း လုပ်ကျွေးရမဲ့ဟာကို သေရင်တော့”

“တော်. . . တိတ် ငါဆက်ထုရမှာ ငါးရှဉ့်ခေါင်းမဟုတ်ဘဲ နင့်ခေါင်းဖြစ်သွားမယ်၊ ဘာမှတ်လဲ”

“အမေရာ”

www.burmeseclassic.com



ဖိုးထင်ခေါင်းကို တဗျင်းဗျင်းကုတ်သည်။ ပြီးနောက် သူ့မိခင်ဒေါ်ကလယ်နောက်နား ဆောင့်ကြောင့်ကြီး လင်းတထိုင်ထိုင်၍ မှိုင်နေတော့၏။ သူ့ခမျာလည်း မိန်းမတစ်ယောက်ရဖို့အရေး ဘယ်လိုကြံစည်ရမည်မသိ ဖြစ်နေသည်။ အတန်ကြာမှ အားတက်သရောဖြင့်

"ဒီလိုလုပ်အမေရာ ရွာရေကြီးတဲ့နှစ်တုန်းက အရီးလေးကျုပ်ကိုပေးထားတဲ့ လယ်နှစ်ကွက်ရှိတယ်"

"သွား. . . သွား. . . သွား ဘုရားစင်ပေါ်မှာ နှစ်ကျပ်နဲ့ငါးမူးရှိတယ်၊ အဲဒါပဲရမယ်၊ အဲဒါပဲယူသွား၊ သေချင်းဆိုးလေး မရမချင်းကပ်သပ်နေမှာ"

ဖိုးထင် ဝမ်းသာသွားသည်။

"အေး. . . အဲဒါယူပြီးလည်း အိမ်ပေါ်ကဆင်း၊ ဘယ်တော့မှ ပြန်မလာနဲ့"

"စိတ်ချပါအမေရ. . . မနက်ဖြန်ကစပြီး ကျုပ်က မိချောတို့အိမ်မှာ သွားနေမှာပါ။ ဟီ ဟိ. . . "

ဆို၍ မိခင်ညွှန်ရာ ဘုရားစင်သွားပြီး လှန်လှောရှာဖွေလိုက်သည်။ နှစ်ကျပ်နှင့်ငါးမူးအတိပင်။ ထပ်တွေ့လိုတွေ့ငြား ဘုရားစင်ကြိုကြား ရှာဖွေကြည့်သေးသည်။ ဘာမှထပ်မတွေ့တော့။

အမှန်တော့ သူ၏အဘနှင့်အမေထံ စုဆောင်းထားငွေလေးငါးထောင်ခင်းတော့ ရှိပေလိမ့်မည်။ ဖိုးထင်သည် လယ်ပိုင်ရှင်ကြီးဦးဖိုးထယ်၏သားပင် မဟုတ်တုံလော။

သို့သော် ထိုငွေများကို သူတစ်သက်နှင့်တစ်ကိုယ် တစ်ခါမှ မမြင်ဘူးပေ။

ငွေများကိုယူပြီး ဖိုးထင် သူ့ရှိရာနှင့် ပေါင်းကြည့်သည်။

"ဒီကနှစ်ကျပ်ငါးမူး၊ ငါ့ရှိတာက ဇွန္တွဲကျပ်ပြားသုံးဆယ်ဆိုတော့ သုံးကျပ်နှင့်ပြားရှစ်ဆယ်"





"ဟယ်. . . ငါးကျပ်တစ်မတ်ပြည့်ဖို့ အဝေးကြီးပါလား၊ ငါးကျပ်တစ်မတ်ပြည့်ဖို့ဆို တစ်ကျပ်နှင့် လေးဆယ့်ငါးပြားကြီးတောင် လိုနေပါသေးလား၊ ဘယ့်နှယ်လုပ်ရပါ့"

ဖိုးထင် ပျော်နေရာမှ ငွေအကြောင်း ပြန်စဉ်းစားပြီး စိတ်ရှုပ်သွားရပြန်၏။ ဒီလောက်များတဲ့ငွေကြေး မိဘဆီကတောင် ဒီလောက်ခက်လျှင် တခြားသူဆီကဆို ဝေးရောပါပဲ။

ကိုငှက်တောကြီး ရှိတုန်းကဆိုလည်း ကောင်းပါရဲ့။ သူ့မြို့တက်ဇာတ်ကဖို့ စုထားသည့်ငွေလေးရှိရဲ့။ ခဏတဖြုတ်လှည့်ပတ်လို့ရနိုင်ပါ။ ယခုတော့ အာဇာနည်ငှက်တောလည်း သေလေပြီ။ သူ့ပုန်ကြီးငှက်တောကား လျှောလေပြီ။

"ဟယ်. . . တတ်နိုင်ပါဘူး၊ မိချောကိုပဲ ဖွင့်ပြောပြီး ကြံစည်ရတာပဲ"

ဟု တွေးမိပြီး မိချောတို့အိမ်ဘက် သုတ်ခြေတင်လိုက်သည်။

××××



www.burmeseclassic.com

www.burmeseclassic.com





မိချောတို့အိမ်ရှေ့၌ ဦးသာခေါင်ကြီး ဖျာကြမ်းယက်နေတာ တွေ့တော့ ဖိုးထင် မဝင်ရဲဖြစ်သွားသည်။

ဦးသာခေါင်နှင့် သူ့မှာ မျက်နှာကြောမတည့်၍မဟုတ်။ ယောက္ခမလောင်းကြီးမို့ ရှိန်နေခြင်းသာဖြစ်သည်။ ထို့ကြောင့် အိမ်ရှေ့မှမဝင်ဘဲ နောက်ဖေးဘက်သွားကာ ခြံစည်းရိုးဖြတ်ဝင်လိုက်သည်။

မိချောကား အိမ်နောက်ဖေးဈေးဆိုင်တည်နေပြီ။

လယ်ထဲမဆင်းရ၍ ပျင်းပျင်းရှိသည်နှင့် ခြံနောက်စိုက်ထားသော ခရမ်းပင်၊ သခွားခင်းများကို မြေဆွနေပုံရ၏။

"မိချော"

"ဟဲ့. . . ပလုတ်တုတ်"

အနီးကပ်ခေါ်လိုက်သောအသံကြောင့် မိချောလန့်သွား ၏။ နောက်မှ. . .





"ဟယ်. . . ဖိုးထင်. . . နင်. . . နင်ဘာလာလုပ်"

မိချောက ဘေးဘီကြည့်ရင်း ကပျာကယာဆို၏။ ဒါကို ဖိုးထင်က. . .

"နင့်လာတွေ့တာဟ"

"လာ. . . လာ မြန်မြန်လာ"

မိချော ဖိုးထင်လက်ကိုဆွဲပြီး ခြံထောင့်ပြေးသွား၏။ လူအမြင်မခံချင်သည့်သဘော။ နှစ်ဦးနှစ်ဖက် သဘောတူထားလင့်ကစား မယူခင်အချိန်အထိ လူအမြင်ခံရပါက ရွာထဲပြောစမှတ်ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် လူမမြင်နိုင်သည့်နေရာရောက်မှ. . .

"ဘာကိစ္စ လာတွေ့ရတာလဲ"

ဖိုးထင် ပြောသင့်မပြောသင့် ခေါင်းကုတ်လိုက်သည်။

"ဟိုလေ. . . မနက်က ငါ့အဖေက နင့်အဖေကို လာမြန်းတော့ ငါးကျပ်တစ်မတ်တဲ့ဟ"

"အဲဒါဘာဖြစ်တုန်း"

"အဲဒါ ငါ့ဆီမှာက တစ်ကျပ်ပြားသုံးဆယ်၊ အမေ့ဆီက နှစ်ကျပ်ငါးမူးဆိုတော့ ပေါင်း ဘယ်လောက်"

"သုံးကျပ်ပြားရှစ်ဆယ်"

မိချောက ဝင်ထောက်သည်။

"အေး. . . အဲဒါ နင့်တောင်းဖို့ ငါးကျပ်တစ်မတ်မပြည့်လို့ဟ၊ အဘဆီတောင်းတော့လည်း သူစိုက်ရ နင့် သူယူမယ်လုပ်နေလို့"

"ဟဲ့. . . နင်အရင်စုထားတဲ့ပိုင်ဆံတွေရော၊ နင် ဟိုတစ်ခါ ပြောတုန်းက တစ်ဆယ်ကျော်ရှိဆို"

မိချောစကားကြောင့် ဖိုးထင် ရယ်ကျဲကျဲဖြစ်သွား၏။

"အဟီး. . . အဲဒါ ပြီးခဲ့တဲ့ဝါအဝင်မှာ လှကျော်နွားသံသီးနဲ့ ဟိုဘက်ရွာက ဖိုးလူနွားကျောက်လုံးခတ်တာ ငါလှံ့ကျော်ဘက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



ဟဲလိုက်လို့ဟ၊ အဲဒါရှုံးပြီး အလယ် လယ်. . . နာတယ်ဟ"

သူ့စကားပင်မဆုံးလိုက် မိချောက ဗိုက်ခေါက်ဆွဲလိမ်လိုက်သည်။ ပြီးနောက် မိချောမှပင် အားနေသောလက်တစ်ဘက်ဖြင့် ဖိုးထင်၏ နဖူးပြောင်ကြီးကို လက်ခေါက်မှုတ်ရင်း. . .

"ဟင်. . . နင်အဲလို နွားလောင်း၊ ကြက်တိုက်နဲ့ဆို နင်နဲ့ငါ ညားရင် ငါ့ ဘယ်သွားထားမှာလဲ မသာရဲ့"

"ဟာ. . . မိချောရာ နင်နဲ့ငါညားရင် အဲဒါတွေမလုပ်တော့ပါဘူး၊ အခုဟာကလည်း အပိုင်ဟဆိုပြီး နှံလိုက်တာ"

"ကုန်ရောမဟုတ်လား၊ ကုန်ရောမဟုတ်လား ကအလနာကြီးရဲ့"

မိချောရဲ့ လက်ခေါက်က ဖိုးထင်နဖူးကို တဆတ်ဆတ်ဖိအုပ်ရင်း ပြောသည်။ ဖိုးထင်မှာ ထိုမျှလောက်ကို မနာနိုင်။ သူ့နဖူးပေါ် မိုးပေါက်ကွက်ကျသလို ခံစားနေလိုက်သေး၏။

"အဲဒါမိချောရယ် နင့်မှာစုထားတာလေးရှိရင် ငါ့ကို"

"မရှိဘူး"

မိချော ခပ်ပြတ်ပြတ်ဆိုရင်း စိတ်ဆိုးဟန်နှင့် တစ်ဘက်လှည့်နေလိုက်၏။ ဖိုးထင်က မချော၏လက်မောင်းလေးကိုင်ပြီး. . .

"အဲ. . . အဲလိုတော့မလုပ်ပါနဲ့ မိချောရာ၊ အဲဒီပိုက်ဆံမှ မပြည့်ရင် နင်နဲ့ငါညားရမှာမဟုတ်ဘူးဟ"

"နင်နဲ့မညားလည်း နောက်တစ်ယောက်ပေါ့. . "

"ဟာ. . . မိချောကလည်း"

ဖိုးထင် ထုံးစံအတိုင်း ခေါင်းကို တဗြင်းဗြင်းကုတ်၏။

"မိချောရာ နင်ရော ငါနဲ့မပေါင်းချင်ဘူးလား"

"ပေါင်းချင်ပါဘူး၊ ကြက်သမား၊ နွားသမားနဲ့တော့"

"ဟုတ်. . . ဟုတ်ရပါဘူးဟာ၊ အခုဟာက ကိုရင်လှကျော်





အဆွယ်ကောင်းလို့ တစ်ခါလေးပါမိတာပါ"

သူ့စကားကို မိချောက ခါးထောက်ပြီး. . .

"ဩော်. . . တစ်ခါလေးဟုတ်လား၊ အဲဒီတစ်ခါလေး ကုန်ပြီလေ၊ ကဲ ဘယ့်နှယ်ရှိစ၊ သွားပါတော့ ယောက်ဖလှကျော်နဲ့သာ သွားပေါင်း"

မိချော တစ်ဘက်လှည့်သွား၏။ ဖိုးထင်ကသာ ပေါင်ခြံကြားမျှော့တွယ်သလို မရိုးမရွဖြစ်ပြီး

"မိချောရယ် နင်နဲ့ငါပေါင်းပြီးရင် အဲဒီအကြွေးတွေကို ငါနွားတစ်ကောင်လို ရုန်းပြီးဆပ်ပါ့မယ်ဟာ အခုဟာက"

"သေနာကျကြီး လင်ယူတာတောင် ကိုယ်က ပိုက်ဆံစိုက်ယူရမယ်"

သူ့စကားမဆုံးမီ မိချောကဖြတ်ပြောရင်း ဘောက်ဆတ်ဘောက်ဆတ်နှင့် အိမ်ဖက်ထွက်သွား၏။ ဖိုးထင်ကသာ ခြံထောင့်မှာလည်လိမ်ခံထိထားတဲ့ ကြက်တစ်ကောင်လို ငြိမ်ကုပ်လို့။ သိပ်မကြာ အိမ်ပေါ်မှ မိချော ဘောက်ဆတ်ဆတ်နှင့် ပြန်ဆင်းလာ၏။

"အင့်. . . အဲဒါရှိတာအကုန်ပဲ"

ဟုဆိုကာ မိချော သူ့လက်ထဲရှိတာ ဖိုးထင်လက်ထဲ ထိုးထည့်ပေးလိုက်၏။ ကြည့်လိုက်တော့ တစ်ကျပ်နှင့် ပြားလေးဆယ်တိတိ။

ဖိုးထင် ဝမ်းသာသွား၏။

"ဟင်. . . ဒါဆို. . . ဒါဆို အားလုံးပေါင်း"

ဖိုးထင် စိတ်ထဲတွက်နေလိုက်၏။ နောက် လက်တွေရောခြေတွေပါထောင်ပြီး

"ချောဆီက တစ်ကျပ်ပြားလေးဆယ်ဆိုတော့ အဲ ဘယ်လောက်ရှိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ငါးကျပ်နဲ့ပြားနှစ်ဆယ်၊ တကတည်း ဒါလေးတောင် မတွက် တတ်ဘဲ လယ်ရှင်ကလုပ်ချင်သေး"

မိချောက စိတ်မရှည်နိုင်စွာ ဝင်ပြောသည်။ ဒါကို ဖိုးထင်က

"ဟ. . . မိချောကလည်း စပါးက တွက်ရလွယ်တယ်ဟ၊ လယ်က တစ်ဧကဆိုစပါးဘယ်လောက်၊ နှစ်ဧကဆို ဘယ်လောက် ဆိုတာ တွက်ရတာအလွယ်လေး၊ နောက်ပြီး စပါးပင်ကိုင်ကြည့်တာနဲ့ ဒါ သီးဖြုန်းလား၊ သီးညှက်လား နောကျေပြီးသား၊ အဲ ပိုက်ဆံကမှ မကိုင်ဘူးတာ၊ ဘယ့်နှယ် တွက်တတ်မှာလဲ"

နောက်မှ သတိရပြီး. . .

"ဟယ်. . . ငါးကျပ်နဲ့ပြားနှစ်ဆယ်ဆို မိန်းမရဖို့ ငါးပြားပဲ လိုတော့တာ၊ ဟင် မိချော နင့်မှာ ငါးပြားလေး အပိုမရှိတော့ဘူး လား"

"ဟယ်. . . ဒါအကုန်ပါဆိုမှ"

ပိုက်ဆံများ ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ဖိုးထင် ခေါင်းကုတ်၏။

"ပိုက်ဆံငါးပြား ဘယ်ကရှာရပ့်၊ ငွေကခက်ကခက်သနဲ့"

မိချောက ဘာမှပြန်မပြောဘဲ သူ့ဘာသာသူ ပွစိပွစိလုပ်နေသည်။ ဖိုးထင်ကို ကျိန်နေတာလည်း ဖြစ်နိုင်၏။ ဟိုကလည်း ကျိန်စာဝလေ မောင်လှလေမဟုတ်လား။

"နင့်အဖေကလည်းဟာ ငါးပြားလောက်တော့ လျှော့သင့်ပါတယ်"

"နင်မရှာနိုင်နေ၊ ငါ့ပိုက်ဆံပြန်ပေး"

မိချောက ဖိုးထင်လက်ထဲ ရောက်ပြီးသားပိုက်ဆံကို ပြန်လု၏။ ဒါကို ဖိုးထင်က လှည့်ပတ်ရှောင်ရင်း. . .

"ဟဟ. . . နေပါဦးမိချောရ၊ ငါရအောင်ရှာပါရစေဦး၊ ငါရှာမှာပါ"





"အေး. . . ရှာမရရင်လည်း နက်ဖြန်ခါ ငါ့ပိုက်ဆံပြန်ပေး၊ အဲဒီငါးပြားမှ မရရင် နင်လည်း မိန်းမယူချင်တဲ့အပိုင်း မန်ကျည်းတုံးပေါ် သာတင်လိုက်. . . တယ်လေ. . . ဒီကာလနာနဲ့ပေါင်းပြီးမှ ငါ့ပါးစပ်က အယုတ်တမာတွေ ထွက်ကုန်ပြီ"

"အေးပါ မိချောရယ်၊ တုံးတော့မတင်ပါရစေနဲ့၊ ငါရအောင် ရှာပ့်မယ်"

ဆိုပြီး မိချော ခြံထဲမှ ပြေးထွက်လာလေသည်။ ရွာလမ်းပေါ် ရောက်မှ. . .

"ပိုက်ဆံငါးပြား ဘယ်နားရှာရပ့်"

ဟုတွေးမိပြီး အကြံအိုက်သွားပြန်လေသည်။ ရွာလမ်းအတိုင်း ခေါင်းငိုက်စိုက်ချရင်း အပြေးအလွှား စဉ်းစားလာရလေသည်။

"အုန်းစိန်တို့၊ မောင်ထော်တို့ဆီကဆို ရနိုင်မလား၊ အို ဒီကောင်တွေက လက်ကြော မတင်း၊ လယ်ထဲမဆင်းနိုင်လို့ အမြဲငွေ ပတ်နေသူတွေ၊ ဒါဆိုရင် ကျီးနီတို့ အာပြဲတို့ဆီရော၊ ဟယ်. . . ဒီကောင်တွေက တလောကပဲ ထွန်းခံနွားလေးခတ်လို့ အရှုံးပေါ် ထားကြတာ၊ ဒါဆို"

သူစဉ်းစားမိသမျှ တစ်ယောက်မှ ငွေရှိသူမပါ။ သူ့ခမျာလည်း မိန်းမတစ်ယောက်ရရန် ငွေငါးပြားဘယ်ကလှည့်ရမှန်းမသိ။ ငွေငါးပြားရှိလျှင် ကိစ္စကပြတ်ပြီ။ နောက်မှ. . .

"ဟာ. . . ဟုတ်ပြီ၊ စိန်ပု. . . စိန်ပုဆီ ခဏလှည့်ရမယ်၊ ဟုတ်တယ် စိန်ပုဆီက ခဏဆွဲမှပဲ"

ဖိုးထင်အားတက်သွား၏။ စိန်ပုက မိချော၏ အခင်ဆုံး သူငယ်ချင်းမဟုတ်လား။

ထို့ကြောင့် လိုနေသည့်ငွေငါးပြားလောက်ကတော့ စိန်ပုထံမှ အေးအေးလေးရနိုင်၏။ ဖိုးထင်၏ခြေလှမ်းများ သွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်ပုအိမ်က မဝေးဘဲကိုး။

"စိန်ပု. . . စိန်ပု"

အခြေအနေက မငြိမ်မသက်မို့ ဘယ်သူမှ လယ်ထဲမဆင်းဘဲ အိမ်မှာရှိနှင့်ကြကိုး။

"ဟေး. . . စိန်ပု"

"ဟဲ့. . . ဘယ်သူလဲ အိမ့်ရှေ့မှာ အာပြဲကြီးနဲ့အော်နေတာ၊ ငါနားမကန်းဘူးဟဲ့ သေချင်းဆိုးတွေရဲ့"

စိန်ပုအသံကြားတော့ ဖိုးထင်အားတက်သွား၏။ ညီမျှလောက်စကားပြောချိုသာနေမှဖြင့် စိန်ပု စိတ်ကောင်းဝင်နေပုံလည်းရ၏။ ဖိုးထင် ခြေလှမ်းကို သွက်လိုက်၏။ စိန်ပုက သူ့နွားတွေအကြောပြေစေရန် တမာရွက်ပြုတ်ရည်များ လောင်းနေ၏။

"စိန်ပု"

"ဘာတုန်း"

"ငါ. . . ငါ ငွေငါးပြားလောက်ချေးပါလား"

"ဘာလုပ်ဖို့တုန်း"

စိန်ပုက နွားပေါ်တင်နေသော တမာရွက်များဖယ်ပြီး နွားစာစဉ်းရန် တံစဉ်းလှမ်းယူသည်။ နောက် မြက်တစ်ဆုပ်ကို အားရပါးရယူပြီး နွားစာစဉ်းသည်။ ဖိုးထင်ကသာ စိန်ပုရှေ့နား ဆောင့်ကြောင့်ထိုင်ရင်း. . .

"ငါ. . . ငါ မိချောကိုတင်တောင်းဖို့ ငွေငါးပြားလိုနေလို့"

စိန်ပု နွားစာအစဉ်းရပ်သွား၏။ မျက်မှောင်ကျုံ့နေသည်။ ဖိုးထင်ကသာ အားတက်သရောနှင့် ဆောင့်ကြောင့်ထိုင်နေရာမှ ရှေ့တိုးကာ. . .

"အဲဒါ မိချောအဖေ ဦးသာခေါင်ကြီးကလည်း ဈေးတင်လိုက်တာဟာ၊ ငါးကျပ်တစ်မတ်တဲ့၊ ငါလည်း ငွေစုတာပါပဲ၊ ဒါပေမဲ့





ငါးကျပ်ပြားနှစ်ဆယ်ပဲရတာ"

စိန်ပု နွားစာစဉ်းသံ တဒေါက်ဒေါက် ပြန်ကြားရ၏။ ဖိုးထင်က မျက်နှာငယ်လေးနှင့် တံတွေးမြိုချကာ. . .

"ငါးပြားလေးလိုနေလို့. . . အဲဒါ"

"မပေးနိုင်ပါဘူး"

"ဟင်"

စိန်ပု ဖြတ်ပြောလိုက်သောစကားကြောင့် ဖိုးထင်ကြောင်သွား၏။ နောက် ဆောင့်ကြောင့်ထိုင်ရာမှ လုံချည်ကို ပေါင်ရင်းထိ ဆွဲတင်ပြီး. . .

"စိန်ပုရာ. . . နင်နဲ့မိချောက သူငယ်ချင်းအရင်းကြီးပဲ ဟာ"

သူ့စကားကို စိန်ပု ခါးထောက်ပြီး. . .

"အောင်မာ. . . သူငယ်ချင်းအရင်းကြီးဆိုတိုင်း ပေးရမှာလား၊ ငါးပြားဆိုတာ နည်းမှတ်လို့၊ နောက်ပြီး သူတို့ဘာသာသူတို့ လင်ယူမယားယူပြီး ကောင်းကြမဲ့ဟာ ကြားက ငထွားစိန်ပု ခါးမနာနိုင်ပေါင်"

"စိန်ပုရာ ငါတို့ လင်ယူမယားယူ ကောင်းကြမှာ ဟုတ်ပါတယ်၊ ပြီးရင် ငါတို့ဘယ်သို့ကောင်းခဲ့ကြောင်း နင့်ကို ငါးပြားဖိုး ပြန်ပြောပြ. . ပြ. . ဟာ"

စိန်ပုလက်ထဲက တံစဉ်က ဗိုးခနဲဝဲပျံလာ၍ ဖိုးထင် လှိမ့်ရှောင်လိုက်ရသည်။ ကြည့်လိုက်တော့ စိန်ပုလက်ထဲမှာ နောက်ထပ်ဓားမတစ်ချောင်း။

"ဟ. . . ဟ. . . မလွယ်ဘူးဟ"

အခြေအနေမဟန်မှန်းသိ၍ ဖိုးထင် ထွက်ပြေးရလေပြီ။

"သေနာကြီး စကားကို ယဉ်ယဉ်ကျေးကျေးမပြောဘူး၊ သူတို့ဘာသာသူတို့ ဆတ်ဆော့ချင်တဲ့ဟာကိုများ ငါ့ကို. . တယ်ရေ



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် ငါးပြားမပြောနဲ့ နှစ်ပြားမတန်တဲ့ကောင်"

စိန်ပုဏ်၊ ပိယဝါစာများက ရွာထဲပျံ့လွင့်နေသည်။ ထိုတော့မှ ဖိုးထင်က မိချောကို တင်တောင်းပါမည့်အကြောင်း မောင်းခတ်လိုက်သလို ဖြစ်သွားရတော့သည်။

xxxxx







"ငွေငါးပြား. . . ငွေငါးပြား"

ဖိုးထင်နှုတ်မှတိုးတိုးရွတ်ရင်း ရွာလမ်းအတိုင်း လျှောက်လာ၏။

"တောက်. . . အဘတို့ငယ်ငယ်တုန်းကလို အုန်းသီး၊ ငှက်ပျောဖူးနဲ့ လဲလို့ရင်လဲလိုက်ပါ့"

သူ့ခမျာလည်း ငွေငါးပြားလေးမရှာနိုင်ရုံနဲ့ မိန်းမမရနိုင်တော့မည့်ကိန်း။

"မထူးပါဘူးဟာ အဘကိုပဲ တစ်ခါပြန်ပြောဦးမှ"

စိတ်ပိုင်းဖြတ်ကာ အိမ်ဘက်သို့သာ ခြေဦးပြန်လှည့်လိုက်သည်။

အခန့်သင့်ပင် အိမ်ရှေ့ကပျင်တွင် အဖေနှင့်အမေက ကပျဉ်ခွန်းတစ်ဘက်စီတွင် ကျောချင်းပေးကာ ဆေးပေါ့လိပ်ကိုယ်စီနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဝေးချင်ရာ ဝေးနေကြသည်။

ဒီမြင်ကွင်းက အမြဲမြင်နေကျမြင်ကွင်း။ ဘယ်သောအခါမှ သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်သည်မရှိ။

ဖိုးထင်က သူ့အဖေရှေ့မြေပြင်မှာ ဆောင့်ကြောင့်ထိုင်ရင်း

"အဘ"

သူ့အဖေက ငုံ့၍ပင်မကြည့်။

"ငါးပြားပဲလိုတော့တာ အဘရာ"

"မပေးဘူး"

သူ့စကားစသည်နှင့် အကြောင်းသိနေသောဖခင်ဦးဖိုးထယ်က ဖြတ်ပြောသည်။ နောက် အတန်ကြာငြိမ်သက်ပြီးမှ. . .

"နင့်ကို သူ့သမီးနဲ့ပေးစားအောင် ငါ ရှေ့မျက်နှာနောက်ထားပြီး ဘယ်လောက်အာပေါက်အောင် ပြောခဲ့ရတယ်ထင်လဲ"

ငါးရှဉ့်မြီးထောင်ရင်း ခရီးသွားဟန်လွှဲ ဖြတ်ပြောခဲ့ရသည်ကိုပင် ရှေ့အစက နောက်တွင်ကားလေပြီ။

ဖိုးထင် ထိုင်ရာမှထလိုက်သည်။ နောက် သူကျစ်ကျစ်ပါအောင် စုထားသမျှပိုက်ဆံအားလုံး ဘုရားစင်ရှေ့သွားတင်လိုက်သည်။ ပြီးနောက် ရွာလမ်းဆီသို့။

အိမ်တွင်မနားအားသေး။ ငွေငါးပြား အရှာထွက်ရပေဦးမည်။ မိန်းမယူရင် ငွေဘယ်သို့ရှာရမှန်းလည်းမသိ။ ဤမျှလောက်ငွေကိုလည်း မည်သူမှ ယုံယုံကြည်ကြည် ခဏာလှည့်ပေးမည်မထင်။ စဉ်းစားရလွန်း၍ ဖိုးထင် ခေါင်းမီးပင်တောက်လုပြီ။

"ခေါင်းမီး. . . ခေါင်းမီး ဟာ ဟုတ်ပြီ ကိုရင်ငှက်တောသေတုန်းက ကူးတို့ခ တစ်မတ်တော့ထည့်ပေးလိုက်တာပဲ၊ ဒါကိုဟိုကောင်တွေ မီးရှို့လိုက်တော့ ဒီတစ်မတ်က ကျန်ခဲ့မှာပဲ"

ဟုတွေးမိကာ ကိုရင်ငှက်တောကို သဂြိုလ်ခဲ့သည့် ရွာဝသို့ အပြင်းနှင်လိုက်သည်။





"ဟီဟိ. . . တစ်မတ်ဆိုတော့ မိချောတင်တောင်းပြီး ပြားနှစ်ဆယ်တောင်ပိုဦးမယ်၊ အောင်ကျော်တို့ကို မင်္ဂလာဦးည ပင်ကျရည်အဝတိုက်လို့ရသပ"

သူ့အတွေးနှင့်သူ ပျော်သွားသည်။

"ဒီအကြံ သူများဦးသွားလို့မဖြစ်ဘူး"

တွေးရင်း မြန်နေသောအဟုန်ကို ထပ်မြှင့်လိုက်သည်။

ကိုရင်ငှက်တော၏ နေရာလေးမှာ ပြာပုံအတိ။ ဖိုးထင် အရူးတစ်ယောက်လို ပြာများကိုဖွ၍ဖွေရှာလိုက်သည်။

"ငွေတစ်မတ်. . . ငွေတစ်မတ်"

ပါးစပ်က တတွတ်တွတ်ရွတ်ရင်း ယခင်ညီအစ်ကိုရင်းချာပမာ ချစ်ခင်ရသော ငှက်တော၏ခန္ဓာကိုယ်မှဖြစ်သော ပြာများကိုဖွကာရှာနေမိသည်။

သို့သော် ခန္ဓာကိုယ်ပြာများလူး၍ အရူးကြီးလိုသာဖြစ်သွားသည်။ သူရှာသော ငွေတစ်မတ်ကမတွေ့။ ကံကိုက မွဲရှာလေပြီ။

"အား"

ဖိုးထင် ဒေါသတကြီး သံကုန်ခြစ်အော်မိသည်။

"သေချင်းဆိုးတွေ လူကိုမီးရှို့ရုံမကဘူး၊ မသာပါးစပ်က ကူးတို့ခတစ်မတ်တောင် မရှက်မကြောက်နှိုက်သွားသေး၊ တောက်"

အမှန်တော့ သူကိုယ်တိုင်လည်း မသာပါးစပ်က ကူးတို့ခကိုနှိုက်ဖို့ပင်၊ သို့သော် သူ့ထက်အကြံဦးသော သူများ နှိုက်ယူသွားခြင်းကို မခံမရပ်နိုင်ဖြစ်နေမိလေတော့သည်။

"လူလွန်မသားတွေ၊ နောက်တစ်ခါများကလို့ကတော့"

ဖိုးထင်၏ ဆဲဆိုသံ မိုးမွှန်နေ၏။

×××××



www.burmeseclassic.com

www.burmeseclassic.com





နေကားစောင်းလေပြီ။ ဖိုးထင် ငါးပြားမရသေး။

စိန်ပုပြောသလို သူသည် ငါးပြားမပြောနှင့် နှစ်ပြားမတန်သေး။

မရည်ရွယ်ပါဘဲ သူ၏ခြေလှမ်းက ရွာတောင်ပိုင်းရှိ ကိုလှကောင်း ထန်းတောဘက်ရောက်သွား၏။ အမှန်တော့ သူမုန်းယစ်ရခြင်းကို ကြိုက်နှစ်သက်သူမဟုတ်။

“ဟ. . . ဖိုးထင်၊ မလာစဖူး အလာထူး လို့ပါလား၊ ကေန္တ ပျော်လာတယ်နဲ့တူတယ်၊ ဟဲ ဟဲ”

ဦးလှကောင်းနှုတ်ဆက်စကားကြောင့် ဖိုးထင် ပို၍စိတ်ရှုပ်သွားရ၏။

“ဘာမှပြောမနေပါနဲ့ဗျာ၊ တစ်မြူသာချ”

“အေး. . . အေး လာပြီငါ့ကောင်ရေ၊ ခဏစောင့်”





သိပ်မကြာလိုက်ပါ။ ဦးလှကောင်း ပင်ကျရည်တစ်မြူ ဖိုးထင်ရှေ့လာချသည်။ ဖိုးထင်ဘာမှမပြောဘဲ ထန်းရည်အိုးကိုမ၍ တရကြမ်းမော့သောက်လိုက်သည်။ သူ့ကိုကြည့်၍ ဦးလှကောင်း မျက်လုံးပြူးသွားကာ. . .

“ဟော့ကောင်ရ ဖြည်းဖြည်းမော့ပါဟ၊ မင်းဟာ ကျွဲရေငတ်နေတဲ့အတိုင်း”

“နောက်တစ်မြူပေးစမ်းပါ”

ဦးလှကောင်းလက်တွင် ဆွဲထားသော ထန်းရည် နောက်တစ်မြူကို ဆတ်ခနဲ ဆွဲယူလိုက်သည်။ ပြီးနောက် ထန်းရည်အိုး ခေါင်းစွပ်တော့မည့်အတိုင်း မော့ချလိုက်လေသည်။

စိတ်လှုပ်ရှားမှုများ၊ ပျော်ရွှင်မှုများ၊ အလိုမကျမှုများ ခေတ္တငြိမ်သက်သွားရလေသည်။ ချက်ချင်း ဝမ်းဗိုက်ထဲပူပြီး ရီဝေဝေဖြစ်သွား၏။

ဦးလှကောင်းကား သူ့အလုပ်သူလုပ်လေပြီ။ ထန်းတဲ၌လည်း ဟိုဘက်ရွာမှ မောင်ကံတို့အဖွဲ့နှင့် သူတို့ရွာက သူရာဂျိုးမှတ်ကြီးတို့အုပ်စုသာ။

“ငါးပြား. . . ငါးပြား ဘယ်နားကရှာရပ့်”

ဒေါသစိတ်က လှိုက်ခနဲပြန်တက်လာသည်။ ထန်းရည်အိုးကိုဆတ်ခနဲမပြီး အားရပါးရမော့ချလိုက်ပြန်သည်။ ထန်းရည်တွေကရေလောင်းချိုးလိုက်သလို သူ့တစ်ကိုယ်လုံး စီးကျသွား၏။ မူးယစ်မှုကဒေါသအိုးကို ဆွလိုက်သလိုဖြစ်သွား၏။

ထန်းရည်မြူအိုးကို ခွမ်းခနဲဘေးသို့ပစ်ခွဲလိုက်သည်။ ထိုအသံကြောင့် အားလုံး၏မျက်လုံးက သူ့ထံစုပြုံလာကြသည်။

“ဟော့. . . ဘယ်ကောင်မိုက်လဲကွ၊ မိုက်တဲ့ကောင်ထွက်ခဲ့စမ်း”



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် အူရှိုင်းလေပြီ။

မတ်တပ်ထရပ်ရင်း လုံချည်ကို တိုတိုပြင်ဝတ်သည်။ ရုတ်တရက်ထရပ်လိုက်သောအရှိန်ကြောင့် မိုက်ခနဲဖြစ်သွားသော်လည်း သူ့ကိုယ်သူ ပြန်ထိန်းလိုက်သည်။

ထန်းရည် တစ်ရှိန်ထိုးမော့ထားသောအရှိန်ကြောင့် အားလုံး မှုံဝါးနေသည်။

"ဟေ့ကောင်တွေ မကြားကြဘူးလား၊ မိုက်တယ်ဆိုတဲ့ကောင် ထွက်ခဲ့စမ်း"

မှတ်ကြီးတို့က တစ်ရွာထဲသားဖြစ်၍ မတုန်လှုပ်သော်လည်း တစ်ဘက်ရွာမှ မောင်ကံတို့အဖွဲ့ကတော့ သူတို့ကိုရည်ရွယ်ပြီးပြောသည်မှတ်ပြီး လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

"ဟေ့ကောင်ဖိုးထင်ရ မင်းမူးနေရင်လည်း အေးအေးနေစမ်းပါ၊ ဘာတွေအာကျယ်နေရတာလဲ"

"ဟေ့ကောင်တွေ မင်းတို့ကို စိန်ခေါ်နေတာကွ၊ မင်းတို့ သတ္တိမရှိကြဘူးလား၊ ဝတ်လာတဲ့လုံချည် ရင်ရှားလိုက်ကြပါလား"

ဖိုးထင်ကား ယိုင်ထိုးယိုင်ယိုးနှင့် ကြမ်းလေပြီ။ မောင်ကံတို့လည်း သည်းမခံနိုင်တော့ တစ်ရွာထဲသားမှတ်ကြီးတို့ပင် ဖိုးထင်ကို စောင့်ကြည့်နေပေပြီ။

"ကဲ. . . မင်းပြောသလို သတ္တိရှိတယ်ကွာ၊ ဘာလုပ်ချင်လို့လဲ"

မောင်ကံတို့အဖွဲ့ ထလာသည်။ အနောက်က မှတ်ကြီးတို့အဖွဲ့ကလည်း အလစ်တွင် လက်ဝင်သွေးရန် ပြင်လေပြီ။

"ဟား. . . ဟား အဲဒါမျိုးမှကြိုက်တာ၊ ဒီမှာ မင်းတို့ငါ့ကို စိတ်ကြိုက်နှံ့၊ ဟောဒီမျက်နှာကြီးကို စိတ်ကြိုက်နှံ့၊ ငါးပြားပဲပေး၊ ငါးပြားပဲ"





"အဲ"

မောင်ကံတို့ ခြေလှမ်းများရပ်သွား၏။

ဖိုးထင်က သူ့မျက်နှာတဖြောင်းဖြောင်းရိုက်ရင်း ပြောသည်။

"ဒီကောင် ရူးများရူးသွားသလားမသိဘူး၊ သူ့မျက်နှာကို စိတ်ကြိုက်နှံ့၊ ပိုက်ဆံငါးပြားပဲပေးတဲ့၊ ငါလုပ်လိုက်လို့ စုတ်ပြတ်သတ်သွားတော့မယ်"

မောင်ကံတို့အဖွဲ့က တရားနည်းလမ်းမကျသော ဖိုးထင်စကားကြောင့် ခြေလှမ်းပြန်လှည့်သွား၏။ ဒါကိုကြည့်ပြီး ဖိုးထင် ပို၍ ဒေါသထွက်သွားကာ. . .

"အေး. . . ငါးပြားဖိုး၊ မင်းတို့မနှံ့ရင် မင်းတို့ကို ငါနှံ့ပြီကွာ၊ ကျား"

ဟုအော်ကာ မောင်ကံတို့အဖွဲ့ထဲ ပြေးဝင်သွား၏။ ခဏအတွင်း ဦးလူကောင်းထန်းတောထဲ တဖြောင်းဖြောင်း တခွမ်းခွမ်းမြည်သံများကြားရ၏။ နဂိုသန်မာလှသော ဖိုးထင်ကို မောင်ကံတို့ အဖွဲ့ မနည်းလုပ်ယူနေရသည်။

သိပ်မကြာပါ။ တခွမ်းခွမ်းမြည်သံနှင့်အတူ ဖိုးထင်၏ ဦးခေါင်းဖုန်တထောင်းထောင်း မြေပြင်ပေါ်စိုက်ဆင်းသွား၏။ နဖူးမှသွေးများလည်း နှာနုကိုစိုဆင်းလာသည်။ သူမြင်နေရသော မြေပြင်ပေါ်ဗလာကျင်းခြေထောက် အများအပြားဖြတ်သွားသည်ကို မြင်ရ၏။ သူ့ဦးခေါင်းရှေ့တည့်တည့် ငါးပြားစေ့လေးတစ်စေ့ ပြုတ်ကျလာသည်။ ဖိုးထင် ဝမ်းသာအားရပြုံးလိုက်၏။ သို့သော် လူကလုံးလုံး မထနိုင်တော့။ မြင်နေရသောငါးပြားစေ့လေး တဖြည်းဖြည်း မှုံဝါးသွားလေတော့သည်။

××××



www.burmeseclassic.com

www.burmeseclassic.com





"အား. . . ကျွတ်. . . ကျွတ်"

ဖိုးထင် သတိပြန်လည်သည်နှင့် သူ့အမြင်အာရုံထဲ တိုးဝင်လာသော ငါးပြားစေ့လေးတစ်စေ့။

"အားလားလားလား"

ခေါင်းထဲတွင်လည်း အုံခဲပြီး မျက်နှာတစ်ခုလုံး ယောင်ကိုင်းနေသည်။

ဖိုးထင်လက်ကလေးထွက်လာပြီး ငါးပြားစေ့ကလေး ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။ သူ့လက်ထဲတွင် ငါးပြားစေ့အပြင် မြက်ပင်တွေရောမြေခဲတွေပါ ပါလာ၏။ ဖိုးထင် မလွှတ်တော့။

"ဟား ဟား ဟား"

ဖိုးထင် ဝမ်းသာအားရရယ်လိုက်သည်။

"ဘယ့်နှယ့်လဲ လူစွမ်းကောင်းကြီး၊ သတိရပြီလား"





ထန်းတဲပိုင်ရှင် ဦးလူကောင်းအသံ။ မျက်လုံးတစ်လုံးက ယောင်ကိုင်းပြီး ပိတ်နေသည်မို့ တစ်လုံးထဲသာမြင်ရ၏။

"အား. . . ကျွတ် ကျွတ် ကျွတ်"

ထန်းပင်တွေက မြင့်လွန်းနေသည်။ ထိုမြင့်သောထန်းပင်ထိပ်မှာပင် နေလုံးကြီးကပိုမြင့်အောင် နေရာယူနေလေပြီ။ ဦးလူကောင်းနှင့်ထန်းပင်၊ ထန်းပင်နှင့်နေလုံး အစဉ်လိုက်မြင်ရ၏။

"အားလား. . . ကျုပ်. . . ကျုပ်. . . ဘာဖြစ်သွားတာလဲ ဦးလူကောင်း. . ."

ဦးလူကောင်း သူ့ကိုအသေအချာငုံ့ ကြည့်ကာ

"ဘာဖြစ်ရမှာလဲကွ၊မင်းပဲ ငါးပြားဖိုးနဲ့ဆိုပြီး ဝင်လုံးတာလေ၊ ဟိုကလည်း တစ်ဝကိုနဲ့သွားတော့တာပေါ့"

"ငါးပြားရောတန်ရဲ့လားဗျာ"

"ဟ. . . တန်ပ့ါ. . . ငါဆို. . . ပြားနှစ်ဆယ်လောက်ပေးမှာ. . ."

"ဟား ဟား  ဟား ဟား"

ဖိုးထင်လှိုက်လှိုက်လှဲလှဲရယ်သည်၊သူ့ခမျာ အတော်ပျော်နေပုံရ၏။

"အေး မင်းကတော့ရယ်နိုင်သေးတာပေါ့၊ ငါ့မှာ ဟိုကောင်တွေလုပ်ချက်လွန်သွားပြီတောင် မှတ်နေတာ၊ ခဏခဏထထအန်မှ မင်းအသက်ရှိသေးပါလားဆိုပြီး သက်ပြင်းချနိုင်တာ. . ."

"ဟား. . . ဟား. . . ဟား"

ဖိုးထင် လှဲနေရာမှမထသေးဘဲ သဘောကျစွာရယ်သည်။ ပြီးမှ လက်ကမ်းရင်း. . .

"ကျုပ်ကိုတွဲထူပေးစမ်းပါ ဦးလူကောင်းရာ"

သူကမ်းပေးသောလက်ကို ဦးလူကောင်းက ယူ၍ထူပေး



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အာလယ်လယ်. . . နာတယ်. . . နာတယ်"

ဖိုးထင် မနည်းအားယူထနေရသည်။ ချိုစောင်းကလည်းနာ၊ မျက်လုံးကလည်းနာ၊ မေးဖျားကလည်းနာ၊ နံကြားကလည်းနာနှင့်မို့ ဘယ်နေရာကို စမ်းရမှန်းမသိ။

"နေစမ်းပါဦး. . ဖိုးထင်ရ၊ ဘာကိစ္စနဲ့ မင်းဟိုကောင်တွေကို စိန်ခေါ်ပြီး ငါးပြားဖိုးအနံ့ခံတာလဲ၊ စိတ်ရူးပေါက်လို့လား"

ဖိုးထင်ရယ်ရင်း ဦးလူကောင်းပခုံးကို လှမ်းဖက်လိုက်သည်။

"မိန်းမတောင်းဖို့ဗျ၊ မိန်းမတောင်းဖို့ အဲဒါကို ငါးပြားလိုနေလို့"

"ဟင် မိန်းမတောင်းမလို့ဟုတ်လား၊ ဘယ်သူ့ကို"

"မိချော"

"မိချော၊ သာခေါင့်သမီးမိချောလား"

"ဟုတ်ပ ဟီဟိ"

ဦးလူကောင်း မျက်မှောင်ကျုံ့သွား၏။

"ဟကောင်ရ. . . မိချောကအခုမှအသက်ဘယ်လောက်ရှိလို့လဲ"

"အာ. . . ရွာရေကြီးတဲ့နှစ်ထဲက သူမွေးတာ၊ ဘယ့်နှယ်ငယ်တော့မှာလဲ"

"ရွာရေကြီးတဲ့နှစ်"

"ဝါခေါင်လ"

"ဝါခေါင်လဆိုရင် ရေကြီးတဲ့နှစ်ပြီးတော့ စပါးပိုးကျတဲ့နှစ်၊ ပြီးရင် လေးသာဇံဆုံးတဲ့နှစ်၊ ပြီးရင် ရွာထိပ်ညောင်ပင် မိုးကြိုးအပစ်ခံရတဲ့နှစ်"

ဖိုးထင် စိတ်မရှည်တော့။



"ကဲ. . . ကိုယ့်ဘာသာကိုယ် ဆက်တွက်နှင့်တော့ဗျာ၊ ကျုပ်သွားပြီ"

ဆိုကာ ထော့နင့်ထော့နင်းနှင့် ထန်းတောထဲမှ ထွက်သွားလေသည်။ ခပ်ဝေးဝေးရောက်မှ ဦးလူကောင်းက. . .

"ဟေ့ကောင်. . ဖိုးထင် ဒါဆိုမိချောက ဆယ့်ရှစ်နှစ်ကို လပိုင်းလေးစွန်းသေးသဗျ၊ နော့ အုပ်ထားစရာမလိုတော့ဘူး၊ သူ့ဘာသာမှည့်နေပြီ ဟီဟိ "

ဖိုးထင် ဘာမှလှည့်မပြောတော့။ သူ၏ဒရွတ်ဆွဲနေသော ခြေလှမ်းက အိမ်အမြန်ရောက်ရန်သာ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com





နေကထန်းတစ်ဖျားကျော်ပေပြီ။

သွားရင်းလာရင်း အရိုးသာစိန်တို့အိမ်ခြံထဲမှ အုန်းသီးတစ်လုံး တက်ခူးလိုက်သည်။ ပြီးနောက် သူကြီးဦးကြာဥခြံထဲမှ ငှက်ပျောတစ်ခိုင် ဝင်ချိုင်လိုက်သေး၏။ ကန်တော့ပွဲလုပ်ရန်ဖြစ်သည်။

"ဗျို့. . . သူကြီး ကန်တော့ပွဲလုပ်ဖို့ ငှက်ပျောတစ်ခိုင် ခုတ်သွားရော့၊ ကန်တော့ပွဲလုပ်ဖို့ပ"

သူကြီးအိမ်က ဘာမှပြန်ထူးသံမကြား။ ရှိများတော့က ရှိနိုင်သည်။ ပြောစရာမလို၍ ပြန်မပြောခြင်းသာ။ သည်ရွာမှာက ကိုယ့်ခြံထဲရှိရာ ဘာဆွတ်ဆွတ်အလကား။

ဖိုးထင် ငှက်ပျောခိုင်ကြီးထမ်း၊ အုန်းသီးပိုက်ကာ ထော့နင်းထော့နင်းလျှောက်လာသည်။

"ကိုကြီးဖိုးထင်. . . ကိုကြီးဖိုးထင်"





ခေါ်သံကြား၍ လှည့်ကြည့်လိုက်တော့ မိညက်မောင် တောခွေး။ တောခွေးက သူ့ကိုအမှီပြေးလိုက်လာ၏။

"ကျုပ်ကြားတယ်ဗျ"

ဖိုးထင် ဘာမှပြန်မပြောဘဲ ခြေလှမ်းကိုသာ မှန်စေ၏။

"ကိုကြီးဖိုးထင် မကြီးမိချောကို တင်တောင်းဖို့ ငါးပြားလိုလို့ဆို"

ဖိုးထင် တောခွေးကို စွေစောင်းကြည့်သည်။ တစ်ရွာလုံးမှာ ဘယ်နေရာဘာ ဖြစ်တာအဆုံး တောခွေးသိသည်။

"ကျုပ်မှာကလည်း မမိညက်ကို ပျိုးစပါးလိုက်ထမ်းပေးတုန်းကပိုက်ဆံရယ်၊ ရွာထိပ်နတ်ကွန်းမှာ အရိုးလေးစိန်တင် ယကြာခြေတုန်းက နှိုက်ထားတဲ့ပိုက်ဆံရယ်ပေါင်းရင် ငါးပြားတော့ရှိသဗျ"

ဖိုးထင် ခြေလှမ်းတုံ့သွားသည်။ အခုအချိန်မျိုးမှာ ငွေငါးပြားဆိုတာမျိုးက နည်းတာမှတ်လို့။

"အဲဒါဗျာ. . . ကျုပ်မှာကလည်း ငွေအားဖြစ်နေတော့ ကိုကြီးဖိုးထင်ကိုပေးလိုက်ရင် ကောင်းမလားလို့"

"ဒကယ်. . . အဲ. . . တကယ်. . . မင်းတကယ်ပြောတာလား"

ဖိုးထင်ဝမ်းသာသွား၏။ တောခွေးက သူကွင်းသိုင်းထားသော လုံချည်ထောင့်စွန်းတွင် ရာဘာနှင့်ချည်ထားသော ပိုက်ဆံများကို ထုတ်လိုက်သည်။ ပြားစေ့ကလေးငါးစေ့။ ဖိုးထင့်မျက်လုံးများ တောက်ပသွားသည်။ တောခွေး စေတနာကောင်းပြီထင်ပါ့။

"ရော့"

တောခွေးက သူ့လက်ထဲ ငါးပြားကို ဖိုးထင်လက်အပ်ရန်ပြင်သည်။ ဖိုးထင်လက်ကမ်းမှ. . .

"နေဦး. . . ဒီလိုတော့မရဘူးလေ၊ အပေးအယူက ရှိဦးမှ



www.burmeseclassic.com

www.burmeseclassic.com



ကိုး"

ဖိုးထင်လက်က လေထဲတန့်နေသည်။

"ဘာအပေးအယူလဲ တောခွေးရာ၊ ပေးမဲ့ပေး အရှင်းကြီးပေးစမ်းပါ"

တောခွေးခေါင်းခါသည်။

"ဘယ့်နှယ်ရမှာတုန်း၊ ငွေကရှာရခက်ကခက်သနဲ့"

"ဒီတော့"

"ဒီလိုလေဗျာ. . . ဒီငါးပြား ကျုပ်ပေးလိုက်မယ်"

"အင်း"

"အဲဒီတော့ ကိုကြီးဖိုးထင် မကြီးမိချောနဲ့ညားပြီးရင် ကျုပ်ကို ငါးပြားဖိုးပေးချောင်း"

"အင်"

ဖိုးထင် ဘာပြောရမှန်းမသိဖြစ်သွားသည်။ ပြီးနောက် နောင်ခါလာနောင်ခါချေးသဘောဖြင့်. . .

"အေးကွာ. . . ငါးပြားဖိုးတစ်ဝသာလာချောင်းကွာ၊ မင်းကို ငါပေးချောင်းမယ်"

"ကတိနော်၊ မကြီးမိချောက သိပ်ကပ်သပ်တာ"

"အဲဒီ့အချိန်ကျရင် မကပ်သပ်ပါဘူးကွာ၊ အခုငါ ငါးပြားရဖို့ အရေးကြီးတယ်"

"ရော့"

ဖိုးထင်လက်ထဲ တောခွေးပိုက်ဆံများ

"အဲဒီတော့...
ကိုကြီးဖိုးထင်
မကြီးမိချောနဲ့
ညားပြီးရင်...
ကျုပ်ကို...
ငါးပြားဖိုးပေးချောင်း"
"အင်"



ထည့်ပေး၏။

"ကတိတည်စေနော်၊ မတည်လို့က ကျုပ်မရရအောင်ချောင်းပြီး တစ်ရွာလုံးမောင်းခတ်မှာ"

ဟုပြောရင်း ရွာထိပ်ဖက် ပြေးသွားလေသည်။ ဖိုးထင် အားရပါးရ ပြုံးဖြစ်သွား၏။

ပွဲကား ကပင်မကပြရသေး။ ကြည့်ချင်သူက စရန်သတ်သွားပေပြီ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com





ကပြင်တစ်ဘက်စွန်းစီတွင် ကျောပေးထိုင်ငေးနေကြသော မိခင်နှင့်ဖခင်ကို နှုတ်မဆက်အား အိမ်ရောက်သည်နှင့် ဖိုးထင် ဟာနေသည့်ဝမ်းကို ငါးရှဉ့်ခြောက်ဟင်းနှင့်ထမင်းများ သွပ်သွင်းလိုက်သည်။ ပြီးမှ ပါလာသည့်ငှက်ပျောနှင့်အုန်းများကို လင်ဗန်းကြီးတစ်ခုထဲထည့်လို့ ကန်တော့ပွဲပြင်သည်။ နောက် သူစုထားသည့်ပိုက်ဆံငါးကျပ်တစ်မတ်ကို လင်ပန်းထဲ အသေအချာစီရီထည့်သည်။

ပိုနေသောငါးပြားကိုတော့ လုံချည်ထဲ လိမ်ကျစ်ထားလိုက်၏။ ဤငါးပြားကား လိုကာမယ်ကာသုံးဖို့။

အဆင်သင့်ဖြစ်မှ ကန်တော့ပွဲကြီးရွက်ပြီး အိမ်ပေါ်မှဆင်းချလာလေသည်။

ပြီးနောက် ကပြင်စွန်းနှစ်ဘက်မှထိုင်နေသော အဖေနှင့်အမေ့ရှေ့ ဆောင့်ကြောင့်ထိုင်ပြီး. . .



"အဘ. . . အမေ မိချောကိုသွားတောင်းဖို့ ကန်တော့ပွဲပြီးပြီဗျ၊ ဟီဟိ"

နှစ်ယောက်လုံးက ဘာမှပြန်မပြောဘဲ ဘန့်ဘွေးရွက်ဆေးလိပ်သာ တွင်တွင်ဖွာနေ၏။ ဖိုးထင် ကန်တော့ပွဲရွက်ဆောင့်ကြောင့်ထိုင်နေရာ ... အနည်းငယ်တိုးကာ. . .

'အဘ. . . အမေ"

သူ့စကားစမည်ကြံတုန်းရှိသေး သူ့မိခင်က ဖက်ဆေးလိပ်ကြီးကြမ်းပေါ် ဆောင့်ကြီးအောင့်ကြီး ပစ်ချပြီး. . .

"တယ်လေ. . . ဒီကောင် မိဘတွေကို ရွာကဝိုင်းရိုက်အောင်လုပ်နေပြန်ပြီ"

"ဟင်. . . ဟင် ဘာဖြစ်လို့လဲအမေ၊ ဟိုကသဘောမတူတော့ပြန်ဘူးလား"

သူ့မိခင်က သူ့ဘက်လှည့်လာပြီး. . .

"သဘောတူပြီးသား၊ နင်အခုသွားတောင်းမှ အရိုက်ခံရမှာ"

"ဘာ. . . ဘယ်လို"

"နင်သွားတောင်းတဲ့အချိန်ကိုလည်း ကြည့်ဦး၊ နေ့ခင်းကျော်လို့ နေတောင်စောင်းပြီ၊ ဒီအချိန်မျိုးက မုဆိုးမတို့ တစ်ခုလပ်တို့ကိုတောင်းရတဲ့အချိန်၊ ဒီအချိန်ကျမှ သူတို့သမီးပျိုလေးကို သွားတောင်းရင် မုဆိုးမ၊ တစ်ခုလပ်လိုသဘောထားလို့လားဆိုပြီး ဝိုင်းရိုက်မှာ"

"ဟုတ်သား"

ဖိုးထင် သက်ပြင်းချလိုက်သည်။ သူ၏မိခင်ပြောတာအမှန်ပင်။

မုဆိုးမ၊ တစ်ခုလပ်ဆိုလျှင် နံနက်ခင်း မင်္ဂလာမပြုရ။ အပျိုလူပျိုဆိုလျှင် အပုပ်ချိန်မင်္ဂလာမပြုရဆိုသည့် အစဉ်အလာကရှိနှင့်ပြီကိုး။ ထိုသို့မှမပြုလျှင် ရွာနာသည်ဆိုပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် အားပြုရွက် ထားသော ကန်တော့ပွဲကြီး ရှေ့ချလိုက်သည်။ နောက်မှ စပ်ဖြဲဖြဲနှင့်. . .

"အမေ. . . မနက်ဖြန် မိချောကို ကျုပ် ငါးကျပ်တစ်မတ်နဲ့ တောင်းပြီးရင် တစ်ပါတည်း သူ့ကိုအိမ်ခေါ်လာလို့ရပြီလားဟင်"

"တယ်လေ... မိန်းမတောင်းတာများ ရော့အင့်... ပိုက်ဆံပေးပြီး ဆွဲခေါ်လာလို့ ရအောင်.... နွားအရောင်းအဝယ် လုပ်နေတယ်များ မှတ်နေလား...

"တယ်လေ. . . မိန်းမတောင်းတာများ ရော့အင့် ပိုက်ဆံပေးပြီး ဆွဲခေါ်လာလို့ရအောင် နွားအရောင်းအဝယ်လုပ်နေတယ်များမှတ်နေလား၊နေ့ကောင်းရက်သာရွေး၊ မင်္ဂလာဆောင်ပြီးမှရမှာပေါ့ဟဲ့ ကောင်လေးရဲ့၊ အခုပိုက်ဆံပေး၊ အခုခေါ် ဆို မိချောမပြောနဲ့ နင့်အမေ့လင်တောင် မရဘူး"

သူ့အမေ၏စကားကို ကပြင်စွန်းတွင် ဟိုဘက်လှည့် ဆေးလိပ်ဖွာနေသော သူ့အဖေကပါ. . .

"ဟုတ်ပ. . . ငါတောင်မရဘူး"

ဖိုးထင်အကြည့်က ကန်တော့ပွဲထဲ စီထည့်ထားသောငါး ကျပ်တစ်မတ်ပေါ် ရောက်နေ၏။ စိတ်ထဲမှာလည်း

"ဟုတ်သား. . . ငါ့အမေ့လင်ဆိုတော့ ငါ့အဖေပေါ့၊ ငါ့အဖေတောင်မရမှတော့ မိချော ဆိုဝေးရော"

မရည်ရွယ်ဘဲ ဖိုးထင် ကန်တော့ပွဲကို လှည့်ရွှေ့နေမိသည်။ အတန်ကြာမှ ကန်တော့ပွဲကို တရိုတသေနှင့် ခေါင်းပေါ်ပြန်ရွက်ကာ အိမ်ပေါ်ပြန်တက်သွားသည်။



"အောင်မလေး ဖြစ်နေလိုက်တာ၊ ယူကြည့်ပြီးရင်လား ငါတို့ သာကြည့် မျက်နှာချင်းကို ဆိုင်ချင်တာမဟုတ်ဘူး"

"ဒါကြောင့် ကလေးနည်းတာ"

မိခင်နှင့်ဖခင်တို့၏ စကားက ကပ်ပါလာသေး၏။

အိမ်ပေါ်ရောက်လည်း ဘာမှလုပ်ချင်ကိုင်ချင်စိတ်မရှိဘဲ ကန်တော့ပွဲကိုပဲ တွေတွေကြီးကြည့်ကာ ကုန်းကန်တော့နေမိသည်။ နောက် ကန်တော့ပွဲမှအုန်းသီးထုတ်၊ ခေါင်းအုံးလုပ်ရင်း အတွေး နယ်ချဲ့နေမိသည်။

"တောက်. . . မောင်ကံတို့အဖွဲ့ရော နည်းခဲ့ရင် မနက် လင်းအားကြီးရင် ထနိုင်လောက်ရဲ့၊ အဲဒါဆို ဟိုဟိုဒီဒီ အေးလေ မိချောကို တင်တောင်းပြီး နွားလိုတစ်ပါတည်း ဆွဲခေါ်လို့မှ မရတာ၊ တစ်ရက် ကလေးနောက်ကျလည်း ဘာမှမထူးပါဘူးလေ"

ဖိုးထင်၏အတွေးများ ယောက်ယက်ခတ်နေ၏။ မိချောဆီ ရောက်လိုက် ကိုရင်ငှက်တောဆီရောက်လိုက်၊ ငါးကျပ်တစ်မတ်ဆီ ရောက်လိုက်၊ မောင်ကံတို့ဆီရောက်လိုက်၊ ငါးပြားစေ့လေးတစ်စေ့ဆီကို ရောက်လိုက်နှင့် ရှုပ်ယှက်ခတ်နေလေသည်။ အနှံ့ခံထားရသည့် နေရာများကလည်း ဟိုနားနားသလို ဒီနားနားသလို။

နေဝင်ဦးစကာလကို ရောက်ပေပြီ။

"တောက်. . . ကာလကြီးကိုက မကောင်းတာကလား"

အုန်းသီးကို ကန်တော့ပွဲထဲပြန်ထည့်ပြီး ခေါင်းအုံးနေ ကျပါးစားခွက်ကို ဆွဲယူလိုက်သည်။ ဗိုက်ကလည်းအင့်ထားပြီမို့ ခေါင်းထဲ၌ မိချောအကြောင်း စဉ်းစားမိသည်။ မိချောတို့က အဖေ တစ်ခု သမီးတစ်ခု၊ မိချောမိခင် ဒေါ်မိလှပုံက ရွာစပါးပိုးကျသည့်

www.burmeseclassic.com

www.burmeseclassic.com



နှစ်ဘပင် ဆုံးရှာပြီ။ ဒေါ်မိလှပုံရှိစဉ်က စုဆောင်းခဲ့သည့် ငွေကြေးက မနည်းလှ။ တစ်မိသားစုလုံး အလုပ်လုပ်နိုင်၍ စုနိုင်ခဲ့သည်မဟုတ်ပါလား။

အမှန်တော့ မိချောသည် သူဋ္ဌေးမလေးပင်။ နက်ဖြန်ဆို သူဋ္ဌေးမလေးနှင့် သူညားတော့မည်။

သိပ်မကြာခင်အချိန်အတွင်း ခလူးခလောအသံများ အိမ်ကလေးဆီမှ စီညံလာပေသည်။ ဖိုးထင် ဆက်ရက်မင်းစည်းစိမ် ခံစားနေလေပြီ။

သူ၏အမိနှင့်အဘကတော့ အိမ်ကပြင်၌ ဘန့်ဘွေးရှက် ဆေးလိပ်တစ်လိပ်စီနှင့် ကိုယ်စီငေးနေတုန်း။

××××





ဒိုင်းခနဲကျယ်လောင်သော သေနတ်သံကြားသည်နှင့် ဖိုးထင် လန့်နိုးလာသည်။

"ဘာသံကြီးလဲဟ"

အိပ်ရာမှနိုးနိုးခြင်းမို့ ဘာဖြစ်မှန်းမသိဘဲ ကြောင်စီစီ။

"ဒိုင်း. . . ဒိုင်း"

ဆက်တိုက်ထွက်ပေါ်လာသောအသံကြောင့် ဖိုးထင် ဆောင့်ကြောင့်ထိုင်မိသည်။

လူများ၏ ပြေးလွှားနေသောခြေသံများ၊ ဖိုးထင် ကြောင်စီစီနှင့် ထိုင်နေတုန်း

"ရွာထဲဓားပြဝင်လို့ဗျို့. . . ဓားပြဝင်လို့"

"ဟင်"

အကုန်သိ တောခွေး၏အော်သံ။ ဖိုးထင် ကမန်းကတန်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ပြေးထွက်လိုက်သည်။ ရွာသူရွာသားများ အော်ဟစ်၍ ဉဒဟို ပြေးသွားနေကြသည်။

"ဓားပြ. . . ဓားပြ ဘယ်ကိုဝင်တာလဲ"

ရွာထဲမှဖြတ်ပြေးလာသူတစ်ယောက်ကို ဖိုးထင် အလောတကြီးမေးလိုက်သည်။

"ဦးသာခေါင်တို့အိမ်ကိုဝင်တာ၊ ဦးသာခေါင်တို့အိမ်"

"ဟာ"

ဖိုးထင် ခေါင်းနားပန်းကြီးသွား၏။ ဦးသာခေါင်တို့အိမ်သည် မိချောတို့အိမ်ပင် မဟုတ်ပါလား။ အနီးနားတွေ့သော တုတ်ပိုင်းတစ်ပိုင်းကိုဆွဲ၍ အလောတကြီးပြေးသွားသည်။

"ဟဲ့. . . ဟဲ့ ဖိုးထင် အရမ်းမသွားနဲ့"

"ဒိုင်း"

"ဟဲ့. . . ပလုတ်တုတ်"

အများတကာ တားနေသည့်ကြားက ဖိုးထင် ပြေးထွက်သွားသည်နှင့် အထက်ပါအသံများနှင့်အတူ နံဘေးနားသစ်ပင်မှသစ်ခေါက်စများ ဖွာထွက်သွားရလေသည်မို့ ဖိုးထင်မြေပြင်ပေါ် ပြားနေအောင် ဝပ်လိုက်မိသည်။

"အဘရေ. . . အဘ. . . ဟီး"

မိချော၏ငိုသံ။ ဖိုးထင် ထသွားရကောင်းနိုး၊ ဝပ်နေရကောင်းနိုးဖြစ်နေ၏။

"သေချင်တဲ့ကောင်တွေ လိုက်ခဲ့စမ်း၊

ဖိုးထင်
အလောတကြီး
မေးလိုက်သည်၊
"ဦးသာခေါင်တို့
အိမ်ကိုဝင်တာ..
ဦးသာခေါင်တို့အိမ်"
"ဟာ"
ဖိုးထင်ခေါင်းနားပန်း
ကြီးသွား၏၊



မင်းတို့မိန်းမတွေအားလုံး မုဆိုးမတွေဖြစ်စေရမယ်"

မျက်နှာကို လူမမြင်အောင် စည်းနှောင်ထားသောလူလေးငါးခြောက်ဦးက အော်ဟစ်ကြိမ်းမောင်းရင်း ရွာပြင်ဖက် ပြေးထွက်သွားကြသည်။

"ကြောင်ကတိုး"

ထိုအသံကို ဖိုးထင် မှတ်မိသလိုဖြစ်နေသည်။

"အောင်မလေး. . . အဘကိုကယ်ကြပါဦး၊ အဘကို ကယ်ကြပါဦး"

ဓားပြများလည်း အတော်လှမ်းသွားပြီ။ မိချော၏ငိုသံကလည်း ဆူနေပြီမို့ ဖိုးထင် မိချောတို့အိမ် ပြေးတက်သွားလိုက်သည်။

"အောင်မလေး အဘကိုကြည့်ကြပါဦး"

"ဟာ"

သွေးအိုင်ထဲလဲနေသော ဦးသာခေါင်။ ဖိုးထင် ပြေးသွားမိသည်။

"ဘယ်. . . ဘယ်နေရာထိသွားတာလဲ"

"ဟီး. . . ပေါင်ရင်းမှာ၊ နင်မမြင်ဘူးလား ဟီး"

မိချောက ငိုရင်းပြောသည်။ ပေါင်ရင်းမှာဆိုတော့ အသက်တော့မသေနိုင်။ သို့သော် စိုးရိမ်ဖွယ်ရှိသည်။

"လာကြပါဦးဗျို့. . . လာကြပါဦး၊ ဒီမှာ ဦးသာခေါင်ကြီးသေနတ်မှန်လို့ဗျို့"

ဖိုးထင်၏သံကုန်ခြစ်အော်သံ။ ဓားပြများရွာပြင်ထွက်ပြီမို့ ရွာသားများ အလျှိုလျှို အိမ်ပေါ် ပြေးတက်လာကြသည်။ နောက် ဒဏ်ရာကြောင့် မေ့မျောနေသောဦးသာခေါင်ကို အံ့အားသင့်စွာ ကြည့်ကြသည်။

"ဒီအတိုင်းကြည့်နေကြတော့မှာလားဗျာ၊ ဆေး. . . ဆေး

www.burmeseclassic.com

www.burmeseclassic.com



ဆရာ ဦးပေါ်စ၊ ဦးပေါ်စ မရှိဘူးလား၊ လုပ်ကြပါဦး"

"အေး. . . အေး ရှိပါ့"

ဖိုးထင်အမေးကြားမှ ကြောင်ကြည့်နေသော ဦးပေါ်စ လူကြားထဲမှ တိုးထွက်လာသည်။ ဦးသာခေါင်နား ဆောင့်ကြောင့်ထိုင်၍ ဒဏ်ရာရရာကို ကြည့်သည်။ ဒဏ်ရာက သွေးမတိတ်သေး။

"လုပ်. . . လုပ်ပါဦး ဦးပေါ်စရယ်၊ ဘယ့်နှယ်လုပ်ရမှာလဲ"

ဦးပေါ်စ သက်ပြင်းချသည်။

"ဒီဒဏ်ရာမျိုးက ငါလည်း အခုမှမြင်ဖူးတာဆိုတော့ ဘယ့်နှယ်လုပ်ရမယ်မသိဘူး၊ ဒဏ်ရာသွေးတိတ်အောင်တော့ လုပ်နိုင်ရဲ့ ပျောက်ဖို့ဆိုတာက"

သူ့စကားကို အားလုံး နားစွင့်နေကြသည်။

"ရွာကြီးတက်ကုမှ ဖြစ်မယ်"

"ဟာ"

"ဟီး. . . ဟီး အဘရဲ့ အဖြစ်ဆိုးလှရဲ့အဘရဲ့"

မိချောရဲ့ငိုသံ ပြန်စီည်လာ၏။

"ကဲ. . . ရွာကြီးသွားဖို့ဆိုတာက ဘယ့်နှယ်လုပ်ရမှာလဲ၊ ဘယ်ကိုသွားရမှာလဲ"

"လှေနဲ့သွားရင်တော့ မွန်းမတိမ်းခင်ရောက်နိုင်ရဲ့၊ ဒါ အမြန်ဆုံးလမ်းပဲ၊ ရွာကြီးရောက်မှ ကျွမ်းကျင်တဲ့သမားတော်တွေနဲ့ အသပြာပေးကုကြ"

"ဟီး. . . ကျုပ်တို့ရှိတာ ဟိုသူတောင်းစားဓားပြတွေလုသွားလို့ ကုန်ပြီတော့၊ ဘာနဲ့သွားကုရမှာလဲဟီး"

"ဟာ"

မိချောရဲ့ငိုသံက ဆို့နင့်စရာ။ ခြစ်ချုပ်စုထားသမျှလေး ဟိုသေချင်းဆိုးဓားပြများ ယူသွားပြီဆိုတော့ ရွာကြီး မည်သို့သွားမည်နည်း။



"နေဦး. . . နေဦးမိချော၊ ငါ့မှာ နင့်ကို ဟိုလေ အဲ ဟိုလေ ငါးကျပ်တစ်မတ်ရှိတယ်၊ နင်ယူသွားနှင့်"

ဖိုးထင်၏စကား။ မိချောက အားကိုးကြီး ဖိုးထင်ကို မော့ကြည့်သည်။

"ခဏစောင့်မိချော၊ အဲ လှေဆိပ်ကပဲစောင့် ငါငွေပြန်ယူလိုက်ဦးမယ်"

ဆိုကာ အိမ်ပေါ်မှ ဝုန်းခနဲခုန်ချပြီး သူ့အိမ်ရောက်အောင် အမြန်ဆုံးပြေးပြန်လိုက်သည်။

မှောင်နှင့်မည်းမည်း၌ပင် ဖိုးထင်၏ခြေထောက်က မြေမကြောက်၊ ကင်းမကြောက်။ ခြေဗလာကြီးက မြေမှုန်များပေါ် ရှပ်ပြေးနေလေပြီ။

"ဟဲ့. . . ဟဲ့ ဘာဖြစ်တာတုန်း ဖိုးထင်"

သူ့မိခင်၏ အလန့်တကြားစကား။ ဖိုးထင် ဘာမှပြန်မဖြေနိုင်တော့။ အိမ်ပေါ်မှ ကန်တော့ပွဲကြီးကိုရွက်ပြီး ဝုန်းဒိုင်းကျဲ ပြန်လည်ပြေးဆင်းသွားတော့သည်။

"ဟဲ့. . . ဟဲ့. . . ဟဲ့"

မိခင်ဖခင်မှာ တားချိန်ပင်မရလိုက်။

လမ်းကား မှောင်နေ၏။ ဖိုးထင်၏ခြေလှမ်းများ သွက်နေသည်။ ကန်တော့ပွဲအတွင်းမှ အုန်းသီး၊ ငှက်ပျောသီးများပင် ခုန်ပေါက် နေတော့၏။

"အာလယ်လယ်"

"ဟာ"

ခြေထောက်ဆီမှ မျက်ခနဲဖြစ်သွားပြီး ဖိုးထင် ဟပ်ထိုးဟပ်ထိုးနှင့် ကန်တော့ပွဲကြီးမှာ ရှေ့သို့ ဝုန်းခနဲ မှောက်ကျသွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . လုပ်ကြပါဦး၊ လုပ်ကြပါဦး"

မှောက်ကျသောအရှိန်ကြောင့် ကန်တော့ပွဲတွင်းမှ ငွေများ လိမ့်ထွက်သွားတော့၏။

"အား. . . ကျွတ်. . . ကျွတ်"

ခြေထောက်ကို ပြန်ငုံ့ကြည့်တော့ ခြေဖဝါးတွင် စိုက်ဝင်နေသောညှောင့်တစ်ခု တွေ့ရ၏။

"အား. . . အေပေးညှောင့်၊ အရေးထဲမှ အင်းဟာ"

ဆွဲကာ ညှောင့်ကို ဒေါသတကြီး ဆွဲနှုတ်လိုက်သည်။ သွေးပူနေချိန်မို့ သွေးများ တရဟောစီးထွက်လာ၏။ ဖိုးထင် သွေးတိတ်စေရန် ဖုန်မှုန့်များသိပ်ထည့်လိုက်သည်။

"တောက်. . . အရေးဆို အရာပေါ်ပြီ၊ ကဲဟယ် ကဲဟယ် ခြေထောက် ဒီညှောင့်တောင်မမြင်ရကောင်းလား"

ဖိုးထင် သူ့ခြေထောက် သူပြန်ထုသည်။ နောက် ကုန်းရုန်း၍ လွင့်ကျသောငွေများကို တစ်စစီလိုက်ကောက်လိုက်သည်။ ညကားမှောင်နေဆဲမို့ တစ်စေ့မကျန် အသည်းအသန်ရှာနေရသည်။

"အာ. . . ဒီသောက်အကြွေတွေကလည်း ဘယ်ခြေပေါက်ကုန်ပါလိမ့်"

ဖိုးထင် မြေပြင်ပေါ်ကပ်၍ ပြူးပြဲရှာနေရသည်။ အားလုံးပြန်ရမှ ကန်တော့ပွဲကိုရွက်၍ ထော့နင့်ထော့နင်းနှင့် မိချောတို့အိမ်ဘက် အလျင်အမြန်ပြေးသွားရပြန်လေတော့၏။

"မိချော. . . မိချော"

ဖိုးထင် မိချောတို့အိမ်ရှေ့ရောက်သည်နှင့် အသံကုန်ဟစ်အော်လိုက်သည်။

မိချောထွက်လာသည်ကို မတွေ့ရ။ နံဘေးအိမ်မှ ရွာဆော်ကိုပန်းငွေ၏ကတော် ဒေါ်ပရစ်ထွက်လာပြီး. . .





"မိချောတို့ရွာကြီးသွားဖို့ လှေဆိပ်ဆင်းပြီဟဲ့"

"ဟာ. . . ဟုတ်လား"

ထိုစကားကြားတော့ ဖိုးထင် ခေါင်းနားပန်းကြီးသွား၏။ နောက် ကန်တော့ပွဲကိုရွက်၍ လှေဆိပ်သို့ ဒုန်းစိုင်းရပြန်လေသည်။ သူ့သွားရာလမ်းတစ်လျှောက် သွေးတို့ဖြင့်ရဲလေပြီ။

"မိချောရေ. . . မိချော"

ဖိုးထင် လှေဆိပ်ရောက်တော့ ဦးသာခေါင် ဆေးဆရာဦးပေါ်စနှင့် မိချောတို့ လှေပေါ်ရောက်နေလေပြီ။ ရွာသားများလည်း စုရုံးစုရုံးနှင့် ကူညီပေးနေကြသည်။

"ဦးပေါ်စရေ လမ်းမှာ ဦးသာခေါင်ကြီး သွေးမလွန်အောင် ဂရုစိုက်ကွဲ့"

"စိတ်ချ. . စိတ်သာချပါ. . ဦးကြာဥ ရာ. . . "

"မိချောလည်း အားမငယ်နဲ့သိလား၊ ပြန်ကောင်းမှာပါ"

ရွာသားများ ဝိုင်းဝန်းအားပေးနေ ကြသည်။

နောက်ကျနေသောဖိုးထင် ရေထဲပြေးဆင်းပြီး ကန်တော့ပွဲကို လှေဦးရှိ မိချော ရှေ့တင်လိုက်သည်။

"မိချော. . . ကန်တော့ပွဲထဲ ငါးကျပ်တစ်မတ်ရှိသဟ၊ အဲဒါနင်သုံးဖို့ယူထားနှင့်နော်"

မိချော ဘာမှပြန်မပြောဘဲ မျက်ရည်သုတ်၍ တက်မကို ရေချလိုက်သည်။ လှေကလေး ကမ်းကခွာလေပြီ။

ဖိုးထင် ရေထဲခါးလယ်ထိဆင်းပြီး လိုက်သည်။

"မိချော ဘာမှအားမငယ်နဲ့သိလား၊ ငါ နောက်ကလိုက်နှင့်ခဲ့မယ်"

မိချော ရှိုက်သံသာကြားရ၏။

တက်ရောင်တဖွေးဖွေးနှင့် လှေကလေးက အမှောင်ထုထဲ



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေသည်။

"မိချောရေ. . . ငါလည်း ရွာကြီးလိုက်ခဲ့မဟာ၊ နင်ဘာမှမပူနဲ့သိလား၊ နင့်ရှေ့မှာ. . . နင့်ရှေ့မှာ"


ဖိုးထင်အော်သံက ဥပယံကိုစီးနေသည်။ သူ့ရပ်နေရာ၌ သွေးတို့ဖြင့် ချင်းချင်းနီနေသည်။ နောက်ထပ်စကားသံ မကြားရတော့။

လှေကလေးကို ညယံက ဝါးမြိုသွားလေပြီ။

ရွာသားများလည်း ပျောက်သွားသောလှေကလေးကို ရှာနေဆဲ။ ဖိုးထင်လည်း ခါးလယ်လောက်ရှိ ရေထဲရပ်နေဆဲ။

××××





ဖိုးထင် အနာရင်း၍ လွမ်းဖျားလွမ်းနာကျလေသည်။

နေ့ခင်းပိုင်း အိပ်ရာထဲမလှဲဖူးသောဖိုးထင်၊ အိပ်ရာထဲ လူးလိမ့်ရင်း ဝေဒနာကိုခံစားနေရလေသည်။ မျက်လုံးမှိတ်လိုက်လည်း မိချောမျက်နှာ၊ မျက်လုံးဖွင့်ထားလည်း မိချောမျက်နှာသာ မြင်ယောင်မိနေလေတော့၏။

"မိချောများ အဆင်ပြေပါ့မလား"

ဆိုသည့်စိတ်နှင့် အိပ်ရာထဲ ငေါက်ခနဲ ငုတ်တုတ်ထထိုင်မိလေ၏။ နောက်မှ နာကျင်မှုကိုသတိရပြီး ကြမ်းပြင်ပေါ် ပြန်ပြန်လဲကျသွားသည်။

သူ့ခမျာ ဖျားလည်းမဖျားဘူး၊ လွမ်းလည်း မလွမ်းဘူး၍ နေရထိုင်ရတာကိုက လွန်စွာ စပ်ဖျင်းဖျင်းဖြစ်နေရရှာလေသည်။ သူ အိပ်ရာထဲက မထတာပင် နှစ်ရက်ရှိပြီ။ ထို့ကြောင့် အိပ်ရာထဲ

www.burmeseclassic.com

www.burmeseclassic.com



လှဲ့ရ သည်ကိုပင် ကျောကပူသလို၊ ခေါင်းကနာသလို။

"မဖြစ်သေးပါဘူးလေ၊ ငါနှယ်. . လူအို လူနာလိုကိုဖြစ်လို့"

ဟု တွေးမိပြီး ခြေထောက်အနာကို အဝတ်စုတ်တစ်ခုနှင့် စည်းနှောင်လိုက်သည်။ နောက် အိမ်ရှေ့ဆီသို့ ခပ်လေးလေး ထွက်လိုက်သည်။ အဖေနှင့်အမေက ထုံးစံအတိုင်း။

အိမ်ရှေ့ကပြင်တွင် တစ်ယောက်ကိုတစ်ယောက် ကျောပေးရင်း ငြိမ်နေကြသည်။

ဖိုးထင် အိမ်ပေါ်ကဆင်းလာသည်ကို လှည့်မကြည့်အား။

ရွာကလေးမှာ ယောက်ယက်ခတ်နေရှာသည်။ ရုတ်တရက်ဖြစ်ပေါ်လာသောကာလဆိုးကြောင့် လူအားလုံးလည်း ထိတ်လန့်နေပုံရ၏၊ ယခုပင်ကြည့်ပါ။ သူကြီးကိုယ်တိုင်ဦးစီး၍ ရွာကို ခြံစည်းရိုးခတ်ရန် ပြင်ဆင်ရလေပြီ။

ယခင်က တံခါးမရှိဓားမရှိ ဘယ်နားကဝင်ဝင် ရွာထဲရောက်သောရွာကလေးကို ကိုယ့်ရွာသားပင် ဝင်၍မရအောင် စည်းရိုးကာရပြီ။

တစ်ရွာလုံး အလုပ်လုပ်နေတာမြင်တော့ ဖိုးထင် မနေသာတော့။ နီးစပ်ရာပုဆိန် ခါးကြားထိုး၍ ဝါးတစ်လုံးဆွဲကာ စည်းရိုးကာရာသို့ ထော့နင်းထော့နင်းနှင့် လျှောက်သွားလိုက်သည်။

'သြော်. . မိချောတောင် သတိရသား'။ ဒီလို စုပေါင်းလုပ်ရသည့် အလုပ်များ၌ မိန်းမထုကို မိချော ဦးဆောင်ပါသည်။ ယခု မိချော မရှိတော့။

"ဟ. . ဖိုးထင်ရ နေဆိုးဆို၊ အိမ်မှာ နားနားနေနေ နေပါကွ၊ တော်ကြာ ပိုသည်းကာမှဖြင့်"

အောင်ကျော်က ဆီးကြိုနှုတ်ဆက်သည်။ အားလုံး ဖိုးထင်ကို ဝေ့ကြည့်ကြသည်။ ဖိုးထင်က ပါလာသောဝါးလုံးကို ပစ်ချ၊ ပုဆိန်ကို





ထုတ်၊ ဝါးကိုခုတ်ရင်း

"လှဲ့နေတော့ ပိုဆိုးတာပေါ့၊ ချွေးလည်းမထွက်၊ တစ်ကိုယ်လုံး ညောင်းကိုက်ပြီး နေရခက်တာ"

တောသူတောင်သားများ လက်မလှုပ်ရ မနေနိုင်မှို့ ဘာမှ မပြောတော့။

"မောင်သောင်း. . မင်းစိုက်တဲ့ဝါး မှားနေပြီ၊ တောင်ဘက်ကပ်ရမှာ၊ ဒါမှ ထုတ်ဝါးနဲ့ကာမိမှာ"

ဖိုးထင်ရောက်လာသည်နှင့် ဝင်ပြောသည်။ သည်ဘက်မှာတော့ ဖိုးထင်က ပါရမီကောင်းသည်။ စည်းရိုးကာတာမပြောနဲ့၊ ရွာထဲ ဘယ်သူ့အိမ်ဆောက်ဆောက် ဖိုးထင်ပင် ဦးဆောင်၍ ဆောက်ပေးရသည်။

"ဖိုးသား. . မင်း ကန့်လန့်ဝါးက တစ်လုံးကျော်လျှိုပါဟ၊ ဒါမှ ခိုင်မပေါ့၊ အခုဟာက မုဆိုးမအိမ်က ကြမ်းပေါက်ကျနေတာ၊ ကျိုးတိုးကျဲတဲနဲ့၊ ဟိုဘက်ကိုရွှေ့၊ အနောက်ဘက်ကိုလေ၊ နေနေ ငါ ပုဆိန်နဲ့ လာနှက်ပေါ့မယ်"

ဖိုးထင် ရောက်လာသည်နှင့် အလုပ်က ပိုစည်သွား၏။

ခြံစည်းရိုးက အနားရှိ မျှောပင်များကို စီထောင်၍ ကြခတ်ဝါးနှင့် ပတ်ထားခြင်းပင်။ မျှောကလည်းတောင့် ဝါးကတောင့်မို့ တော်ရုံဖြိုရန် လွယ်မည်မဟုတ်။ သို့သော် ရွာတစ်ပတ်လည် ပိတ်ကာရမှာမို့ တော်ရုံလူအားနှင့် အမြန်မပြီးနိုင်။ ဖိုးထင် နေမကောင်းသည့်ရက်မှစ၍ စတင်နေသည်ကိုပင် တစ်ပြစာမရသေး။ ဒါကလည်း ဖိုးထင်တို့လို ကျွမ်းကျင်လုပ်သားမရှိ၍လည်း ဖြစ်နိုင်သည်။ ဖိုးထင်ရှိတော့လည်း အလုပ်က တွင်သား။

"ဟော. . ဟော. . သူကြီးနဲ့အဖွဲ့သားတွေ ခြံစည်းရိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ခတ်လို့ပါလား"

ထိုကဲ့သို့ အောက်ကလိအာသံနှင့်အတူ ဝင်လာသော ကြောင် ကတိုးတို့အဖွဲ့။

ကြောင်ကတိုးကိုမြင်သည်နှင့် ဖိုးထင်စိတ်ထဲ တင်းခနဲဖြစ်သွားသည်။ ကြောင်ကတိုးအပါအဝင် ဆယ့်ငါးယောက်ခန့်ရှိမည်။ အားလုံး လက်နက်ကိုယ်စီနှင့်။

"ဟဲ. . ဟဲ. . ဟဲ. . ဟဲ. . တမြန်ဒနေ့က ဓားပြတိုက်ခံသွားရပြီထင်ပ့ါ။ ထင်တယ်. . ထင်တယ်၊ ကျုပ်စိတ်ထဲက အလိုလိုသိနေတယ်"

ဘာမှထင်စရာအကြောင်းမရှိ။ သူတို့ကိုယ်တိုင်ပင် ရုပ်ဖျက်၍ ဝင်တိုက်သွားသည့်ကိစ္စပေပဲ။ ဖိုးထင်စိတ်ထဲ ပို၍တင်းကျပ်လာသည်။ ကိုင်ထားသောပုဆိန်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတော့၏။

"အဲသည်လိုဖြစ်ရင် ကျုပ်တို့ကို အားကိုးတကြီး အကြောင်းကြားစမ်းပါ၊ ကျုပ်တို့လာပြီး ကာကွယ်မှာပေ့ါ။ အခုတော့ အတော်များပါသွားသေးလား ဟား. . ဟား"

ကြောင်ကတိုး၏ မထီမဲ့မြင်စကားကို ဖိုးထင်သည်းမခံနိုင်တော့။

"ဟော့ကောင် မင်းလက်မှာစွပ်ထားတဲ့ မိချောလက်စွပ် အပါအဝင်ဆို ဘယ်လောက်ပါသွားလဲဆိုတာ မင်းပဲကောင်းကောင်းသိတယ်၊ သူခိုးကသူခိုးလိုမနေဘဲ သူတော်ကောင်းဟန် လာဆောင်ပြမနေနဲ့၊ တယ်လေ ငါ"

ပေါက်ဆိန်ကြီးနှင့် ပြေးဝင်မည်လုပ်နေသော ဖိုးထင်ကို အားလုံး ဝိုင်းဆွဲကြရ၏။ မှန်ပေ၏။ ကြောင်ကတိုးလက်မှာ စွပ်ထား





သည်က မိချော ပွဲလမ်းသဘင်ရှိလျှင် စွပ်တတ်သောလက်စွပ်။ ကြောင် ကတိုးလည်း မျက်နှာပျက်သွား၏။ ဖိုးထင်ညွှန်ပြ၍ အားလုံးမြင် သွား၏။ ဒါကို မျက်နှာပြောင်လှသောကြောင်ကတိုးက လက်စွပ်ကို ပုဆိုးကြားထဲ လှမ်းဖွက်လိုက်ပြီး. . .

"အို. . အို. . ဒါကတော့ တူလို့ပဲနေမှာပါ၊ ဒီလက်စွပ်က ကျုပ်မိဘများ ငယ်စဉ်ကတည်းက ခမဲပေးထားတဲ့ ဘိုးဘွားပိုင်လက်စွပ်ဗျ"

"ဟော့ကောင် ခမဲပေးထားတဲ့လက်စွပ်ဟာ အဲဒီအရွယ်မရှိဘူးကွ၊ လူတိုင်း အသက်ကြီးလာတာနဲ့အမျှ လည်ပင်းဆွဲရတာ"

ဖိုးထင် စကားကြောင့် ရွာသားများပင် လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ၏။ ဒါကို အင်မတန်မှကို မျက်နှာပြောင်လှသောကြောင်ကတိုးက

"ဒါတွေက အထင်မှား အမြင်မှားတွေပါ၊ မကြာခင် အဖြစ်မှန်ပေါ်တော့မှ ကျုပ်တို့ကိုကျေးဇူးတင်ရမှာပါ၊ ကျုပ်တို့က စေတနာသမားတွေပါ၊ ကဲဟော့. . အလုပ်နဲ့သက်သေပြရအောင် ရွာခြံစည်းရိုးကို ဝိုင်းကူလိုက်ကြစမ်း"

သူစကားဆုံးသည်နှင့် သူတပည့်များ ဝါးလုံးကိုင်သလို၊ မြေတူးသလို ဝိုင်းလုပ်ကြသည်။ သူကိုယ်တိုင် ဝါးတစ်လုံးကိုမ၍ ဖိုးထင်ရှေ့ ပစ်ချလိုက်သည်။ ပြီးနောက် မျက်နှာကို ရှုံ့မဲ့၍

"ဟ. . အလုပ်လုပ်ရတာ ပင်ပန်းလိုက်တာကွာ၊ ကဲဟော့. . လုပ်အားပေးထမင်းလေး လွေးရအောင် ပြင်ကြစမ်း"

ဆိုကာ အလှူထမင်းချက်ရုံသို့ အုပ်စုလိုက် ခြေလှမ်းသွားကြသည်။ နောက် ကျက်သည်မသိ၊ မကျက်သည်မသိ၊ ကြိုရာခူးခပ်ထည့်ပြီး အားရပါးရ လွေးနေကြပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

ကြောင်ကတိုးတို့လုပ်ပုံကို ဖိုးထင်သည်းမခံနိုင်တော့။ လက်ထဲမှပုဆိန်ကို ဆကြည့်လိုက်သည်။ ဖိုးထင်ဇကိုသိသောအောင်ကျော်တို့ ရှဲသွား၏။

"မောင်ဖိုးထင်"

သူကြီးဦးကြာဥ၏ ခေါ်သံ။

"ဒီမှာတော့ မလုပ်ပါနဲ့ကွာ၊ မင်း အဲဒီလိုလုပ်ရင် သူတို့က ရွာကို မီးတိုက်ပစ်ကြမှာကွ"

ဖိုးထင် ကျစ်ကျစ်ပါအောင်ဆုပ်ထားသောလက်များ ပြေလျော့သွား၏။ ရွာပျက်မည့်အရေးကိုတော့ သူမခံနိုင်။ ကိုင်ထားသောပုဆိန်ကို မြေပြင်ပေါ်သို့ လွှတ်ချလိုက်သည်။ စိတ်ထဲမှာတော့ စိစိညက်ညက် ချေချင်ဆဲ။

ခြေလှမ်းကိုပြောင်းလိုက်သည်။ ထော့နင်းထော့နင်းပင် မဖြစ်တော့။ ခြေကအနောက အသည်းဆီ ပြောင်းချေ၏။

×××××







အိမ်ရှေ့ကပြင်တွင် အဘနှင့်အမေက ကျောပေးကာ ဆောင့်ကြောင့်ထိုင်ငေးနေကြဆဲ။

ဖိုးထင် အိမ်ပေါ်တက်၍ လက်ဖွဲ့တော် ငှက်ကြီးတောင်ဓားကို ရှမ်းခနဲထုတ်လိုက်သည်။ အသုံးမပြုတာကြာပေမယ့် ဓားက သံသားကောင်းသမို့ မြနေသည်။

ဖိုးထင် အိမ်ပေါ်မှ ဓားလွတ်ကိုင်၍ ပြန်ဆင်းလာသည်။ သူ့ကို ဓားကြီးနှင့်မြင်တော့ မိခင်ဆေးလိပ်အဖွာရပ်သွား၏။ ပြီးနောက် လေသံတိုးတိုးဖြင့်

"ဇည့်သည်တွေပဲ သားရယ်၊ အချိန်တန်ရင် အိမ်ပြန်ကြရမယ့်သူတွေပါ၊ ရန်စကို မပွားချင်ပါနဲ့"

ဖိုးထင် ဘာမှပြန်မပြောဖြစ်။ ရွာအပြင်ဘက် တောတန်းဆီသို့ တစ်ယောက်တည်း တက်သွား၏။ ဖိုးထင်စိတ်ကိုသိသော မိဘများ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှဆက်မတားမြစ်။ သူ့စိတ်ထဲမှာတော့ မိချော၏ ငိုယိုနေသော မျက်နှာ၊ သူချစ်ခင်ရသော ကိုရင်ငှက်တောမျက်နှာ၊ သေနတ်ဒင်္ဂါရာကြီးနှင့် ဦးသာခေါင်၏ သေလုမျောပါးမျက်နှာများ၊ ဓားကိုင်ထားသောလက်များ ပူကျစ်နေ၏။ အကြောစိုင်များ တင်းရင်းနေသည်။

×××××







တချွတ်ချွတ်နှင့် တောနင်းသံ။

"ငါ့မှာကွာ မသိဘူးမှတ်ပြီး ဝင်ရောတာ၊ အပေါးပေါး ဟိုကောင်က သူ့မိထွေးလက်စွပ်ကို မှတ်မိသွားလို့ ဟီးဟီး. . မနည်းလမ်းကြောင်းပြောင်းပြီး ထမင်းဝင်လွေးလိုက်ရတာ"

"ဆရာကြောင်ကတိုးက ကြွားချင်စိတ်နဲ့ အဲဒါကြီးဝတ်သွားတာကိုး၊ အမှန် အဲဒါသာပိရိသွားရင် ခင်ဗျားတို့ရွာ ကာကွယ်ဖို့ဆိုပြီး နွားနှစ်ကောင်လောက် အသာလေးဆွဲခဲ့ရမှာ၊ ဟိုဘက်ရွာမှာ နွားဈေးကောင်းဗျ၊ နောက်ပြီး သတင်းပေးတဲ့ကောင်လေး မဆိုးဘူးဗျ၊ ယောကျ်ားသားမရှိတဲ့အိမ် တန်းပေးသွားတာ"

"ငါးပြားလေ၊ ငွေငါးပြားတန်ခိုးပေါ့"

သူတို့အားလုံး ညနေခင်းတစ်ခုတွင် ဇိမ်ခံလမ်းလျှောက်လာသလို လျှောက်လာရင်း ရောက်တတ်ရာရာ ပြောလာ၏။ တောကား



www.burmeseclassic.com

www.burmeseclassic.com



နက်လာပြီ။

“ဒါနဲ့ ကျုပ်တို့ဝင်တဲ့အိမ်ကကောင်မလေးက မဆိုးဘူးနော်. . . အာစိ”

“အသည်းမာလေးဗျ၊ ငါ သူ့နားကပ်တော့ မျက်နှာကိုတံတွေးနဲ့ ထွေးတာ၊ ငါလည်း မှတ်သားလောက်အောင် သူ့အဖေပေါင်ပေါ်ပြောင်းတင်ပြီး ပညာပေးလိုက်တာ၊ ထိချက်ကတော့ကွာ ပြောမနေနဲ့ အပေးပေး”

ကြောင်ကတိုးရယ်သံနှင့်အတူ အနီးကပ်ကြားလိုက်ရသောအသံက. . .

“ကျွား”

“ဟာ”

သူတို့စကားမဆုံးခင် တောထဲမှာ ငှက်ကြီးတောင်ဓားကိုင်ပြီး ပြေးထွက်လာသူတစ်ယောက်။ မျက်နှာကို လုံချည်နှင့်အုပ်စည်းထား၍ မည်သူမှန်းမသိ။ သူတို့ ကြောင်ငေးကြည့်နေသည်။ နောက်မှသတိရပြီး. . .

“ဟ. . ဟ. . လုပ်ကြပါဦးဟ. . အားလုံးအသင့်. . ဟာ”

သို့သော်

“အား”

သတိရ၍ ကြောင်ကတိုး ရှောင်လိုက်ပါသည်။ သို့သော်တစ်ဖက်သား၏ ငှက်ကြီးတောင်ဓားက သူ့မျက်နှာကို ကန့်လန့်ကြီးဖြတ်သွား၏။ နောက်မဆုတ်လျှင် ငယ်ထိပ်တည့်တည့်။

“အား”

သွေးက ရဲခနဲ။

“သေကြစမ်း လူယုတ်မာတွေ”





“အား”

“အား”

ဓားက ဖွေးခနဲ။ ဖွေးခနဲ။ သွေးက ရဲခနဲ။ ရဲခနဲ။ လူဆယ့်လေးငါးယောက်မှာ ဓားတစ်စင်းကြောင့် ပြောင်းဆန်ကုန်၏။

“ဒိုင်း”

သတိရပြီး ပြောင်ကြီးက မောင်းတင်ပြီး ကြိုရာလွှတ်ထုတ်လိုက်သည်။

ထိုသေနတ်ကျည်ဆန်က ဓားလွတ်ကိုင်လူနှင့် ဝါးတစ်ရိုက်အကွာ ကညင်ပင်ထိပ်ဖျားကို ဖွာခနဲ သွားမှန်သည်။

ကံကောင်းသွားပါသည်။ ထိုသေနတ်သံကြောင့်ပင် ဓားကိုင်လူမှာ သုံးလေးယောက်ကို ဆက်ပိုင်းပြီး တောနက်ထဲ ဝင်ပြေးသွားတော့၏။

“ဒိုင်း”

ကြောင်ကတိုး သေနတ်ကိုမောင်းတင်ပြီး ကြိုရာလှမ်းပစ်လိုက်သည်။ မျက်နှာတစ်ခုလုံး သွေးချင်းချင်းနီနေသည်မို့ ဘာမှကောင်းစွာမမြင်လိုက်ရ။

“ဟော့ကောင်တွေ လိုက်ကြစမ်း၊ လိုက်ကြစမ်း”

ကြောင်ကတိုးအော်သံ။ သတ္တိကောင်းသော တပည့်များကတွန့်ဆုတ်၊ တွန့်ဆုတ်နှင့် တောနက်ထဲ ပြေးဝင်သွားသည်။

xxxxx



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် ဟောဟဲလိုက်နေသည်။ ခြေထောက်မှ ရင်းသောအနာက သစ်ငုတ်များ ကျောက်စွန်းများကြောင့် သွေးချင်းချင်း ပြန်ရဲလာ၏။ ရပ်လို့မဖြစ်သေး။ သူ့နောက်မှ ခြေသံများက ကြားနေရသလိုလို။

ဘယ်သူသေသေ ငတေမာရင်ပြီးရော လက်က လွှတ်မှဖြစ်မည်။ ဖိုးထင် ကြိုတင်ကြံစည်ထားသည့်အတိုင်း တောနက်လျှိုကြီးတစ်ခုထဲ ဝင်အောင်းလိုက်သည်။

“အေး..ကောင်းတယ်
အဲ..အာစိ...
ခုနက...
မားအက်ကရာနဲ့သေရင်
ငါခေါင်းဆောင်
လုပ်မှာနော်”
“အောင်မာ”

သိပ်မကြာပါ။

“ဒီနားတင်များ ပျောက်သွားသလားလို့”

“ဘယ်နားမှာ မင်းတွေ့လို့လဲ”

“လာပါကွာ၊ အာစိကို မတွေ့တော့ဘူး၊ မမီလိုက်ဘူးလို့သာ သံတော်ဦးတင်လိုက်မယ်၊ သူလည်း လိုက်နိုင်တာမှမဟုတ်ဘဲ”

“အေး. . ကောင်းတယ်၊ အဲ. . အာစိ ခုနက ဓားဒဏ်ရာနဲ့သေရင် ငါခေါင်းဆောင်လုပ်မှာနော့”

“အောင်မာ. . ဓားပြလေးတိုက်တာတောင် အိမ့်ပေါက်ဝနေခဲ့တဲ့ကောင်ကများ ခေါင်းဆောင်လုပ်ချင်သေး၊ သူသေရင် ငါခေါင်းဆောင်လုပ်မှာ”

“မင်းကများ”

အသံများ တဖြည်းဖြည်း ပြန်ဝေးသွား





၏။

“အား. . ကျွတ် ကျွတ်”

ဖိုးထင်၏ ခြေဖဝါးမှ သွေးညစ်များ၊ သွေးစိမ်းများ စီးနေ၏။

သွေးတိတ်စေရန် ဖိုးထင်မျက်နှာစည်းသော လုံချည်ကို ဆုတ် ၍ ဖဝါးပြန်စည်းလိုက်သည်။

အနာက နာသလို မနာသလို။ သူ့ဒေါသကလည်း ပြေသလို မပြေသလို။ အလုပ်က မပြီးပြတ်သေးသည်မို့ သူ မတ်တတ်ထရပ်လိုက်သည်။

“အာလယ်လယ်”

ခြေထောက် မျက်ခနဲနာသွားသည်မို့ ဖိုးထင် ပါလာသော ငှက်ကြီးတောင်ဓားကို အဖော်ပြုလိုက်သည်။

ထို့နောက် ရွာပြန်ရန် ခြေလှမ်းစလိုက်သည်။

xxxx



www.burmeseclassic.com



တောရိုးထဲက သေနတ်သံကြားကတည်းက သူကြီးအပါအဝင် ရွာသားများ စိတ်တထင့်ထင့်။ ဖိုးထင်လည်း ပျောက်နေသည်မို့ ဖိုးထင် ရမ်းကားလေပြီမှန်း သိကြ၏။ သို့သော် ဟန်မပျက် ခြံစည်းရိုးကာလျက်ပင်။

သူကို့ထင်တာ မမှား။ သိပ်မကြာခင်အချိန်အတွင်း မျက်နှာကွင် ဒဏ်ရာကြီးဟောက်ပက်နှင့် ကြောင်ကတိုးအဖွဲ့ ပြန်ရောက်လာ၏။ ကြောင်ကတိုး အပါအဝင် လူလေးငါးယောက်လောက်ကလည်း ဒဏ်ရာတွေကိုယ်စီနှင့်။

"သူကြီး. . သူကြီး. . သူကြီး ဘယ်ရောက်သွားလဲ၊ ခေါ်စမ်း"

သူကြီးကိုမြင်ပါလျက်နှင့် ကြောင်ကတိုး ပါဝါပြသည်။

"ဘာများဖြစ်လို့လဲ ကိုရင်တို့ရယ်"

"ဘာဖြစ်ရမှာလဲဗျ၊ ခင်ဗျားတို့ရွာသားထဲကတစ်ယောက်၊





ကျုပ်တို့ကို ရန်ရှာသွားလို့"

သူကြီး သက်ပြင်းချသည်။

"တစ်ယောက်နဲ့အများတောင် ရန်ရှာခံရတယ်ဆိုလည်း မဲပေါ့"

ကြောင်ကတိုး ရှုံ့ရှုံ့ရှားရှား ဖြစ်သွားသည်။

"အဲဒီသစ္စာဖောက်ကောင် ဘယ်သူလဲ၊ ကျုပ်တို့ကို ရှာပေးစမ်း"

သူကြီး သူ့ရွာသားများဘက် လှည့်ကြည့်သည်။

"ဒီရွာမှာ သန်သန်မာမာလူ ဒါအကုန်ပဲလေကွယ်၊ ဒီမှာပဲ ရှိနေကြတာပဲ၊ ဘယ်သူ ဘယ်သွားတာလဲ"

ကြောင်ကတိုး ဇဝေဇဝါ ဖြစ်သွားသည်။ ဟုတ်ပါသည်။ ခုနရှိသည့်သူအားလုံး ရွာခြံစည်းရိုးကာရာမှာ ရှိနေကြသည်ပဲ။

နောက်မှ သတိရပြီး

"ဟိုကောင်. . ကျုပ်ကို ဓားပြလို့စွပ်စွဲတဲ့ကောင်၊ အဲဒီကောင် ဘယ်မှာလဲ၊ အဲဒီကောင်ကိုပြပေးစမ်း"

ဖိုးထင်ကို ရည်ရွယ်မှန်း တစ်ရွာလုံးသိသည်။

"မင်းတို့အမြင်ပဲလေကွယ်၊ အဲဒီကောင်လေး ခြေထောက်နာပြီးဖျားနေတာ၊ သူ့အိမ်မှာ ပြန်ခွေနေမှာပေါ့"

"အဲဒီကောင်အိမ် ဘယ်မှာလဲ၊ ပြောစမ်း"

"ကျုပ်သိပ၊ ကျုပ်ပြပေးမယ်"

×××××

www.burmeseclassic.com





ဖိုးထင်တို့အိမ်ရှေ့ လူစည်ကားနေသည်။

ရွာသားများနှင့် ကြောင်ကတိုးအဖွဲ့ပင်မဟုတ်၊ ကြွက်ကတိုးတို့အဖွဲ့ပါ ရောက်နေကြသည်။

"ဘယ့်နှယ်လဲ. . . လူစွမ်းကောင်းကြီး၊ အလို. . မျက်နှာမှာလည်း ဒဏ်ရာကြီးနဲ့ပါလား၊ အဟက်ဟက် အဖေ ဆိတ်ကတိုးကြီးမြင်ရင်တော့ သူကောင်းပြုဦးမှာ၊ ဟီး"

ကြွက်ကတိုးက ကြောင်ကတိုးကိုစသည်။ နှစ်ဘက်က လက်နက်ကိုယ်စီနဲ့မို့ အသင့်ပြင်ထားကြပြီးသား။

"ငါ့မှာတော့ သေနတ်သံကြားလို့ ရွာလုံခြုံရေးအတွက် ပြေးလာရတာ၊ လက်စသတ်တော့ မင်းတို့အဖွဲ့ ဖြစ်နေတာကိုး၊ ဘယ့်နှယ်လဲ အလုပ်ရှောဖြစ်ရဲ့လား"

"ဟော့ကောင် ကြွက်ကတိုး ငါ့ဒေါသကို သိတယ်နော်၊ မင်း





အသာနေ၊ ဒီရွာမှာ ငါစီရင်စရာရှိသေးတယ်"

ကြောင်ကတိုးစကားကို ကြွက်ကတိုးက လက်မြှောက်ပြပြီး ဆက်လုပ်ရန် မျက်စပစ်ပြသည်။ သူတို့က အဖေတူမအေကွဲများပင် မဟုတ် လား။

"ဒီမှာ. . . ခင်ဗျားတို့သား ဖိုးထင် ဘယ်မှာလဲ"

ဦးဖိုးထယ်ရော ဒေါ်လယ်ပါ ဘန့်ဘွေး ရွက်ဆေးလိပ်ကြီးနှင့် ငိမ်ကျနေသည်မို့ မဖြေအားသေး။

"အာ. . ကြာပါတယ်ကွာ. . အိမ်ပေါ် တက်ရှာကြစမ်း"

"ဟုတ်. . အာစိ"

ကြောင်ကတိုးအမိန့်ကို တပည့်များ တစ်သဝေမတိမ်း လိုက်နာ၏။ ရှာစရာမရှိ သောအိမ်ကို ကြမ်းခင်းကစ လှပ်ရှာသည်။ ပြာပုံကိုပင် ဖွကြည့်သေး၏။ ခေါင်မိုးကို တုတ်နှင့်ထိုး သည်။

"မတွေ့ဘူး အာစိ"

လူရှေ့သူရှေ့ သူနှင့်ယှဉ်ဘက် ညီတော်မောင်ကြွက်ကတိုး အဖွဲ့ရှေ့မို့ ကြောင်ကတိုး ပိုကြမ်းပြချင်နေသည်။

"ခင်ဗျားတို့သားကိုဘယ်နားဖွက်ထားကြလဲ၊ ပြောစမ်း"

နှစ်ယောက်လုံး ဘာမှမပြော။ ဘန့်ဘွေးရွက်ကြီး ဇိမ်နှင့်ဖွာရင်း ငြိမ်နေသည်။ သူတို့စိတ်ထဲ ဘာမှမတွေ့သည့်ကိစ္စကို ဘာမှ ပြန်ဖြေစရာမဟုတ်ဟု ထင်နေပုံရ၏။ ကြောင်ကတိုးကသာ ဒေါသ ထွက်ပြီး

"ကြာပါတယ်ကွာ၊ ဟော့. . ဒီအိမ်ကို မီးတင်ရှို့စမ်း"

သူ့စိတ်ထဲ မှတ်လောက်သားလောက်အောင် ဆုံးမလိုက်ချင်ပုံရ၏။

ထိုစကားကြားမှ ဦးဖိုးထယ် ဖြည်းညင်းစွာထလာ၏။ ငြိ



www.burmeseclassic.com

www.burmeseclassic.com



နောက် ဆေးလိပ်လေးဖွာရင်း အိမ်ပေါ်တက်သွားသည်။ သိပ်မကြာပါ။ ဦးဖိုးထယ် သူ့ငါးရှဉ့်မြှုးရယ်၊ ခေါင်းအုံးလေးတစ်လုံးနှင့် ဒေါ်ကလယ်၏ဈေးဝန်းလေးဆွဲပြီး ပြန်ဆင်းလာ၏။ သူတို့ဘဝတွင် ဒါရှိလျှင် ထမင်းမှမငတ်ဘဲကိုး။

ဒေါ်ကလယ်လက်ထဲ ဈေးဝန်းထိုးထည့်ပေးရင်း

"မကလယ် မီးပွားလွင့်ရင် မှန်နိုင်တယ်၊ အိမ်ရှေ့ရွှေ့"

ဒေါ်ကလယ်က ဈေးဝန်းကိုယူပြီး သူ့ယောက်ျားစကားနားထောင်၏။ အိမ်အရှေ့ ခပ်လှမ်းလှမ်း၊ လူအများရှေ့နှစ်ယောက်သား ကျောပေး၍ ဆောင့်ကြောင့်ထိုင်ရင်း ငြိမ်နေကြသည်။ အတန်ကြာမှ ဦးဖိုးထယ်က အင်မတန် စိတ်ကောင်းသည့်လေသံဖြင့်

"ရှို့ကြလေကွာ၊ လခွေးထဲမှ"

ကြောင်ကတိုးတို့ ဦးဖိုးထယ်အိမ်ကို တကယ်မီးတင်ရှို့ကြသည်။ ရွာသားများ မီးပွားမှန်မည်စိုး၍ ခပ်ဝေးဝေး ရွှေ့သွားကြ၏။ ဦးဖိုးထယ်နှင့် ဒေါ်ကလယ်မှာ အိမ်မီးလောင်နေသည်ကို လှည့်ပင်မကြည့်။ တစ်ယောက်တစ်ဖက်စီ ငေးရင်း

"မကလယ်"

"အွန်း"

"နင်ပဲ အိမ်အသစ်နေရပြီဆိုပြီး အိပ်မက်လို့ဆို"

"အွန်း"

"တောစပ်နားမယ် ပိတောက်ပင်အကြီးကြီး ငါတွေ့ထားပေါ့"

"သစ်ကောင်းလောက်တော့ လုပ်ပါတော်"

စကားသံ ပြန်တိတ်သွား၏။ အိမ်မီးလောင်သံက တဖျစ်ဖျစ်မြည်နေ၏။





သည်ရွာမျိုး အိမ်ကိုမီးရှို့၍ ဘာထူးမည်နည်း။ အလုပ်သမား တစ်ရွာလုံး အခမဲ့။ အိမ်အတွက်သစ်က တစ်တောလုံးအခမဲ့။ ဦးဖိုးထယ်တို့လက်ထဲ ငါးရှဉ့်မြှုးနှင့်ဈေးဝန်းရှိက စားစရာအခမဲ့။ ဘာလိုအပ်မည်နည်း။

ဖိုးထင်ကသာ တောစပ်မှနေ၍ မီးခိုးအူနေသော သူ့ရွာကို ငေးကြည့်သည်။

×××××



www.burmeseclassic.com



ဖိုးထင် တောထဲ၌ပင် လေးငါးရက် အောင်းနေလိုက်သည်။ တွေ့ကရာရှာဖွေစားသောက်ရင်း အသက်ဆက်နေရလေ၏။

ရွာသို့ မပြန်ဖြစ်သေး။ ကျောင်းကတိုးရော ကွက်ကတိုးတို့ အဖွဲ့တွေပါ သူ၏အရိပ်အခြေစောင့်ကြည့်နေမှာ သူ အသေအချာ သိသည်။

မိသွားလျှင်တော့ သူ့ဘဝမတွေးရဲစရာ။ မိချောနှင့် မယူရ သေးပဲနဲ့တော့ မသေနိုင်သေး။

ကြာလာသည်နှင့်အမျှ ရင်းနေသည့်အနာက အနာဖေး တက်ပေပြီ။ သူ၏နှလုံးသားတွင် တက်နေသော အနာဖေးကား ခွာမရ။

သတိရစိတ်က ကြီးစွာကြီးစိုးနေလေပြီ။ ရံဖန်ရံခါ၌

"မိချောရေ"

ဟုပင် စိတ်လွတ်လက်လွတ် ဟစ်ပစ်လိုက်ချင်တော့၏။ သူ အော်လည်း မိချောက ကြားနိုင်မည်မဟုတ်။ ထို့ကြောင့်သာ။

×××××







ညကား နက်နေပြီ။

ဦးဖိုးထယ်နှင့် ဒေါ်ကလယ်မှာ အိမ်ရှေ့ကွပ်ပျစ်၌ တစ်ယောက်ကိုတစ်ယောက်ကျောပေး၍ အိပ်နေသည်။

ရွာကား တိတ်ဆိတ်နေလေပြီ။

"အဘ. . အမေ"

"ဖိုးထင်လား"

ဖိုးထင်၏ခေါ်သံကို အိပ်လျက်က ဒေါ်ကလယ် ပြန်ထူး၏။ ဖိုးထင် အဖေ၊ အမေခြေရင်း ကွပ်ပျစ်နားကပ်၍ ဆောင့်ကြောင့်ထိုင်၏။ ပြီးနောက် ဘာမှမရှိတော့သော သူ့အိမ်ဂေနရာလေးကို ငေးကြည့်နေသည်။

"ကျုပ် မိချောဆီ လိုက်သွားချင်သပ"

မိခင်ထံမှသက်ပြင်းချသံကြားရ၏။ ဘာမှပြန်ဖြေသံမကြား

www.burmeseclassic.com



ရ။

"ကျုပ် ဒီရွာမှာနေရင်လည်း"

ဒေါ်ကလယ် ဘန့်ဘွေးရွက်မီးညှိရန် မီးခြစ်ရှာသည်။ ဖိုးထင်ကသာ ငုံချင်သောအသံဖြင့်

"ကျုပ်ကို ခွင့်ပြုပါအမေ၊ ကျုပ် ကန်တော့ခဲ့ပါတယ်"

ဖိုးထင် နောက်ဆုတ်၍ကန်တော့သည်။ ပြီးနောက် ဖြည်းညှင်းစွာထ၍ ထွက်လိုက်သည်။

"ဖိုးထင်"

"ဗျာ အဖေ"

သူ့အဖေခေါ်သံကြား၍ ဖိုးထင်ခြေလှမ်းတန့်သွား၏။ သူ့အဖေလက်က အုံးထားသောခေါင်းအုံးဆီ လှုပ်ရှားနေ၏။ နောက်ထိုလက်က သူ့ဆီဆန့်တန်းလာပြီး

"ရော့. . ပိုက်ဆံယူသွား"

ဖိုးထင် သူ့အဖေ ကမ်းပေးရာကို လှမ်းယူလိုက်သည်။ မိန်းမယူမည်ဆိုတုန်းက တစ်ပြားမှမထွက်ခဲ့သည့် ဖခင်ကအခုတော့. .။ ဖိုးထင် မျက်ရည်ဝိုင်းသွား၏။ မိဘက သားသမီးအပေါ်ထားသည့် မေတ္တာလား ဖိုးထင်မတွေးတတ်။

ကျေးဇူးတင်စကားကိုတော့ ဘယ်ကစပြောရမှန်းမသိ။ သူ့တစ်သက်မှာ ထိုစကားမျိုး ပြောမှမပြောခဲ့ဖူးတာ။

ထို့ကြောင့် ထိုစကားကိုစိတ်ထဲမှာသာ သိမ်းဆည်းကာ အမှောင်ထုထဲ တိုးဝင်လိုက်သည်။

သိပ်မကြာလိုက်ပါ။ ချောင်းရိုးတစ်လျှောက် လေ့လှော်သံ တရှပ်ရှပ်ကြားရ၏။ ဖိုးထင်ကား ရွာကြီးသွားလေပြီ။

×××××







ရွာကြီးက ဖိုးထင် ထင်သည်ထက်ပင် ပိုကြီးပါသည်။

လှေကို ကြိုးချည်ပြီး ကမ်းပေါ်တက်သည်နှင့် များပြားလှသော လူများကိုကြည့်၍ ဖိုးထင် လန့်နေသေး၏။

သူ မမြင်ဖူးသောလူများ၊ သူ မမြင်ဖူးသော ဘာသာစကားများ ကြိုကြားကြိုကြားနေရ၍ လူများပင်ဟုတ်၏လောဟု ဖိုးထင် သံသယဖြစ်နေသေးသည်။ တချို့ကဖြူဆွတ်နေ၍ တချို့ကမည်းနက်နေကြ၏။

"ဟီဟိ"

ထိုသူများကို နှိုင်းယှဉ်ကြည့်၍ ဖိုးထင်ရယ်မိသေးသည်။

ပြီးနောက် သူ့ကိုယ်သူပင် ပြန်ငုံ့ကြည့်မိသည်။ သူကတော့ ပုံမှန်ပင်။ သူတို့ရွာတွင် ဤသို့ဖြူလွန်းသူ၊ ဤသို့ မည်းလွန်းသူဟူ၍ မရှိဘဲ အားလုံးညိုညိုမောင်းမောင်းနှင့် ခပ်လတ်လတ်အရွယ်အစား



www.burmeseclassic.com

www.burmeseclassic.com



များပင် မဟုတ်လော။ ဖိုးထင် အသေအချာကြည့်လိုက်သည်။

မိန်းကလေးများသည်ပင် မိချောတို့လို ဖျင်ကြမ်းအဖြာ အထေးနှင့်မဟုတ်ဘဲ ပွဲလမ်းသဘင်ရှိလျှင် ဝတ်လေ့ရှိသော ပဒုံမှာ ပွင့်ရိုက်များ သို့တည်းမဟုတ် ဇာအကျီများပင် ဖြစ်နေသေးတော့၏။

ဖိုးထင်ကသာ လူများကို ဂရုပြုမိသော်လည်း ဖိုးထက်ကိုတော့ ဘယ်သူမှဂရုမပြုမိပေ။ အကျီဝလာကျင်း၊ လုံချည်ညစ်ညစ်တိုတို၊ ခြေဗလာနှင့် ဖိုးထင်ကို မည်သူကအရေးတယူပြုမည်နည်း။

ဖိုးထင် ခြေလှမ်းစလိုက်သည်။

ကမ်းနားတစ်လျှောက် အမျိုးအစား စုံလင်များပြားလှသော ဆိုင်ခန်းများကိုကြည့်ရင်း ဖိုးထင်အံ့အားသင့်နေသည်။ ရွာဘုရားပွဲတွင် တစ်နှစ်တစ်ခါဆင်ဖြစ်သော အလှူမဏ္ဍပ်ပင် ထိုဆိုင်များ လောက်ခမ်းနားမှုမရှိ။

အိုးပုတ် ချိုးရုပ်မှစ၍ မူးယစ်ဖွယ် ယမကာများ ပြောင်ပြောင်တင်းတင်းရောင်းချနေသော ဆိုင်များလည်းရှိ၏။ ဖိုးထင် ထိုဆိုင်များကို ပတ်ခြုံကြည့်ရင်း သဘောတွေကျနေ၏။ ပိုက်ဆံများ ရှိလို့ကတော့ ဘယ်ဆိုင်ဝင်ဝင်။

"တောက်. . ချက်အရက်လေး တီးထည့်လိုက်ရင်တော့ ရင်ထဲ ပူဆင်းသွားတော့မှာ"

အတွေးက ရောက်သေး၏။ နောက်မှ သတိရပြီး

"ဟယ်. . မဖြစ်သေးပါဘူးလေ၊ ငါ့ရှိတာမှ ငွေငါးပြား၊ မိချောလည်း ရှာရဦးမှာ"

ဖြစ်ချင်စိတ်များကိုမျိုသိပ်ရင်း ဘေးဘီဝေ့ကြည့်မိသည်။ စိတ်ကူးတော့ရှိသည်။ ဘယ်ကဘယ်လိုစရှာရမှန်းမသိ။

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"



အနားမှဖြတ်သွားသော ကောက်ညှင်းပေါင်းသည် အမယ်အို ကြီးကိုမြင်တော့ ဖိုးထင်အကြံရသွားသည်။

"ကောက်ညှင်းပေါင်း လာပါဦး"

အမယ်အိုကြီး ပြန်လှည့်လာ၏။

"ဈေးဗန်းကူချပေးပါဦး သားရယ်"

အရွယ်နှင့်မမျှအောင် ကြီးမားသောဈေးဗန်းကို ဖိုးထင် ကူချပေးသည်။

"တစ်ပုံလောက် ထုပ်ပေးပါ အမေကြီးရာ၊ ပိုတော့ထည့်"

ဖိုးထင်စကားကို အမယ်ကြီးက ပြုံးပြီး

"အမလေး. . အစားကျူးနဲ့ လာတွေ့နေတာကလား၊ အင်း. . ကောင်းပေလိမ့်၊ စားနိုင်မှလုပ်နိုင်မှာကလား၊ ရော့. . သား. . ဝအောင်သာစား၊ အမေကြီးမှာလား မလျှုတတ်လို့ ဈေးရောင်းနေရတာ"

ဖိုးထင်အကြိုက် အပိုအများကြီးနှင့်မို့ ဟာနေသောဝမ်းကို ပလုတ်ပလောင်းပင် သွပ်သွင်းလိုက်သည်။ အုန်းသီးနိုင်နိုင်၊ နှမ်းဆားထောင်းနိုင်နိုင်မို့ ခံတွင်းလိုက်ပေသည်။

"ဒါနဲ့ အမေကြီး ရွာကြီးကို ပေါင်မှာသေနတ်မှန်ပြီး ရောက်လာတဲ့ သားအဖများ တွေ့မိသလားလို့"

အမယ်ကြီး ခေါင်းခုဖြုတ် ချွေးသုတ်ရင်း စဉ်းစား၏။

"အင်း. . အခုတလော ရွာသိမ်တွေက တောကြောင်တွေ လက်ချက်နဲ့ရောက်လာတဲ့သူ မနည်းကလား။ ဟောတစ်ယောက် ဟောတစ်သိုက်နဲ့ဆိုတော့ မှတ်ရအခက်သား၊ အင်း သတိတော့ထားမိသလားလို့၊ ရွာကြီးကလည်း လူတွေပေါ ဈေးနေတော့ မျက်နှာတွေ မကျက်မိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် အားတက်ရမလို၊ အားပျော့ရမလို ဖြစ်နေသည်။

"အင်း. . ရွာခံလူသိတော့ အရှာရလွယ်တာပေါ့"

"ရွာခံက ဒေါ်ပုတီးတဲ့၊ သေနတ်မှန်တာက ဦးသာခေါင်၊ သူ့သမီးက မိချော၊ ဒေါ်ပုတီးက ဦးသာခေါင်ရဲ့ အစ်မဆိုလား"

"ဩော်. . ပုတီးတူမပြောတာမှတ်တယ်၊ မိချော မိချော သိပ်ပါ့ကွယ်၊ လူနဲ့နာမည်နဲ့လိုက်တာ သူတစ်ယောက်ရှိတာ. . . အင်း ပြောရရင် ပုတီးခမျာသနားစရာ"

"ဘာ. . ဘာများဖြစ်လို့လဲ အမေကြီးရယ်"

"ဟိုးအရင်ကတော့ ပုတီးမှာ စပါးဝယ်၊ ပဲဝယ်၊ လှောင်ရောင်းနဲ့ အဆင်ပြေပါ့၊ အခုတော့ ဟိုမယ်မြင်ရတဲ့အတိုင်း တရုတ်တွေ ကုလားတွေက ငွေပိုရှိတော့ဝင်ပြီး ဈေးဖျက်၊ အရောင်းအဝယ်လုပ်တော့ သူ့ခမျာလည်း စီးပွားပျက်ရှာပြီလေ"

"ဩော်"

ခုနမြင်ရသော ဖြူဖြူမည်းမည်းများက အမေကြီးပြောသည့် တရုတ်ကုလားဖြစ်မည်။

ဖိုးထင် စားလက်စ ကောက်ညှင်းပေါင်းတောင် ဆက်မစားနိုင်တော့။ မိချောတို့ဖြစ်အင်ကို ပြန်၍သုံးသပ်နေမိသည်။ ဖခင်ကလည်း သေနတ်မှန်၊ ကြီးတော်ကလည်း စီးပွားပျက်။

"ဒါနဲ့ သူတို့အိမ်က"

"တကူးတကတော့ ညွှန်ပေးနိုင်ဘူး သားရယ်၊ အမေ ဈေးရောင်းသွားရင် အဲသည်လမ်းကဖြတ်ရမှာ၊ အဲသည်တော့ လိုက်ချင်လည်း လိုက်ခဲ့ပေါ့"

"ဟုတ်ကဲ့ပါ အမေ"

ဆိုကာ ဖိုးထင် ဈေးဗန်းကိုမလိုက်သည်။



"နေ နေ အမေ၊ ကျွန်တော် ထမ်းသွားပေးမယ်"

"သားမှကွယ် သာခု၊ အမေ့မှာလည်း အဘိုးအိုနဲ့ အမေအိုကြီးရှိတော့တာ၊ တစ်နေ့တစ်နေ့ ဖောက်သည်တွေမရမှာစိုးလို့ ဒီဗန်းကြီးရွက်နေရတုန်း"

ဖိုးထင်က ဗန်းကြီးထမ်းပြီးသွားသည်။ အမေကြီးက အနောက်က လိုက်သည်။

"ဟောဒီက ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"

ဖိုးထင်က သံဝါကြီးနှင့်အော်လိုက်သည်။ ဒါကို အမယ်ကြီးက

"ဟဲ့သား. . အဲလိုတော့ မအော်လိုက်ပါနဲ့ကွယ်"

"ဘာလို့လဲ အမေ၊ ကျွန်တော့်အသံက မကျယ်လို့လား"

"ကျယ်ပါ့ ဟီးပါ့၊ ဒါပေမဲ့ အမေ့အသံမဟုတ်ရင် ဖောက်သည်က ထွက်ကြည့်မယ်မဟုတ်ဘူး"

"ဩော်. . ဒီလိုလား"

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"

"လာပါဦး အမေကြီးရွှေအောင်ရေ"

ထိုသို့ဖြင့် ဖိုးထင် ဈေးဗန်းခေါင်းရွက်ရလေသည်။ ဝယ်သူရှိလျှင်ချ။ ပြီးလျှင် ပြန်ထမ်းနှင့် ရွာကြီးကို ဖိုးထင်ဂဏန်းသွားသွားနေရလေသည်။

မိချောကို တွေ့ချင်စိတ်ကြောင့်လား၊ မလုပ်ဖူးတာ လုပ်လို့လားတော့မသိ။ အမေကြီးရွှေအောင်နှင့် ဈေးရောင်းရတာကို ပျော်နေသလိုလို။

အချိန်ကုန်လာသည်နှင့်အမျှ ဈေးဗန်းက ပေါ့ပေါ့လာသည်။

"အဲဒီအိမ်ပဲ သားရေ၊ ဖြစ်နေပုံသာကြည့်တော့"

www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းပေါင်းသည်ကြီး ဒေါ်ရွှေအောင် ညွှန်ပြရာကို ဖိုးထင်ကြည့်လိုက်သည်။

ဟုတ်ပါ့။ အိမ်ကတော့ အိမ်ကြီးအိမ်ကောင်းပါ။ သို့ပေမယ့် ပြုပြင်ထိန်းသိမ်းမှုမရှိ၍ထင့် ယိုယွင်းပြိုကျမယောင် ဖြစ်နေလေပြီ။

ဖိုးထင်ရင်ထဲ ဆို့သွား၏။ ယခင်က မျိုးနှင့်ရိုးနှင့် ချမ်းသာသော မိချောတို့ မျိုးနှင့်ရိုးနှင့် ဆင်းရဲရလေပြီ။

"ကျွန်တော် အိမ်ထဲသွားနှင့်မယ် အမေ"

"အေး. . အေး၊ သွားနှင့်သား၊ တည်းစရာခိုစရာ အိမ်မရှိရင် လာခဲ့ပ၊ ဒီလမ်းဆုံးမှာ ကောက်ညှင်းပေါင်းသည် ဒေါ်ရွှေအောင်ဆို ဘယ်သူ့မေးမေးရတယ်"

"ဟုတ်ကဲ့ပါ အမေ"

ဖိုးထင် ခြံထဲဝင်သည်။

"မိချောရေ ဟေး မိချော"

ဖိုးထင် အသံကျယ်ကျယ်အော်လိုက်သည်။

"ဟဲ့. . ဘယ်သူလဲ၊ အိမ်ရှေ့အော်နေတာ"

အသံနှင့်အတူထွက်လာသူက မိချော၏ကြီးမေ၊ ဦးသာခေါင်၏အစ်မ ဒေါ်ပုတီးပင်။ အဝတ်အစားများက နွမ်းဖပ်နေသည်။

"ဟဲ့. . ဘယ်သူများလဲ၊ ဒီမျက်နှာ ငါကျက်မိပေါင်"

"မိချောတို့ရွာက ဖိုးထင်ပါ အရီး၊ မိချောတို့ အဆင်မှပြေရဲ့လားလို့ လိုက်လာတာ"

"ဩော်. . ဩော်. . သာခေါင့်ရွာကကိုး၊ လာလာ အိမ်ထဲဝင်"

အိမ်ကြမ်းခင်းများက ပေါက်ပြဲ၍ ကျိုးတိုးကျဲတဲ ဖြစ်နေလေပြီ။ အိမ်၏ဘုရားစင်ရှေ့မတော့ ဦးသာခေါင် ပက်လက်လဲနေသည်ကို တွေ့ရ၏။ သူ့ပုံမှာ သက်သာပုံမရ။

"ဖိုးထင်ပဲ၊ အား ကျွတ် ကျွတ်"

"နေသာရဲ့လား ဦးကြီး"

ဦးသာခေါင် ခေါင်းညိတ်ရင်း

"အရိုးမထိဘူးလို့တော့ ပြောတာပဲ၊ ဒါပေမဲ့ ဒဏ်ရာက ထုတ်ချင်းပေါက်ဆိုတော့ ကိုက်နေတာပဲ"

ဖိုးထင် အိမ်ကလေးကို ဝေ့ကြည့်လိုက်သည်။ သူလိုချင်တာမှ မတွေ့သေးတာကိုး။ ထို့ကြောင့် မနေနိုင်တော့ဘဲ

"မိ. . မိချောရော ဦးကြီး"

ဦးသာခေါင် နေရာပြင်လိုက်သေးသည်။

"အေးကွယ်၊ ရွာကြီးရောက်တယ်ဆိုတာနဲ့ ငွေဆိုတာလည်း ပြုတ်ပြုတ်ပြုန်းတော့တာ၊ ဒီအတိုင်းနေလို့ ဘယ်ရမလဲလေ၊ ရရာအလုပ်ရှာကြံလုပ်ရတာပ၊ အခုလည်း ရွာကြီးထိပ်လမ်းပြင်ရာမှာ အုတ်ကြမ်းဝင်လုပ်နေလေရဲ့"

ဖိုးထင် စိတ်မောသွားသည်။ လူမှန်းသိတတ်ကစလို့ အလုပ်နှင့်လက်မပြတ်ခဲ့ရသော မိချောဘဝကိုလည်း သနားသွားသည်။

"ကျွန်တော်လိုက်သွားဦးမယ် အဘ"

ပြောပြောဆိုဆိုနှင့် ဖိုးထင်ထလိုက်သည်။ မိချောကို မမြင်ရ၍ ဖင်ပူရုံမျှ မထိုင်ချင်။ ပြီးမှသတိရပြီး

"အရီးရေ ကျွန်တော် မိချောနောက် လိုက်ဦးမဗျ"

"ဩော် အေး အေး၊ မောင်ဘယ်သူ၊ အဲ. . တောင်ဘက်လမ်းတည့်တည့်သွားပြီး ယာဘက်လှည့်ရင် မိချောတို့ အလုပ်လုပ်ရာရောက်ပြီ"

"ဟုတ်ကဲ့. . ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် အိမ်ပေါ်မှ ဆင်းလာသည်။

လမ်းတစ်လျှောက် ခေါင်းပေါ် မိချောရောက်နေလေသည်။ ရွာမှာနေစဉ်ကတည်းက သူစိမ်းပြင်ပြင်ဟန်ဆောင်ခဲ့ပေမယ့် လူကွယ်ရာမှာ ချစ်သူရည်းစားဖြစ်ခဲ့ရသည့်ဘဝ။

မှတ်မိသေးသည်။ ဖိုးထင် မိချောကို ပထမဆုံး ချစ်စကားပြောစဉ်က လယ်တောကအပြန် လူပြတ်ခိုက် မိချော၏လုံချည်ခါးပုံစကိုဆွဲပြီး

"နင် ငါ့ကိုချစ်လား မချစ်လား"

ရသည့်အဖြေက ပါးကို ရှစ်စိတ်ခွဲ ပိတ်အတီးခံရပြီး မျက်လုံးကို ဆွဲကုတ်သွားခြင်းပင်။

ဤမျှ စိတ်မြန်လက်မြန်ရှိသော မိချောပင်။ နောက် ရေကန်ကြီးတွင် ရေအိုးကူရွက်ပေးရင်းသာဖြင့် စူပုပ်သောမျက်နှာနှင့်

"ကြည့်လို့ကိုမရဘူး"

ဆိုသောစကားက ချစ်အဖြေပေးသွားခြင်းပင်။ ခုဆိုလျှင် ချစ်သူသက်တမ်း သုံးနှစ်သုံးမိုးပင် မကတော့။ ကန်တော့ပွဲရွက် တင်တောင်းမည့်မနက်မှာပင် ဤသို့သောအခြေအနေများကြောင့် ကွဲကွာခဲ့ရပြန်ပြီ။

ဖိုးထင် သူ့စိတ်ကူးနှင့်သူ လမ်းလျှောက်လာရင်း လမ်းပေါ် ယောက်ယက်ခတ်နေသူတို့ကို တွေ့သည်။

"အလို. . မိချောတို့ပါလား"

ဟုတ်ပါသည်။ လမ်းပေါ် ဂဝံကျောက်ခွဲသူခွဲ၊ ကျောက်ရွက်သူရွက်များကြားဝယ် တောင်းကြီးထဲ ကျောက်များထည့်ရွက်နေရရှာသောမိချောကို တွေ့လိုက်ရသည်။ နွမ်းဖပ်သောအဆင်အပြင်နှင့် လုံချည်စုတ်ကို ခေါင်းခုလုပ်၍ ဇက်မလည်ရုံတမယ် ရွက်နေရသော



မိချော ပါပေ။

ဖိုးထင် ခြေလှမ်းက အလိုလို မိချောဆီ ရောက်သွား၏။

"မိချော"

"ဟဲ့. . ပလုတ်တုတ်"

ရွက်ထားသည်များကို အသာအယာချခါနီး အနီးကပ် ဖိုးထင်အသံကြောင့် မိချောလန့်ပြီး ကျောက်ရော တောင်းပါ ဝုန်းခနဲ သွန်ချမိသည်။

"အာ. . ဒီကလေးမ၊ ကျောက်ချတာ အသာအယာချပါဟ၊ ဘေးလူပွန်းပဲ့ကုန်မှဖြင့် ဆေးဖိုးနဲ့မကာမိ ရှိရော့မယ်"

"ကန်တော့နော်. . ကန်တော့၊ မိချော လေးသွားလို့"

ဘယ်သူ့ကိုမှ တောင်းပန်ရကောင်းမှန်းမသိသော မိချော …ကြီးတွင် ရက်ပိုင်းအတွင်း အချိုးပြောင်းလေပြီ။

"မိချော နင် ဒီမှာအလုပ်လုပ်နေတာ၊ နင့်အဖေ ညွှန်လိုက်လို့"

မိချော ဘာမှပြန်မပြောဘဲ ကျောက်တောင်းကိုင်ရင်း လှည့်သွား၏။ ဖိုးထင်ရောက်လာ၍ သူ့မှာ ပျော်လား၊ မပျော်လားပင် မပြောတတ်။ မျက်နှာက အလိုကျသလို၊ မကျသလို။

ပြီးနောက် ကျောက်သယ်ရမည့်နေရာသွားပြီး ကျောက်များကို တောင်းထဲစီထည့်နေသည်။

"ငါကူပါ့မယ် မိချောရာ"

အမြင်မတော်သော ဖိုးထင် ဝင်ကူသည်။

"ဘယ့်နှယ်လဲ မိချော၊ နင် ဒီမှာနေရတာ အဆင်ပြေရဲ့လား"

"ဘယ့်နှယ်ပြေမှာတုန်း၊ မပြေလို့ ကျောက်ရွက်နေရတာ နင် …န်းနေလား"

www.burmeseclassic.com

ကျောက်တောင်းပြည့်၍ မိချောခေါင်းပေါ်တင်သည်။ ဖိုးထင် က ဝိုင်းမ၏။

"ဖြည်းဖြည်းရွက်နော် မိချော၊ ခေါင်းလည်လိမ့်မယ်"

မိချော ဘာမှမပြောဘဲ တောင်းကို ဂရုတစိုက်ထိန်းရွက်သွားသည်။ ကျောက်ချပြီး နောက်တစ်ခေါက် ပြန်ရောက်လာသည်။

"နင့်အဖေ ခြေက တော်ရုံအကင်းသေးမယ် မထင်ဘူး၊ အဲဒါ နင် ရွာကို ဘယ့်နှယ်ပြန်မှာတုန်း"

ခြေမဆီသို့ ဦးတည်နေသော နဖူးမှချွေး ခေါင်းခုနှင့် သုတ်သည်။

"ဘယ့်နှယ်မှ မပြန်ဘူး၊ အဘကောင်းမှပြန်မယ်၊ ရွာမှာရှိသမျှလည်း ဟိုသေခြင်းဆိုးတွေ လက်ချက်နဲ့ကုန်ပြီ၊ ဒီမှာလည်း အဘနဲ့အရီးကို ထမင်းကျွေးနိုင်ဖို့ ဆေးကုနိုင်ဖို့"

မိချောအသံက ဆို့နင့်သွား၏။ အမှန်တွေချည်းမို့ ဖိုးထင် ဖြေရှင်းရန် ဉာဏ်မမီ။

"ဩော် ဒါနဲ့သိလား၊ အဲဒီကောင်တွေ နောက်နေ့လာတော့ တောထဲကစောင့်ပြီး ငါဝင်ပိုင်းတာ"

"သေကုန်ရောလား"

"သေတော့မသေဘူးဟ၊ ဒါပေမဲ့ မျက်နှာပေါ် ကန့်လန့်ဖြတ် ကြီး မှန်လို့"

မိချော ကျောက်တောင်းရွက်ရန် ပြင်သည်။ ဖိုးထင်က ကူ၏။

"သေအောင်မလုပ်နိုင်ဘဲ လာမပြောနဲ့၊ ငါက ပါသွားကာ ပြန်မလိုချင်ဘူး၊ ဒီကာလနာတွေ သေခြင်းဆိုးနဲ့ သေစေချင်တာ"

"ငါလည်း လုပ်တာပါပဲ၊ ဒါပေမဲ့ ငါ့ခြေအနာကြောင့်သာ၊



မယ်ကြည့်စမ်း"

မိချော မကြည့်ပါ။ ကျောက်တောင်းရွက်ပြီး ချရမည့်နေရာ ...ွားချသည်။ ပြီးတော့ ပြန်လာ၏။

ဖိုးထင်က ကျောက်များကူထည့်ရင်း

"ရွာမှာလည်း ဘာတွေဖြစ်ကုန်မှန်း မသိပါဘူးဟာ၊ တော ...ကြောင်တွေရော တောကြွက်တွေပါ စုံလို့၊ အဲဒါ"

"ဟယ်လို. . ဟယ်လို. . ဟယ်လို. . . မိချောပါလား၊ ဟင် ...သူငယ်က ဒီမှာဘာလုပ်နေတာတုန်း"

အသံကြားရာ ကြည့်လိုက်တော့ ကုလားလိုလို၊ တရုတ်လိုလို ...တ်ထားသော မြန်မာယောင်ယောင် ဘာယောင်ယောင် တစ်ယောက်၊ ...ပင်က ကျော့ကော့နေသည်။ ထိုသူကိုမြင်တော့ မိချောမျက်နှာပျက် ...ွား၏။

"ဟဲ. . ဟဲ. . ဖြေစမ်းပါဦး မိချွေချောရဲ့၊ ဘာလုပ်နေတာလဲ ..."

မိချောမဖြေမီ ဖိုးထင်က

"ကျုပ် မိချောကို ကူလုပ်နေတာဗျ၊ ဘာဖြစ်လို့လဲ"

"ဩော် လာကူလုပ်တယ်၊ ဟုတ်လား၊ မောင်မင်းက ဒီက ...လုပ်သမားမဟုတ်ပါဘူးနော့"

"ဟုတ်ရပေါင်ဗျာ၊ ကျုပ်ဘာသာ ကျုပ် မိချောဆီလာရင်း ...စ်ရွာတည်းသားချင်း မနေနိုင်လို့ ဝင်ကူတာပါ၊ အဲဒါဘာဖြစ်လဲ"

မိချော စိတ်ညစ်ဟန်နှင့် ခေါင်းကုတ်သည်။ ဟိုလူက ပိုင်စိုး ...နင်း မိချောနားထိုင်ပြီး

"ဝင်ကူတာ ဟုတ်လား၊ မင်းကို ဘယ်သူကူခိုင်းလဲ"

"ဘယ်သူကူခိုင်းစရာလိုလဲဗျ၊ အလကားပဲတင်း လုပ်တာပဲ"

www.burmeseclassic.com



ထိုသူ မခိုးမခန့်ရယ်၏။

"ဟက်ဟက်. . ဒီမှာ မခိုင်းဘဲ ဘယ်သူမှမလုပ်ရဘူး၊ အထူးသဖြင့် မိချောနားမှာပေါ့"

"ဒါဖြင့် ခိုင်းဗျာ၊ ကျုပ်လုပ်မယ်"

"မခိုင်းဘူး"

"ဟမ်"

ဟိုလူစကားကို ဖိုးထင်ကြောင်သွား၏။ ဟိုလူက သစ်လွင်သော သူ့အကျီင်္ကော်လံကိုဆွဲရင်း

"ဒီရွာကြီးမှာ ဒီအလုပ်မှာ အလုပ်သမားခေါင်း ပန်းသာ အလုပ်မပေးရင် ဘယ်သူမှမလုပ်ရဘူး၊ ဒီအလုပ်မှာလည်း မင်းကို မခိုင်းဘူး၊ ဒါနဲ့ မိချောက ဘယ်လိုပတ်သက်တာလဲ"

"မိချောနဲ့ကျုပ်က တစ်ရွာတည်းသားဗျ၊ နောက်ပြီး အင်း"

"အဲဒါဆို ပိုမခိုင်းဘူး"

"ဟောဗျာ၊ အလကားလုပ်ပေးတာကိုတောင်"

"ဒီမှာ တောသား၊ ဒီအလုပ်မှာ မလုပ်တတ်ဘဲလုပ်ရင် ဘယ်လောက်ပျက်စီးနိုင်တယ်၊ ဘယ်လောက်ဆုံးရှုံးနိုင်တယ်ထင်လဲ"

"ရော်. . . လာခက်နေပါလား၊ ကျောက်သယ်လမ်းခင်းတာ ဘာခက်လို့၊ ကျုပ်တို့ရွာ ဘုန်းကြီးကျောင်း ကျုပ်ဆောက်ခဲ့တာ၊ မယုံ မိချောကိုမေး"

"ဒါ ရွာကျောင်းမဟုတ်ဘူး၊ အဲဒီတော့ မင်း ဒီမှာဆက်လုပ်ရင် ဝတ္တရားနှောင့်ယှက်မှုနဲ့ မင်းကို ဖမ်းရမယ်"

"ဟောဗျာ၊ အလကားလုပ်ပေးတာ ဝတ္တရားနှောင့်ယှက်တာတဲ့၊ ကျုပ်တို့ရွာမှာ သူ့လယ်ကိုယ်စိုက်၊ ကိုယ့်လယ်ကိုယ်စိုက်"

"ဖိုးထင်"



သူ့စကားမဆုံးမီ မိချောဖြတ်အော်သည်။ ဖိုးထင်ကြောင်ပြီး မိချောကို ကြည့်သည်။

"ခုချက်ချင်း နင် ငါနဲ့ဝေးဝေးနေ"

ဖိုးထင် ငြိမ်ကျသွား၏။ တစ်လောကလုံး၌ သူ့အကြောက်ရဆုံးမှာ မိချောမဟုတ်လား။ ဘာသံမှပင် ထပ်မထွက်တော့။ ထိုင်ရာမှ ထလမ်းလျှောက်သွားရင်း ခပ်လှမ်းလှမ်းတွင် ငုတ်တုတ်ထိုင်ကာ မိချောကို ငေးကြည့်နေပြန်သည်။

သည်တစ်ခါတော့ မိချောအနားမှာ သူမဟုတ်တော့။ အလုပ်သမားခေါင်းဆောင် 'ပန်းသာ'ဆိုသည့်ငနဲက ကပ်ပါနေသည်။

သူ့လို ကျောက်ထည့်ခဲထည့်နှင့် ဝိုင်းကူသည်မဟုတ်။ မိချောက သူ့ဘာသာထည့် ဇက်မကျိုးအောင် ခေါင်းရွက်သွားချိန် နံဘေးဘားက သွားဖြီးကြီးနှင့်ကပ်ပါနေခြင်းသာ။

နေလုံးက လင်းနေရာမှ လျော့ကျသွားသည်။ ကောင်းကင်ပ်က နီနေပြီ။

မိချောက ကျောက်တောင်းခေါင်းရွက်တုန်း။ ပန်းသာက ကပ်ါတုန်း။ ဖိုးထင်ကား ခပ်လှမ်းလှမ်းမှ ထိုမြင်ကွင်းကို ဒူးနှစ်လုံးပေါ်က်တင်ဆောင့်ကြောင့်ထိုင်ငေးနေတုန်း။

"ဩော်. . မိချောရယ်၊ နင့်ဘဝကလည်းနော်"

"အပင်မြင့်ရင် လေတိုက်ခံရမစိုးလို့၊ ကန်စွန်းဥလို အောက်ခံနေတာတောင် မြေအဆွခံနေရတယ်လို့"

ဖိုးထင် မချိတင်ကဲ ရေရွတ်သည်။ အေးလေ. . မြေထဲနေည်း စားကောင်းတဲ့အသီးပေပဲမို့လား။ ဆွချင်သူတွေ ပေါပ့်။

×××××

www.burmeseclassic.com





"အမေ. . အမေရွှေအောင်"

"ဟဲ့. . ဘယ်သူတုန်း [illegible] လာအော်နေတာ"

"ကျုပ် ဖိုးထင်ပါ"

"ဩော် သား [illegible] လေ၊ အမေ ပဲလေးပေါင်းနေလို့"

ဖိုးထင် [illegible] ရပ်မလွတ်ချင်သောအိမ်ထဲ လှမ်းဝင်လိုက်သည်။ ဒေါ်ရွှေအောင်က မနက် ကောက်ညှင်းပေါင်းနှင့်တွဲရောင်းရန် ပဲများ ပြုပ်နေသည်။ အိမ်၏ဘုရားစင်ရှေ့တွင်တော့ အရိုးဂေါက်ဂက်၊ ပါးနှစ်ဘက်ဟောက်ပက်နှင့် အဘိုးအိုတစ်ဦး ဆောင့်ကြောင့်ထိုင်ရင်း သူ့ကိုငေးကြည့်နေသည်။

"အမေထင်သား၊ ငါ့သားလေး ပြန်ရောက်လိမ့်မယ်လို့၊ ဒါကြောင့် ထမင်းတောင်ပိုထားရဲ့၊ ဆာရင်တော့ ခူးခပ်သာစား"

ဖိုးထင် ဘာမှပြန်မပြောတော့။ ကိုယ့်အိမ်ကိုယ့်ရာလိုပင်



အိုးကိုဆွဲယူ ဟင်းများလောင်းထည့်ပြီး ပါးဖြဲနားဖြဲကို ဆွဲတော့သည်။ မနက်ကတည်းက ကောက်ညှင်းပေါင်းတစ်ထုပ်သာ ရသေးကိုး။

"ဟဲ့. . ဟဲ့. . ဝေသာလီပြည်များ ဘီလူးစီးသလားဟယ်၊ ငါ့နှယ် ဩော်. . မှတ်ထား ဖိုးသာရင်တဲ့၊ နင့်အဘပေါ့"

ဖိုးထင် စကားမပြန်နိုင်သေး။ ဖိုးသာရင်ကသာ ဖိုးထင်ကို ကြည့်ပြီး ထွက်သောလေသံဖြင့်

"စားလို့ကောင်းလို့ အားကျသကွယ်၊ ငါတို့လို သွားမရှိတော့ရင် မစားနိုင်တော့ဘူးပေါ့၊ အရွယ်ကောင်းတုန်း စားသာစားထား၊ အင်း အရင်ကတော့ စားအိုးကောင်း သားသမီးများရှိလေရဲ့၊ အတောင်အလက်စုံတော့ ခြေစုံကန်ရှာပြီ"

ဩော်. . သူတို့ခမျာ ကိုယ့်အိမ်ပေါ်တက် ခူးခပ်စားတာတောင် မုဒိတာပွားနိုင်ရဲ့။

"ဟယ်. . အိမ်ခွေးငတ်ပြီ၊ ပြောင်အောင်သာ လျက်လိုက်ပေရော့"

"အမေရွှေ့ဟင်းစားလေး [illegible] ကောင်းလွန်းလို့ပါဗျာ၊ ငါးခူနှပ်နယ်လေး ပါးစပ်ထဲ ဘယ်လိုခုန်ဝင် [illegible] သွားယ်မသိဘူး၊ တောက်ကြက်သွန်တက်ကလေး ငါးပိဖျော်လေးသာပ [illegible] ပတ် ထမင်းငှားရမှာ"

ဖိုးထင် စားပြီးသားအိုးများကို ပြောင်အောင်ဆေးပြီး မချိတင်ကဲ ပြော၏။ ဒါကို ဒေါ်ရွှေအောင်က

"အောင်မလေး. . ထမင်းပတ်ငှားဆို ငှားပါ့၊ တော်ကြာ အမေ့ကောက်ညှင်းပေါင်းအိုး မျက်စောင်းထိုးလို့ မနက်ကျ ရနေကြဖောက်သည် မရရှိပါ့မယ်"

"ထိုးပေါင်ဗျာ၊ ကောက်ညှင်းပေါင်းက တစ်ခါတလေသာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာ"

ဟုဆိုကာ အိမ်ပေါ်ပြန်တက်လာသည်။ အိုးခွက်များကို နေရာတကျပြန်ထားလိုက်သည်။ ဒါကိုမြင်သော ဦးသာရင်က

"အဖန်ရည်လေး လွှေးပါဦး"

ဟု ဖိတ်ခေါ်သည်။ ဒါကို ဖိုးထင်က ရေအိုးဆီသာ ခြေလှမ်းသွားပြီး

"အာ. . အဘရာ ကျုပ်မှာဖြင့်လေ အဖန်ရည်သောက်မိတိုင်း ကိုယ့်ကိုယ်ကို အိုကြီးအိုမလို ခံစားရသဗျ။ ဒါကြောင့် ရေအေးခွက်ကြီးကြီးတစ်ခွက်ချလိုက်မှ လူကိုလန်းသွားတာ"

ဆိုကာ သူပြောသည့်အတိုင်း ရေမှုတ်ခွက်ကို ခပ်ယူကာ ဂလုဂလုမြည်အောင် သောက်မျိုချလိုက်သည်။ ဦးသာရင်က သူ့ကိုကြည့်၍ ခေါင်းညိတ်ရင်း

"ဟုတ်ပါ့ကွယ်၊ အဘိုးကြီးနဲ့ ရေနွေး ခွဲလို့မှမရတာ"

"အဘ. . ဘောလိပ်ရှိရင် ကမ်းစမ်းပါ"

"ဒီမှာသာ လာယူပေတော့"

ချက်ချင်းပင် ဖိုးထင်နှင့် သူတို့လင်မယား သားအရင်းနှင့်မခြား ရင်းနှီးသွားလေသည်။ ဖိုးထင် ဦးသာရင်နားထိုင်ရင်း ပြောင်းဖူးဖက်ဘောလိပ်ကြီးကို ဆေးရိုးနိုင်နိုင်နှင့် ဇိမ်ခံဖွာသည်။

"ဆိုစမ်းပါဦး ကိုရင်ရဲ့၊ ကိုရင်က ဘယ်ရွာက ဘယ်လိုလာတာ၊ မရွှေအောင်ပြောတာတော့ နားစွန်နားဖျား ကြားမိရဲ့"

ဖိုးထင် သက်ပြင်းချလိုက်သည်။

"ပြောချင်ပါဘူး အဘရယ်"

မှ အစချီ၍ ဖိုးထင် သူ၏ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်လေသည်။



သူတို့ရွာ၏ သာကြောင်းမာကြောင်းမှအစချီ၍ ဘယ်က ာယ်လိုရောက်လာမှန်းမသိသော လူဆိုးလူ့အန္တများအကြောင်း။ နောက် မိချောအကြောင်း။

သူ့စကားများကို ဖိုးသာရင်သက်ပြင်းချရင်း ခေါင်းညိတ် သည်။

"အင်းလေ. . တို့များခေတ်ကလို ဓားလွတ်ကိုင်ယှဉ်ရတဲ့ ခေတ်မဟုတ်တော့ဘဲကိုး၊ ခေတ်ကြီးကိုက သတ္တိနဲ့မယှဉ်မိဘဲ လက်နက် သာသူစားစတမ်းကိုးကွ"

ဖိုးထင် ဘောလိပ်ကြီးဖွာပြီး အဖြစ်အပျက်များကို စားမြုံ့ပြန် နေမိသည်။

ညယံက တဖြည်းဖြည်း ဖုံးလွှမ်းလေပြီ။ ဖိုးသာရင်က မှီရာ ခေါင်းအုံးရင်း လှဲချလိုက်သည်။ ဒေါ်ရွှေအောင်က မနက်ရောင်းရန် အတွက် မုန့်စိမ်းပေါင်းကို ပေါင်းလေပြီ။

စကားသံများလည်း တိတ်ဆိတ်ပေပြီ။ ဖိုးထင် ခွေးကတတ် င်း၍ လှဲလိုက်သည်။ သူနှင့်အတူ အိပ်ရာအလုခံရသော ခွေးအိုကြီး နေရာရွှေ့၏။ ဖိုးထင်က ထိုခွေးအိုကြီးကိုမယူရင်း ခေါင်းအုံး၏။ းနောက် ထိန်ထိန်သာနေသော လမင်းကို ဇိမ်နှင့်ကြည့်နေမိသည်။

"တောက်. . မိချောတို့အိမ် သွားအိပ်လျှင်ဖြင့် ညားပြီထင် ု"

သူ့အတွေးထဲ မိချောကို ထုတ်ပစ်၍မရ။

"အေးလေ၊ သွားအိပ်လည်း ခွေးကတတ် အိပ်ရမယ်၊ မထင် င် ပါးလည်း အချခံရမှာမို့ ဒီနေရာပဲ ကောင်းပါတယ်"

စိတ်ကို ပြန်ဖြေသိမ့်လိုက်သည်။

"ပန်းသာဆိုတဲ့ကောင်က မိချောနား ဘာလို့ကပ်နေပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲ ထိတ်ခနဲ ခံစားရပြန်၏။

"အင်း. . ဒီအတိုင်းတော့ မဖြစ်ဘူး၊ မနက်ဖြန်ခါ အဲဒီသွားပြီး သွားချောင်းဦးမှ"

ဟု စိတ်ကူးရပြီး ခွေးကတက်တွင် ငုတ်တုတ်ထထိုင်၍

"အမေရွှေ"

"အွန်း"

ဒေါ်ရွှေအောင် ဆေးလိပ်ခဲထားသော ပါးစပ်မအား၍ မြည်သံသာ ပြု၏။

"နက်ဖြန်ခါကျ ကျုပ်လည်းကောက်ညှင်းပေါင်း လိုက်ရောင်းမဗျ"

ဒေါ်ရွှေအောင် မျက်စောင်းထိုးကြည့်သည်။

"ဟိုလေ ရွာကြီးထဲ အမေရွှေပဲ ရောင်းပေါ့၊ ဟိုဘက်လမ်းပိုင်းမှာက အသည်မတွေ့ဘူးဗျ၊ အဲဒီဘက် ကျုပ်သွားရောင်းရင် ကောင်းမလားလို့"

ဒေါ်ရွှေအောင် ဆေးလိပ်ဖြုတ်လိုက်သည်။

"အောင်မလေး၊ လမ်းပိုင်းမယ် အလုပ်လုပ်သူတွေ ပြောတာကြာလှပေါ့၊ အမေ့မှာသာ ဈေးဗန်းမရွက်နိုင်လို့ မသွားရတာ၊ ကောင်းပေလေ့၊ သူတို့လည်း စားရ၊ ကိုယ်လည်းကုသိုလ်ရပေါ့"

"ဒါဖြင့် ကောက်ညှင်းပိုပေါင်းပေးပါ အမေရာ"

"ကောင်းပေလေ့ကွယ်၊ ဒါနဲ့သား ဈေးရောင်းတဲ့အခါ ဝယ်သူကို ပိုပါစေနော့"

"စိတ်ချပါ အမေရာ"

"နင့်ဆီက အမြတ်မလိုဘူး၊ အမေ ရောင်းသမျှ စားလောက်နေပြီပဲ"



"ဟုတ်ကဲ့ပါ အမေရာ၊ ဖြစ်နိုင်ရင် အလှူပေးသလိုကို ချလှူခဲ့မှာ"

"အောင်မလေး၊ အဲသည်လိုလည်း မလုပ်လိုက်ပါနဲ့၊ အရင်းကလေးတော့ ရအောင်ယူခဲ့ပါကွယ်၊ နောက်နေ့ မရောင်းနိုင်မှဖြင့်"

အမေရွှေအောင်၏စကားကို ဖိုးထင်သဘောကျစွာ ရယ်လိုက်သည်။ နောက် ခွေးအိုကြီးခေါင်းအုံးရင်း ပြန်လှဲလိုက်သည်။


လမင်းကြီးက သာဆဲ။ ဖိုးထင် စိတ်ကူးများလည်း သာဆဲ။

×××××

www.burmeseclassic.com

www.burmeseclassic.com





"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း စားကြဦးမလား"

နံနက်ဝေလီဝေလင်းအချိန်မှာပင် ရွာလမ်းပိုင်း၌ ဖိုးထင်၏ အသံဝါကြီး ကြားရလေသည်။

အကျႌဗလာကျင်းနှင့် ကောက်ညှင်းပေါင်းတောင်းရွက်ထားသော ဖိုးထင်၏ပုံမှာ ဘယ်လိုမှသဟဇာတမဖြစ်။ သို့သော် ရွှင်လန်း၏။

မိချောတို့ အလုပ်လုပ်ရာ လမ်းပိုင်း လူစုံပေပြီ။ ကျောက်ထုသူထု၊ ရွက်သူရွက်နှင့် လုပ်ငန်းခွင် စဝင်ပေပြီ။

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း၊ စားကြဦးမလား"

"ဟော့. . ဆာနေတာနဲ့ အတော်ပဲ၊ ဒီလာစမ်းပါ"

"ဈေးသည်များ ဒီနေ့မှလာရသလားကွာ၊ လုပ်စမ်းပါဦး"

ဖိုးထင်နား ချက်ချင်းလူစည်သွား၏။ လူလူတစ်ပဲ၊ ဒီလူ



တစ်မူးနှင့် ငွေယားလေးများ လက်ပေါ်တင်လာ၏။

"ဟာ. . ဒါ ရွှေအောင့်ကောက်ညှင်းပေါင်းပဲ"

"ဟုတ်ပ၊ ဒေါ်ရွှေအောင် လက်ရာအစစ်ပဲ"

အားလုံးက ကောက်ညှင်းကို လျှာပေါ်တင်သည်နှင့် သိကြသည်။

"ဟုတ်ပ၊ ကျုပ်က အမေရွှေအောင်ရဲ့ ဝမ်းမနာသားဗျ၊ ဒါကြောင့် အမေရွှေအောင်လို လက်ရာကောင်းပြီး လက်သာတာ"

မိချောလည်း ဖိုးထင်နား ယောင်လည်လည် ရောက်လာ၏။ သူ့ခမျာလည်း ဆာရှာပေ့။ ဒါကိုမြင်တော့ ဖိုးထင်က

"ရော့ မိချော၊ ဒါ နှင့်ဖို့"

ဖိုးထင် မိချောဆီသို့ ကောက်ညှင်းတစ်ထုပ် ကမ်းပေးလိုက်၏။ မိချောခမျာ ဟန်ပင်မဆောင်နိုင်ဘဲ ကမ်းပေးရာဆွဲယူရင်း ပလုတ်ပလောင်း စားလိုက်သည်။ နောက် သူ့ရင်ခံကြား ဖွက်ထားသောပဲစေ့ကို ရှာသည်။

"နေပါစေ မိချော၊ နင်တော့ မပေးနဲ့တော့"

မိချောက ဖိုးထင်စကား နားမထောင်ဘဲ ရှာနေဆဲ၊ ထိုစဉ်မှာပင်

"ဟိတ်. . ဟိုမှာ လူစုစုနဲ့ အလုပ်မလုပ်ဘဲ ဘာလုပ်နေကြတာလဲ"

ထိုအသံကြားသည်နှင့် အလုပ်သမားအားလုံးမှာ

"ဟာ. . ဟိုမေပေး ပန်းသာလာပဟ၊ အလုပ်ရှိရာ အမြန်သွားကြ၊ တော်ကြာ မအေနှမကိုင်တုတ်ခံရမှာ"

"ဒီကောင် ဒီနေ့ ဘာစောလာပါလိမ့်၊ ကာလနာ မြွေပွေးကိုက်ပါစေရဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီ အလုပ်ရှိရာ အလျှိုလျှို ပျောက်ကွယ်ကုန်၏။

ပန်းသာမှာ မနေ့ကအတိုင်း သစ်လွင်သောဝတ်စုံနှင့် ဘိုကေကိုကျော့နေအောင်သရင်း ရောက်လာ၏။

"ဩော်. . ဘယ်သူများမှတ်တယ်၊ မနေ့က မိချောနား လာကပ်တဲ့ကောင်သားပဲ၊ ဘယ့်နှယ် လမ်းပိုင်းမှာအလုပ်မရတာနဲ့ မိန်းမစိတ်ပေါက်ပြီး မုန့်ရောင်းထွက်ပုံနှယ်"

ဖိုးထင် စိတ်ထဲတင်းခနဲ ဖြစ်သွား၏။ ဝယ်သူမရှိတော့၍ မုန့်ပေါ်ဖက်အုပ်ရင်းသားက

"လူတွေများ ကိုယ့်အလုပ် ကိုယ်မလုပ်ဘဲ သိပ်ပြီး စပ်စုချင်လား၊ အသံကြောင့် ဖားတော့သေဦးမယ်"

ဖိုးထင့်စကားကြားတော့ ပန်းသာမျက်နှာပျက်သွား၏။ နောက် ဖိုးထင်နား ဟန်ကျပန်ကျ ထိုင်ပြီး

"ဟေ့ကောင် မင်းရဲ့စကားကို ဆင်ခြင်စမ်း၊ ဒီနေရာ ငါ့နေရာ"

"ဟောဗျာ၊ အများပိုင်လမ်းကို"

"မလိုချင်ဘူးဟေ့ကောင်. . အခု ဒီနေရာမှာ ငါတို့အလုပ်လုပ်နေတာ၊ ဒီတော့ ဒီပရဝုဏ်အတွင်းကနေ မင်းဖယ်နေ"

"အေး. . ကြည့်တော့ ကောင်းနေပါပြီ၊ သူ့အလုပ်လည်း ပေးမဝင်၊ ကိုယ့်ဘာသာကိုယ် ဈေးရောင်းတော့လည်း မနာလိုနဲ့၊ ဘယ်လိုလူပါလိမ့်"

"ဒီမယ် ဟေ့ကောင်၊ ဒီက ပစ္စည်းတစ်ခုခုပျောက်ရင် မင်းကို စွပ်စွဲပြီး ထောင်ချလို့ရတယ်မှတ်ထား"

ဖိုးထင် ပန်းသာကိုကြောင်ပြီး ပြန်ကြည့်သည်။

"ငါမှ သူများပစ္စည်း မခိုးတတ်တာလေ၊ နင်ပြောတာလွန်ပြီ"



"ခိုးခိုး မခိုးခိုး စွပ်စွဲလို့ရတယ်၊ အဲဒီတော့ ဒီနားက ရှောင်နေ"

ဖိုးထင် ဘေးဘီဝေ့ကြည့်သည်။ နောက် အနောက်သို့ အနည်းငယ် ဆုတ်လိုက်သည်။

"ရပြီလား"

"ထပ်ဆုတ်ဦး"

ဖိုးထင် ဆောင့်ကြောင်ထိုင်ရာမှ အနောက်သို့ ထပ်ရွှေ့သည်။

"ရပြီလား"

"ဩော် ကဲ"

ဖိုးထင် ထပ်ဆုတ်သည်။

"ရပြီလား"

"ဟေ့ကောင် ဟိုး စည်းရိုးစပ်ထိသွား"

"ဩော်. . အစကတည်းက အဲလို ရှင်းရှင်းပြောရင် ပြီးနေတာကို"

ဟုဆိုကာ ပန်းသာညွှန်ပြရာ စည်းရိုးစပ်သွားပြီး ဈေးတောင်းရှေ့ချ ဆောင့်ကြောင့်ထိုင်ရင်း မိချောကိုငေးကြည့်ရှာသည်။

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"

ရံဖန်ရံခါ၌ အထက်ပါ အသံကြီးပေါ်ထွက်လာတတ်၍ ဆာလောင်သူများ သူ့ထံ ပြေးလာဝယ်စားကြလေ၏။

ဖိုးထင်ကတော့ ဈေးရောင်းစရာရှိလျှင် ရောင်းသည်။ ရောင်းစရာမရှိက မိချောကိုငေးသည်။ ရေလည်း ထမသောက်။ အပေါ့ပင် ထမသွား။ ဆာလျှင် ကောက်ညှင်းပေါင်းစား၍ ငြိမ်သက်နေလေတော့၏။

××××

www.burmeseclassic.com

www.burmeseclassic.com





"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"

ရောင်နီပွင့်သည်နှင့် ဖိုးထင်၏အသံဝါ ကြားရ၏။ သူ့အသံကြားသည်နှင့် မိချောတို့ လမ်းပိုင်းအလုပ်သမားများ ဝိုင်းလာကြသည်။

ဟိုလူ့တစ်ထုပ်၊ ဒီလူ့နှစ်ထုပ်နှင့် ဖိုးထင်တို့ အလုပ်ဖြစ်ပြန်ပြီ။ ဟိုလူ့အတွက် ကျုံးထည့် ဒီလူ့အတွက် နှိုက်ထည့် ကပ်နေသည်များကို လျှာကြမ်းကြီးနှင့်လျက်၊ ရေမလိုဆေးစရာမလိုဖြစ်သလို လုံချည်နှင့်သုတ်။ ပေးသမျှကို ကောက်ထည့်ရင်း အမေရွှေအောင်လိုပင် ပါးပြင်ပေါ်သနပ်ခါးရေကျဲကြီးက ချွေးစီးတို့ဖြင့် မှုန်တေနေလေတော့၏။

"ရော့. . ရော့. . ဒီမယ် မိချော၊ နင့်ဖို့ ငါ နှမ်းထောင်းများများနဲ့ ထုပ်ထားရဲ့"





အားလုံးကိုပေးပြီးမှ ဖိုးထင် မိချောအတွက် သူထုပ်ထားသော အထုပ်ကြီးကြီးတစ်ထုပ်ကို လက်ထဲ ထည့်ပေးလိုက်၏။

"ဟေ့ ဟေ့. . စားပြီး အလုပ်ကိုပြန်သွားကြ၊ တော်ကြာ ဟိုခွေးမသားရောက်လာရင် တောင်ပြေးမြောက်ပြေးတာ အပြောခံရဦးမှာ"

အလုပ်သမားအားလုံး အစာဝသည်နှင့် ဌာနေပြန်ကြ၏။ မိချောသာ ဖိုးထင်ကမ်းပေးသော ကောက်ညှင်းထုပ်ကို မစားသေးဘဲ

"နင် အဆင်ပြေရဲ့လား ဖိုးထင်"

မိချောထံမှ ကြားရခဲသောကရုဏာသံ။ ဖိုးထင်က ကောက်ညှင်းပေါင်းများကို ညီညာစေရန် လက်နှင့်သပ်ပြီး

"အဆင်ပြေပါတယ်ဟ၊ အဲ. . အင်အင်းဝဝ မပါရတာတော့ အလွန်စိတ်ဆိုး"

မိချော ဖိုးထင်ကို ငေးကြည့်နေသည်။ ဒါကို ဖိုးထင်မှပင် ဆက်၍

"ငါက နင့်ကိုမြင်နေရရင် ထမင်းဆာလည်း မေ့ရော၊ ဟီဟိ ဘာအဆင်ပြေစရာရှိတော့လည်း"

မှန်ပေသည်။ ဖိုးထင်ဘဝတွင် အစာစားရဖို့သာ အဓိက မဟုတ်လား။

"ငါက နင်ကြည့်ပြီး သနားနေတာဟ မိချောရ၊ ရွာမှာလည်း အလုပ်က လုပ်ရတာမှန်ရဲ့၊ ဒါပေမဲ့ ဒီလို သူများဆီချည်းလုပ်နေရတာ ဟုတ်တော့မဟုတ်ပေါင်"

"ဘယ်တတ်နိုင်ပါ့မလဲ ဖိုးထင်ရယ်"

မိချောက မျက်ရည်ဝဲ့သီစွာဖြင့် ဖိုးထင်၏ ကောက်ညှင်းပေါင်း ဖြေစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိချော"

မိချောက ကောက်ညှင်းပေါင်းစားရင်း ဝေ့ကြည့်သည်။ ဖိုးထင်ရင်တွေခုန်လာ၏။

"ဟိုလေ"

ပြောမည်ဆိုမှ ပြောလို့ကမထွက်။ ပြော၍လည်းမတတ်။

"ဒီ ဒီညှ. . ငါ နင်တို့အိမ်လာအိပ်မယ်. . နင်. နင်နဲ့ပေါ့ဟာ၊ အဲဒါ"

မိချော မျက်နှာပြုံးသွားသည်။ ရှက်ယောင်ယောင်တော့ မြင်ရ၏။

"အဲ အဲဒါ နင့်အဖေကလည်း သိပြီးသားပဲဟာ၊ နင် နင်နဲ့ငါ အတူနေပြီး ငါနင့်ကိုလုပ်ကျွေးချင်လို့၊ နင်ပင်ပန်းတာ၊ သူများ အော်ဟစ်ငေါက်ငန်းတာ မမြင်ချင်လို့ပါဟာ"

ဖိုးထင်ကို မိချော ပြုံးရင်းကြည့်သည်။ ပြီးမှ ခေါင်းလေးငုံ့ပြီး

"လာခဲ့ပေါ့"

"ဟာ"

ဖိုးထင် အကြီးအကျယ်ဝမ်းသာသွားကာ အရှေ့၌ချထားသောကောက်ညှင်းတောင်း ခေါင်းရွက်မိ၏။ ပြီးနောက် သတိရပြီး ပြန်ချသည်။ နောက် သတိလက်လွတ်တောင်းကိုမ၍ ပွေ့ဖက်ထား၏။ သူ့ခမျာကောက်ညှင်းတောင်းကို မိချောမှတ်နေပုံရ၏။

"ဝမ်းသာလိုက်တာ မိချောရယ်၊ ဒါ ဒါဆို နင်နဲ့ငါ တရားဝင်သွားပြီပေါ့နော်"

မိချော ဘာမှမပြောဘဲ ဖိုးထင်ကိုသာ ကြည့်နေ၏။ နောက်မှ





"အင်းပေါ့"

"ဟား. . . ဟား"

ဖိုးထင်ဝမ်းသာလွန်း၍ ထကချင်စိတ်ပါပေါက်နေ၏။ ထိုင်နေရာမှ ခုန်ဆွခုန်ဆွနှင့် လဒကြီးအစာနင်နေသည့်အတိုင်း။ ထိုစဉ်ပင်

"ဟယ်လို. . ဟယ်လို. . ဟယ်လို မိချော ပျောက်နေပါတယ် ရှာလိုက်ရတာ၊ ထင်တဲ့အတိုင်း တစ်ရွာတည်းသား ကောက်ညှင်းပေါင်းသည်ဆီ ရောက်နေတာကိုး"

ထိုအသံကြားသည်နှင့် မိချောတုန်တက်သွားသည်။ ဖိုးထင်ပါး တင်းသွား၏။ မှန်ပေသည်။ မိချောတို့ အလုပ်သမားခေါင်း။ အလုပ်မှမလုပ်ဘဲ အလုပ်သမားများအား ငေါက်ငန်းခွင့်ရှိသော န်းသာပင်။

ပန်းသာကိုမြင်သည်နှင့် မိချောက ထိုင်ရာမှထပြီး

"ငါသွားပြီ ဖိုးထင်"

ဟုဆိုကာ အလုပ်ရှိရာ ပြေးသွား၏။ ဖိုးထင်က ဝမ်းသာစိတ် ပြဘဲ

"အေး. . အေး. . ညကျမှ ဆုံတာပ၊ ဟီဟိ"

ပန်းသာက မိချောကို တမေ့တမော ဇိမ်ခံကြည့်ပြီး

"အတော်လှတာပဲ"

မိချော အတော်ဝေးတော့မှ ပန်းသာက ဖိုးထင်ရှေ့ထိုင်ပြီး

"ဘယ့်နှယ်လဲ ကောက်ညှင်းပေါင်းသည်ကြီးရဲ့ မိချောလို ပဂေးနဲ့ စကားတွေဖောင်ဖွဲ့လိုက်ရလို့ ကျေနပ်နေပြီထင်တယ်"

"ကောက်ညှင်းပေါင်း"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင်က ပန်းသာကို ဂရုမစိုက်ဘဲ သူ့အလုပ်သူလုပ်သည်။ ဒါကို ပန်းသာက ဖိုးထင်မျက်နှာလှည့်ရာ လိုက်ကြည့်ပြီး. . .

"နေစမ်းပါဦး တောသားရဲ့၊ မင်းနဲ့မိချောက ဘယ်လိုပတ်သက်နေတာလဲ"

ဖိုးထင် ပန်းသာကို ဆတ်ခနဲပြန်ငဲ့ကြည့်သည်။

"မင်းသိချင်တယ်ဟုတ်လား"

"သိချင်လို့ပါ"

ပန်းသာက မခိုးမခန့်ဆိုသည်။ ဒါကို ဖိုးထင်က ဒေါသထွက်ပြီး. . .

"အေး သိချင်ရင်ပြောပြမယ်၊ မိချောနဲ့ငါက သမီးရည်းစား နောက်ပြီး နှစ်ဖက်မိဘ သဘောတူထားတာ၊ ရွာမှာထဲက ပေါင်းမ လို့၊ မပေါင်းရလို့ ဒီလိုက်လာတာ"

"ဟင်"

ပန်းသာမျက်နှာ သိသိသာသာ ပျက်လာ၏။ သူ့စိတ်ထဲ ထိုမျှ မထင်ထား၍လည်း ဖြစ်နိုင်၏။

"အေး. . . မင်းကို နောက်ဆုံးလျှို့ဝှက်ချက်တစ်ခုပြောပြ မယ်၊ မိချော မင်းဆီမှာအလုပ်ဆင်းတာ ဒီနေ့နောက်ဆုံးပဲ၊ မိချောနဲ့ ငါ ဒီညကစပြီးညားပြီ"

"ဟာ"

ပန်းသာတစ်ကိုယ်လုံး ဖရိုဖရဲဖြစ်သွားပြီး သူ့ခေါင်းသူအုပ် ကိုင်ကာ အံ့ဩတကြီးနှင့် ယိုင်နဲ့သွားသည်။

"မင်းနဲ့မိချော ဒီညညားပြီဟုတ်လား"

"အေး ဟုတ်တယ်၊ ငါ ဒီလျှို့ဝှက်ချက်ကို ဘယ်သူ့မှလျှော် မပြောဘူးလို့ ဆုံးဖြတ်ထားတာ၊ မင်းတစ်ယောက်တွေ့ မင်းတစ်



ယောက်ပြောမိတာပဲ"

"မဖြစ်ဘူး၊ မဖြစ်ဘူး"

ပန်းသာနှုတ်မှ တတွတ်တွတ်ရေရွတ်ရင်း အနောက်ကို ထွက်သွား၏။ ဒါကိုကြည့်ပြီး ဖိုးထင်က အေးဆေးစွာဖြင့်

"ဒီကောင် ရူးများသွားပြီလားမသိဘူး"

ဆိုကာ သူ့ကောက်ညှင်းပေါင်းကြီး သူပြန်နှိုက်စားနေ၏။ ဒါကို ပန်းသာက. . .

"ဟေ့ကောင်. . . မင်းနဲ့မိချော ဘယ်တော့မှမညားရဘူးကွ၊ မှတ်ထား"

ဖိုးထင်က ကောက်ညှင်းပေါင်းစားလျက်တန်းလန်းမှနေ၍ လုပ်ပလောင်းဖြင့်

"ဟောဗျာ. . . ဒီညညားပါပြီဆိုတာကို လာနိမိတ်ဖတ်နေ သေး၊ ဘာလို့မညားရမှာလဲ၊ ကဲ အခုတင်ပြောပြီးဆိုပြီးသဘောတူပြီး ဘာဖြစ်လို့လဲ"

"မိချောကို ငါကြိုက်နေလို့ကွ၊ ငါကြိုက်နေလို့ မှတ်ပြီလား"

ပန်းသာက သူ့ရင်ဘတ်သူ တစ်ဗုန်းဗုန်းထုရင်း ပြောသည်။ ဒါကိုကြည့်ပြီး ဖိုးထင်က. . .

"အာ. . . မိချောကိုကြိုက်တာများ ရွာကထွန်းထိန်ဆို တစ်ပိုင်းသေလို့၊ ဟိုဖက်ရွာက အောင်မောင်းလည်း ရွှေတင်တောင်း ဒါများ အဆန်းလုပ်လို့၊ မိချောသာ ငါ့ကိုကျလို့ ငါနဲ့ညားရမှာ"

"မညားရဘူး၊ မညားရဘူး"

"ခက်တော့နေပြီ၊ ဒီနေ့ဝင်တာနဲ့ မိချောနဲ့ငါညားပြီ၊ မယုံရင် အမဆုံးမွေးတဲ့ကလေး မင်းကိုလာပြမယ်"

ဖိုးထင်စကားကြောင့် ပန်းသာဆတ်ဆတ်ခါနာသွားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြီးပျက်ပြီး. . .

"မညားရဘူး၊ မိချောဟာ ငါကလွဲပြီး ဘယ်သူနဲ့မှ မညားရဘူး၊ မှင်းကြည့်နေ"

ဆိုကာ ခြေလှမ်းကျဲကြီးနှင့် မိချောတို့ရှိရာသို့ ခြေလှမ်းကျဲကြီးနှင့်ထွက်သွား၏။ ဒါကိုဖိုးထင်က ကောက်ညှင်းပေါင်းလေး နှမ်းထောင်းနှင့်တို့ဝါးရင်း. . .

"ကြည့်နေပါတယ်၊ ကြည့်နေပါတယ်၊ ဒီညညားကြဖို့ လုံချည်တောင်တန်းတင်ထားပြီကို တကတည်း ကြားကကြမ်းဝင်ညှပ်ချင်သေး"

ဖိုးထင်စကား ပန်းသာကြားမကြားမသိတော့။ ခြေလှမ်းကျဲကြီးဖြင့်သာ မိချောတို့နား အရောက်သွားလေသည်။

"ဟင်း. . . မှတ်ထား၊ မင်းနဲ့မိချော မညားစေရဘူး၊ မိချော ဒီစရောက်ကတည်းက ငါ့ရင်တွေဘယ်လောက်ခုန်ခဲ့ရသလဲ မင်းသိလား"

"ဟောဗျာ. . . သူကတမျောင့်"

ပန်းသာ သူ့အလုပ်သမား နှစ်ယောက်သုံးယောက်ကို ခေါ်သည်။ ပြီးနောက် ဘာတွေထပ်ပြောနေသည်မသိ ထိုသူများက ခေါင်းညိတ်ပြီး ပြေးထွက်လာကြသည်။ သူ့နားရောက်တော့ ဖိုးထင်က. . .

"ဦးကြီးပေါ်ကြာတို့ ကိုရင်သာဒိုးတို့ ကောက်ညှင်းပေါင်းလေး အားပေးပါဦး"

ဆိုတာကို ထိုသူများက

"အာ. . . နေစမ်းပါကွာ၊ ဒီမှာအရေးကြီးရတဲ့အထဲ"

ဆိုကာ ရှာဖက်ပြေးထွက်သွား၏။





"ကောက်ညှင်းပေါင်း"

ဖိုးထင်က ပျော်ရွှင်စွာ အသံကျယ်ကျယ်နှင့် အော်သည်။ ဖိုးထင်စိတ်ထဲ သူနှင့်မိချော ဒီညညားကြရမည်မို့ ပျော်နေမိတော့၏။

ပန်းသာက သူ့အလုပ်သမားနှစ်ယောက်သုံးယောက်ကို ခေါ်ပြန်သည်။ နောက် ဘာတွေညွှန်ကြားသည်မသိ ညွှန်ကြားပြန်၏။ ထိုသူများက တန်းစီရင်း ဖိုးထင်နားတစ်ယောက် ရောက်လာပြန်၏။

"ကောက်ညှင်းပေါင်း၊ ဟေ့လူ ခင်ဗျားတို့ဘာလုပ်နေတာလဲ"

ဖိုးထင်က သူ့နားရောက်လာသူတစ်ယောက်ကို မေး၏။ ထိုသူက လွန်စွာအရေးကြီးဟန်နှင့်

"အသာနေစမ်းပါကွာ. . . ဟိုကအရေးကြီးနေပြီကွ၊ ဟီဟိ"

ဖိုးထင် ဘာမှဆက်မမေးတော့။

"ကောက်ညှင်းပေါင်း"

ဖိုးထင် အသံကျယ်ကျယ်နှင့်အော်ရင်း ပန်းသာကို ထိုင်ကြည့်နေသည်။ ပန်းသာ မိချောနား ကပ်သွား၏။

"ဒီလူနှယ် ဒီညညားပါပြီဆိုတာကို ဘာကြောက္ကူလီလုပ်ဦးမယ်မသိ"

သူတွေးနေတုန်းမှာပင် ပန်းသာက မိချောကိုဆတ်ခနဲမပြီး

"မိချောကို ငါခိုးပြေးပြီဟေ့၊ မိချောကို ငါခိုးပြေးပြီ"

"ဟာ"

ရုတ်တရက် အခြေအနေမို့ ဖိုးထင် ကြောင်သွားသည်။ မိချောလည်း ကြောင်ပြီးပါသွားပုံရ၏။

"ဟင်. . . ဘယ်လို. . . ဘယ်လို"

ဖိုးထင် သတိရပြီးလိုက်မည်ပြင်တုန်းမှာပင်

"ပန်းသာ မိချောကိုခိုးပြေးပြီဟေ့၊ ပန်းသာ မိချောကို ခိုးပြေး



www.burmeseclassic.com

www.burmeseclassic.com



ပြီ"

"ဟင်"

အလုပ်သမားများက သံပြိုင်အော်သံ။ သူ့နားကလူကလည်း

"မိချောကို ပန်းသာခိုးပြေးပြီဟေ့၊ မိချောကို ပန်းသာခိုးပြေးပြီ"

"ဟဲ့. . . ပလုတ်တုတ်"

သူ့နားကလူ ကျယ်လောင်စွာ အော်လိုက်သောကြောင့် ဖိုးထင် လန့်ပင်လန့်သွားသေး၏။ ထို့အတူ ရွာထဲမှလည်း

"ပန်းသာ မိချောကို ခိုးပြေးပြီဟေ့၊ ပန်းသာ မိချောကို ခိုးပြေးပြီ"

ဆိုသော အသံများ ကျယ်လောင်စွာ ကြားရသည်။

ခိုးပြေးတာက ဝေးဝေးမဟုတ်။ ကန်သင်းရိုးသုံးခုစာ။ သို့သော် ထိုသတင်းက ရွာကြီးတစ်ရွာလုံး ချက်ချင်းပျံ့နှံ့သွားလေသည်။ ဖိုးထင်ခမျာ ဖင်ထိုင်ရက်ကြီး ဘိုင်းခနဲလဲကျသွားတော့၏။ သူ့ခမျာ မွေးကင်းစကနေ အရိပ်တကြည့်ကြည့် ကြည့်လာရသည့်ကြက်။

ဟိုကောင် ကန်သင်းရိုးသုံးရိုး မပြေးသည်နှင့် သူပိုင်ဖြစ်ရပေပြီ။

"တောက်. . . ဒီအကြံမျိုး တစ်သက်လုံး ငါဘာလို့မစဉ်းစားမိပါလိမ့်"

××××







"အခါတော်ပေးတာက နတ်ရေးငယ်ရွှေစာ"

မင်္ဂလာအချိန်၌ မင်္ဂလာသီချင်းကြားရတာ ဘာထူးဆန်းမည်နည်း။

"ကောက်ညှင်းပေါင်း စားကြဦးမလား"

သို့သော် ထိုအသံက ထူးဆန်း၏။

ဖိုးထင်ရယ်လေ မင်္ဂလာမဏ္ဍပ်ရှေ့ ကောက်ညှင်းတောင်းကို ရှေ့ချဆောင့်ကြောင့်ထိုင်ရင်း တစာစာအော်ရင်း ငေးနေရှာ၏။

ပန်းသာကတော့ အောင်မြင်သောမျက်နှာပေးနှင့် ပိုးတိုက်ပုံဆင်ထား၏။ မိချောကတော့ အဖြူရောင်ပိုးတွဲကို ဆင်တူဝတ်ဆင်ထားရင်း မျက်နှာကတော့ ပျော်နေသည်လားမသိ ဝမ်းနည်းသည်လားမသိ ပကတိမျက်နှာတင်းတင်းနှင့်သာ ဘော့လိပ်ကြီးဖွာနေ၏။

"မိချောနှယ်. . . ရုပ်ဆိုးသာ"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင် ရေရွတ်မိသည်။ မှန်ပေသည်။ မိချောမျက်နှာမှာ သူအမြဲမြင်နေကျလို သနပ်ခါးဖွေးဖွေးနှင့် ယဉ်စစမဲဟုတ်ဘဲ မျက်နှာချေများ ပြဲရဲအောင်လူးထားသည့်အတွက် မူလရုပ်ကိုပင် မမှတ်မိဘဲ မျောက်အိုမကြီးလိုပင် ဖြစ်နေ၏။

ဖိုးထင် ကြည့်မရဆုံးက နှာခေါင်းထိပ်မှစ၍ နှာခေါင်းဆုံး ဆွဲထားသော အဖြူစင်းကြီးပင်။

"ဒီအစင်းကြီးများ ထုံးဖြူဆွဲသလားရယ်ပဲ၊ အကြည့်ရဆိုးပုံ ငါနဲ့သာဆိုရင်"

ဖိုးထင် ဝမ်းနည်းသွားမိ၏။

ဖိုးထင် သက်ပြင်းချရင်း တစ်ဘက်သို့ ကြည့်ပြန်သည်။ ဖျင်အင်္ကျီအဖြူဆွတ်ဆွတ်ကြီး ဝတ်ထားပြီး ခွေးခြေတစ်လုံးပေါ် ခြေတင်ကာ မှိန်းနေသော ဦးသာခေါင်ကို တွေ့ရတော့ သူ့စိတ်ထဲ တင်းခနဲဖြစ်သွားသေး၏။

ဟိုတစ်နေ့ ပန်းသာ မိချောကို ခိုးပြေးသည့်နေ့ကို ပြန်အမှတ်ရသေး၏။

××××





"ဟော့ကောင် တန့်သင်းရိုးသုံးရိုး ခိုးပြေးရုံနဲ့ မိန်းမခိုးတာ မမြောက်ဘူးကွ၊ ငါမှသာ နှစ်ဘက်သဘောတူထားတာ"

"ဒီမှာတောသား၊ မိန်းမခိုးတယ်ဆိုတာ ဘယ်လိုခိုးခိုး တိုင်တစ်တိုင်ကွယ်လိုက်ရုံနဲ့ ဘယ်လိုဖြစ်နိုင်တယ်ဆိုတာ မင်းသိလား"

"မင်းခိုးချင်တိုင်း ခိုးလို့မရဘူးကွ၊ ခိုးရာလိုက်သူက သဘောတူဦးမှ"

"အိုး. . . အခု သဘောတူလို့ ငါနဲ့တောင်ပါခဲ့ပြီ၊ ကဲ မင်းဘာ ပြောနိုင်သေးလို့လဲ"

ဖိုးထင်ကတစ်ယောက်တည်း ပန်းသာက လူအများမို့ ဖိုးထင် စကား မည်သူမျှတိုးမပေါက်။ မိချောကလည်း ရုတ်တရက် ပြောင်းလဲသွားသောအခြေအနေကြောင့် မျက်လုံးကလယ်ကလယ်နှင့် ကြောင်နေ၏။ ဖိုးထင်ကသာ ကြိတ်မနိုင်ခဲမရဖြစ်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com

"အာ. . . ကြာတယ်ကွာ၊ သူ့အဖေဦးသာခေါင်ကြီးရှိတယ်၊ သူ့အဖေကို သွားမေးမယ်၊ သူ့အဖေဆုံးဖြတ်တဲ့လူယူ၊ ဒါပဲ"

"ရတယ်လေ. . . သွားပေါ့"

သူတို့နောက် ရွာသားတစ်သီကြီးပါလာ၏။

သိပ်မကြာပါ။ ဦးသာခေါင်ရှိရာ ဒေါ်ပုတီးအိမ်ရှေ့ လူများ ပြည့်နှက်သွား၏။

မိချော၏လက်ကိုတော့ ပန်းသာကတစ်ဘက်၊ ဖိုးထင်က တစ်ဘက်ဆွဲရင်း အဆုံးအဖြတ်နာခံရန် စောင့်နေကြသည်။ သူတို့နှစ်ယောက်ပုံစံက အမှတ်ပေးဒိုင်ရှေ့ရောက် လက်ဝှေ့သမားနှစ်ယောက်လို။

ဦးသာခေါင်က သက်ပြင်းချပြီး. . .

"လူသိရှင်ကြားဖြစ်မှတော့ ခိုးရာလိုက်သူယူပေါ့"

"ဟေး"

ပန်းသာ မိချောလက်ကိုဆွဲ၍ထောင်လိုက်သည်။ ဖိုးထင်က မိချောလက်ကိုလွှတ်ပြီး ဒူးထောက်ကျသွား၏။


သူ့ခမျာ သုံးနှစ်သုံးမိုးမက တစ်သက်စာ အရိပ်တကြည့်ကြည့် ကြည့်လာရသည့်ချစ်သူ။ ဟိုက ကန်သင်းရိုးအမည်ပေါက် ခိုးပြေးရုံနှင့် ပိုင်သွားလေပြီ။

ဒီအတွေးမျိုး၊ တစ်သက်လုံး သူဘာလို့မတွေးခဲ့မိပါလိမ့်။ ဒီအတွေးမျိုးသာ သူရက ရွာထဲက ကိစ္စပြတ်ပြီမဟုတ်ပါလား။

ယခုတော့. . .

xxxx





သတို့သားမောင်ပန်းသာနဲ့ သတို့သမီးမမိချော။ နှစ်ဘက်မိဘများက သဘောတူညီချက်နှင့် ပုဆိုးတန်းတင် အကြင်လင်မယားဖြစ်ကြပြီး လင်သည်လည်း လင့်ဝတ္တရားငါးပါး။ မယားသည်လည်း မယားဝတ္တရားငါးပါးနှင့်အညီ။

"ကောက်ညှင်းပေါင်း ပူပူလေး"

ဖိုးထင်က မင်္ဂလာခန်းမရှေ့ သူမကြိုက်သည်များကြားတိုင်း ထထအော်သည်။

"ဘယ့်နှယ်. . . လူနားမလည်တဲ့စကားက ပြောနေရတယ်လို့၊ ငါယူရင် ဒါမျိုးမဂွတ်ဘူး"

ဖိုးထင်စိတ်ထဲ တေးထားလေသည်။

"ဟဲ့. . . သား ဖိုးထင် ကောက်ညှင်းပေါင်းရောင်းမယ်ဆိုပြီး ဘယ့်နှယ့် ဒီရောက်နေတာတုန်း"

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ အမေရွှေအောင်။ သူပင် ဝတ်ကောင်းစားလှနှင့်။

"အလှူအိမ်ရှေ့ ကောက်ညှင်းပေါင်းလာရောင်းတော့ မင်း ကောက်ညှင်းပေါင်း ဘယ်သူစားမှာတုန်း"

"အာ. . . အမေရွှေကလည်း ကျုပ်ရောင်းနေကျလမ်းပိုင်း က လူအားလုံး မင်္ဂလာပွဲရောက်နေတာ၊ ကျုပ်ဘယ်နားသွားရောင်းရမှာတုန်း"

ဒေါ်ရွှေအောင် သက်ပြင်းကို ခပ်ဆောင့်ဆောင့်ချကာ. . .

"ဒါဖြင့်ပြီးရော. . . ရောင်းမကုန်တော့ စောစောပြန်ချေ၊ အလှူပြီးရင် အမေလှည့်ရောင်းပေးမယ်"

ဆိုကာ အလှူမဏ္ဍပ်ထဲ လှမ်းဝင်သွား၏။ ဖိုးထင်ဘာမှပြန်မပြောဖြစ်။ မင်္ဂလာပွဲကိုပင် ဝမ်းသာရမလား၊ ဝမ်းနည်းရမလား မသိသောမျက်လုံးမျိုးနှင့် ငေးကြည့်နေသည်။ ကိုယ့်ချစ်သူ၏မင်္ဂလာပွဲကို ဒီအတိုင်းကြည့်နေရတာ ရင်ထဲနာသလို၊ ဗိုက်ထဲဆာသလို။

"ကဲ. . . သည်လောက်ဆိုရင်ဖြင့် မင်္ဂလာပွဲ အထမြောက်ခဲ့ပါလေပြီ၊ ထုံးစံအရ နှစ်ဘက်မိဘက ကလေးများကို ဘာများဆုံးမရန်ကျန်ပါသေးလဲ"

ပန်းသာဘက်က ဘယ်သူမှမလှုပ်။ မိချောဘက်ကသာ

"ကျုပ်ပြောဦးမယ်"

ဦးသာခေါင်ကြီးထလာ၏။ သူ့ခမျာ အကင်းမဲ့သေးသောဒဏ်ရာကြောင့် ထော့နင်းထော့နင်းထရ၏။

မဏ္ဍပ်အလယ် လူအားလုံးရှေ့ ဖြည်းဖြည်းလျှောက်လာ၏။ အားလုံးမြင်သာသည့်နေရာရောက်မှ အားလုံးကိုဝေ့ကြည့်ပြီး. . .

"အခုဆိုရင် ကျုပ်သမီးမိချောနဲ့ ပန်းသာဆိုတဲ့ကောင်



မင်္ဂလာဆောင်ကြပြီ"

အားလုံးက ဦးသာခေါင်ကို ငေးကြည့်နေ၏။

"ပန်းသာဆိုတာ ဘယ်ကကောင်လဲ ကျုပ်မသိဘူး၊ သူက လွန်ခဲ့တဲ့သုံးလေးရက်က ကျုပ်သမီးကို ခိုးပြေးခဲ့ပါပြီတဲ့၊ ကျုပ်လည်း သမီးနာမည်ပျက်မှာစိုးလို့ လက်ခံခဲ့ရတယ်၊ ကျုပ်သဘောနဲ့ဆို ဒီအဖြစ်သာမဖြစ်ခဲ့ရင် ဒီလိုကောင်မျိုးနဲ့ ကျုပ်သမီးအနားတောင် အကပ်ခံမှာမဟုတ်ဘူး"

သူ့စကားကြောင့် အားလုံးလှုပ်လှုပ်ရွရွ ဖြစ်ကုန်၏။

"ကောက်ညှင်းပေါင်း"

စိတ်လွတ်လက်လွတ် ဖိုးထင်ထအော်၏။ မဆီမဆိုင်ဝင်လာသောအသံကြောင့် အားလုံးဖိုးထင်ကို လှမ်းကြည့်ကြသည်။ ဦးသာခေါင်ကသာဆက်၍. . .

"ညားပြီဆိုတော့ ပြီးပြီပေါ့၊ အဲ မပြီးသေးတာရှိတယ်"

အားလုံး ဦးသာခေါင်ဘက် ပြန်လှည့်ကုန်၏။

"အားလုံးသိတဲ့အတိုင်း ကျုပ်တို့ရွာမှာလည်း တောကြောင်သောင်းကျန်းလို့ ရှိသမျှကုန်ခဲ့ရသလို ကျုပ်လည်းသေနတ်မှန်ပြီး ဒုက္ခိတဖြစ်ခဲ့ရပြီ၊ ဒါ့အပြင် ရွာကြီးမှာရှိတဲ့ ကျုပ်အစ်မလည်း စီးပွားပျက်လို့ ရူးမတတ်ဖြစ်နေပြီ"

အားလုံးငေးပြီး နားထောင်နေကြသည်။

"အလေးအနက်ပြောချင်တာက ကျုပ်တို့ရှေ့လျှောက်ပြီး ဘာမှလုပ်နိုင်တော့မှာမဟုတ်ဘူး၊ လုပ်စားဖို့လည်း စိတ်ကူးမရှိတော့ဘူး၊ ဒါ့အပြင် ရွာမှာရော ဒီရွာကြီးမှာပါ ကျုပ်နဲ့ကျုပ်အစ်မရဲ့ ဆပ်စရာကြွေးမြီတွေ မနည်းမနောတထောကြီးရှိနေတာပါပဲ၊ အဲဒီတော့ မောင်ပန်းသာ"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ"

ဟိုက ယောင်ပြီးထူးသည်။ ဒါကို ဦးသာခေါင်က. . .

"မင်း. . . ငါ့သမီးကိုယူရင် ငါတို့ကိုလုပ်ကျွေးရမဲ့အပြင် ငါတို့ရဲ့ကြွေးမြီတွေကိုပါ ဆပ်ပေးရမယ်"

"ဗျာ"

"ဟား. . . ဟား. . . ဟား"

ပန်းသာ၏အသံက တုန်ယင်သွားသည်။ ဖိုးထင်က အားရပါးရထရယ်သည်။ မိချောက ဘာမှစိတ်မဝင်စားသည့်မျက်နှာနှင့် တစ်ဘက်လှည့်နေ၏။

"ကောင်းတယ်. . . ဒီလိုကောင်မျိုး ဒီလိုခံရမှ ဟီး ဟီး ဟီး"

ဖိုးထင် သဘောတွေကျနေ၏။

"မင်း. . . အဲဒီအချက်တွေမှလက်မခံရင် ဒီမင်္ဂလာပွဲကို ငါကိုယ်တိုင် ဒီအချိန်ကစဖျက်သိမ်းမယ်"

ဦးသာခေါင်စကားကြောင့် အားလုံးလှုပ်လှုပ်ရွရွဖြစ်ကုန်သည်။ အားလုံးပွစိပွစိနှင့် ဆူညံလာ၏။ ပန်းသာက ပျာပျာသလဲဖြင့်. . .

"ဟုတ်. . . ဟုတ်ကဲ့ ကျွန် ကျွန်တော်လက်ခံပါ့မယ်၊ မင်္ဂလာပွဲကိုတော့ မ. . . မဖျက်လိုက်ပါနဲ့"

ပန်းသာ ကမန်းကတန်းတောင်းပန်သည်။ ဒါကို ဦးသာခေါင်က ပန်းသာကို လက်ညှိုးတည့်တည့်ထိုးပြီး. . .

"ငါပြောတာအားလုံး လက်ခံတယ်နော်"

"လက်. . . လက်ခံပါတယ်၊ ကျွန်တော် ချောချောကို တကယ်ချစ်လို့ပါ"

"မင်းဘာသာမင်း ချစ်ချစ်မချစ်ချစ် ငါနဲ့မဆိုင်ဘူး၊ ငါပြောတဲ့စကားပဲ ငါနဲ့ဆိုင်တယ်၊ မိချောကိုယူပြီး ငါတို့မောင်နှမကိုပါ တစ်သက်လုံးလုပ်ကျွေးရမှာနော်"

"ဟုတ်. . . ဟုတ် လုပ်ကျွေးပါ့မယ်"

"နောက်ပြီး ငါနဲ့ငါ့အစ်မပုတီးတို့ရဲ့ ကြွေးမြီမြောက်မြားစွာနဲ့ ဆေးကုစရိတ်ပါ မင်းရှင်းရမှာနော်"

"အဲ. . . အဲဒါက"

"ဘာလဲ မင်းလက်မခံဘူးလား၊ လက်မခံရင် ဒီမင်္ဂလာပွဲကို ငါဖျက်"

"ဟာ. . . မလုပ်ပါနဲ့၊ လက်ခံပါတယ်၊ လက်ခံပါတယ်"

"ဟား. . . ဟား. . . ဟား"

ဖိုးထင် ဝမ်းသာအားရ ထရယ်ပြန်၏။ ပန်းသာမျက်နှာကတော့ ဇီးရွက်မျှသာကျန်တော့၏။ သူ့ခမျာလည်း ဂုဏ်သရေရှိလူကြီးများဖိတ်ကြားထားသည်မို့ မင်္ဂလာပွဲအပျက်မခံနိုင်ပုံ။ ဦးသာခေါင်ကလည်း ချည်ပြီးတုပ်ပြီးသားကို အမိအရဆွဲသည်။

"အေး. . . မင်း ဒီစကားကို လူအားလုံးရှေ့မှာပြောတာနော်"

"ဟုတ်. . . ဟုတ်ကဲ့ပါ"

ဦးသာခေါင် ပရိသတ်များဘက် ပြန်လှည့်သည်။

"ကဲ. . . အားလုံးကြားတယ်နော်၊ ဒီမင်္ဂလာပွဲပြီးချိန်ကစပြီး ကျုပ်ရဲ့ဆေးကြွေး၊ အစ်မပုတီးရဲ့ကြွေးမြီအားလုံး ကျုပ်သားမက်ပန်းသာဆီတောင်းကြ၊ ဒီကောင်အားလုံး ဒိုင်ခံဆပ်လိမ့်မယ်၊ အဲဒီလိုမှမဟုတ်ရင် ဟိုမှာတွေ့လား ဓား၊ မင်္ဂလာပွဲကို သတို့သမီးအဖေကိုယ်တိုင် ဓားနဲ့တက်တာ"

မှန်ပေ၏။ ဦးသာခေါင် ခုနထိုင်နေသည့်ဘေး ဓားထောင်



www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းပင်။

"ဟား ဟား ဟား ဒီလိုကောင်မျိုး ဒီလိုခံရမှကောင်းတာ ဟား ဟား"

ဖိုးထင် ဆောင့်ကြောင့်ထိုင်နေရာမှ ဖင်ဆောင့်ဆောင့်ပြီး ရယ်သည်။ သူ့ကိုလူလည်ကျသွားသူ ပြန်ခံနေရသည်ကိုမြင်၍ သတိလက်လွှတ် ပျော်နေတာလည်းဖြစ်နိုင်၏။

"ကျုပ်ကို မလုပ်ရဲဘူးမထင်နဲ့၊ ခုနပြောတဲ့အချက်တွေ လက်မခံရင် အခုချက်ချင်း မင်္ဂလာပွဲကိုဖျက်၊ ကျုပ်ခွင့်လွှတ်တယ်၊ အေး ကတိပေးပြီးမှ ကတိပျက်ရင် ကျုပ်တကယ်ခုတ်မှာ၊ အခုကတည်းက ဆုံးဖြတ်၊ ဒါပဲ"

ပန်းသာ ခေါင်းငိုက်ကျသွား၏။ ဖိုးထင်ရင်ခုန်နေ၏။ ယခုအချိန်မှာ ပန်းသာ၏စကားက အဆုံးအဖြတ်မဟုတ်လား။

ပန်းသာကိုကြည့်တော့လည်း ဇောချွေးများပင် ဖြိုက်နေလေပြီ။ သူ့ခမျာ မင်္ဂလာပွဲဖျက်လိုက်လျှင် မိချောနဲ့ဝေးရမည်။ လက်ခံလိုက်လျှင်လည်း လိုက်ရှင်းရမည့်အရာက မနည်းမနော။

ဖိုးထင်ရင်ခုန်နေ၏။ ခြေဖျားလက်ဖျားများပင် အေးနေသည်။ သူနှင့်မိချောနီးရဖို့ ပန်းသာ၏ခေါင်းခါတစ်ချက်ပင်။ သို့သော်

"ကျွန်တော် ဦးရီးပြောသမျှ လက်ခံပါတယ်"

"ဟာ"

ပန်းသာ၏အဖြေက ဖိုးထင်ခန္ဓာကိုယ် လေထဲမြောက်တက်သွားသလို ခံစားလိုက်ရ၏။

"ဦးကြီးပြောတဲ့အတိုင်း မဖြစ်ခဲ့ရင် ကျွန်တော်ပေးခဲ့တဲ့ကတိအတိုင်း ကျွန်တော့်ကိုဓားနဲ့ခုတ်ပါ"

မဏ္ဍပ်တစ်ခုလုံးမှ သက်ပြင်းချသံများကြားရ၏။ ဦးသာ





ခေါင်းကပါ သက်ပြင်းချပြီး. . .

"မင်္ဂလာပွဲအထမြောက်ပါပြီ"

သူ့စကားသံနှင့်အတူ ခရုသင်းမှုတ်သံများ ဆူညံသွားလေတော့သည်။ လူအများ၏ပျော်ရွှင်သံများ ပြန်လည်စည်ကားသွားလေတော့သတည်း။

ဖိုးထင် ဆောင့်ကြောင့်ထိုင်ရာမှ ဖြည်းညှင်းစွာ ထရပ်လိုက်သည်။ သူ့တစ်ကိုယ်လုံး လေထဲမှာ လွင့်ပျံ့နေသလို ခံစားလိုက်ရသည်။ သူ့မျက်လုံးများက ဘာကိုမှကောင်းစွာမမြင်ရတော့။ ခုနက ပွဲအော်ရောင်းနေသော ကောက်ညှင်းပေါင်းတောင်းကြီးလည်း ခေါင်းထဲမရှိတော့။

ဖြည်းညှင်းစွာ လှည့်ထွက်လိုက်သည်။ ဆုံးရှုံးမှုအကြောင်း သူနားမလည်ပါ။ သို့သော် သူ့ခန္ဓာကိုယ်အတွင်း ဘာမှပြန်ပါမသွားသည်က သေချာ၏။

အနာဖေးတက်နေသော ခြေထောက်က ဆစ်ခနဲဆစ်ခနဲ ပြန် နာလာသလိုလို၊ ရင်ဘတ်ကပဲ အောင့်သလိုလို။

သူ့ခြေလှမ်းများက အလိုလို လှေဆိပ်ကိုဦးတည်သွားသည်။ ဖြတ်သွားဖြတ်လာလူများ သူသတိမထားမိ။

ဆိပ်ကမ်းတွင် ကုလားတစ်ယောက်နှင့် တရုတ်တစ်ယောက် ခဝေမတည့်ဖြစ်ရင်း ထိုးနေကြသည်။

လှေဆိပ်တွင်ချည်ထားသော သူ့လှေကလေး နေရာမယွင်းသေး။ ရေစီးရာသို့ မျောပါမလို မျောပါမလိုနှင့် ရွေ့နေ၏။

အသိစိတ်က ကပ်ငြိမနေ‌ပြေား ဖိုးထင် လှေပေါ် ရောက်သွားသည်။

ထိုအချိန်မှာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟောတော့"

မင်္ဂလာပွဲမှ ပြန်ထွက်လာသော ဒေါ်ရွှေအောင် ကောက်ညှင်းတောင်းသာမြင်ပြီး ဖိုးထင်ကိုမမြင်တော့၍ အံ့အားသင့်သွားသည်။ ဘေးဘီဝေ့၍ ရှာသေး၏။ နောက်မှသတိရပြီး. . .

"ဒီကလေး ရွာပြန်ပြီထင်တယ်"

ရေရွတ်ရင်း ကောက်ညှင်းတောင်းကို ခေါင်းရွက်လိုက်သည်။ ကောက်ညှင်းတောင်း ခေါင်းပေါ်ရွက်လိုက်သည်နှင့် သူ့စိတ်ထဲ အား လုံးမေ့ပြီး. . .

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း စားကြဦးမှာလား"

ဆိုသည့်စကား အလိုလိုခုန်ထွက်သွား၏။ သူ့ခမျာလည်း ရွာကို အရှိန်မှန်မှန်ပတ်ရပေဦးမည်။

မမြင်နိုင်သောမြစ်ဘက် လှမ်းမျှော်ကြည့်သည်။ သူ့စိတ်ထဲ၌ မြစ်ပြင်တွင် နေလုံးတည့်တည့် လှေဦးလှည့်၍ တက်မတဖွေးဖွေးနှင့် လှော်ခတ်သွားသော သူ၏ဝမ်းမနာသား အရှုံးသမားဖိုးထင်၏ ကျောပြင်ကို မြင်လိုက်ရသလိုလို။

××××







ဖိုးထင်စိတ်ထဲ ထိတ်ခနဲဖြစ်သွား၏။

ခါတိုင်းဆို ရွာမြစ်ချောင်းနံ့ဘေး ပိုက်ချငါးရှာ တစ်ဦးမဟုတ် တစ်ဦးရှိနေတတ်သည့် ချောင်းရိုး ယခုတော့ တိတ်ဆိတ်နေလေပြီ။

ရွာဘက်လှမ်းကြည့်တော့ မီးခိုးကအူနေသလို။

"ဘာများဖြစ်ပြန်ပါလိမ့်"

ဖိုးထင် စိတ်စောပြီး တက်မကို သွက်လိုက်သည်။ ရွာထဲမှ ဗြုံးဗြုံးဖျစ်ဖျစ်မြည်သံမှလွဲ၍ ဘာမှမကြားရ။

"ဟာ"

လှေဆိပ်မှတက်တက်ချင်း မြင်ရသောမြင်ကွင်းကြောင့် ဖိုးထင်ကြက်သေသေသွား၏။ ရွာကလေးမှာ တိတ်ဆိတ်ခြောက်ကပ်နေလေပြီ။ ခါတိုင်းဆို မစည်ကားသော်လည်း လှုပ်ရှားသွားလာမှုများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် အသက်ဝင်နေသောရွာလေးမှာ ခွေးဟောင်သံပင် မကြားရတော့။

ဖိုးထင် ရွာကလေးဆီသို့ ကမန်းကတန်း ပြေးတက်သွားသည်။

ဖြိုးဖြိုးဖျစ်ဖျစ်မြည်သံနှင့်အကူ မီးခိုးတချို့တွေ့ရသည်။ သူမသွားခင်ကပင် တည်ဆောက်နေသောရွာခြံစည်းရိုးက မီးလောင်နေလေပြီ။

"ရွာထဲမှာ ဘယ်သူမှမရှိကြဘူးလား"

ဖိုးထင်အသံကျယ်ကျယ်နှင့် အော်ရင်း ပြေးသည်။ တုံ့ပြန်သံမကြားရ။

"ရွာထဲကလူတွေ ဘယ်ရောက်ကုန်ကြပြီလဲ"

ဖိုးထင် သူ့အိမ်ရှိရာ ပြေးသွားလိုက်သည်။ ဆောက်လက်စအိမ်ကဟာလာဟင်းလင်းပင်။ ထူထားသောတိုင်နှင့် ကပန်းပင်မပြီးသေးသော အိမ်ကလေးက ကျိုးတိုးကျဲတဲ။ ခါတိုင်း အိမ်ရှေ့ကပြင်တွင် ဆောင့်ကြောင့်တွေ့နေကျ အဖေနှင့်အမေကိုလည်း မတွေ့ရတော့။

ဖိုးထင် ခေါင်းနားပန်းကြီးသွား၏။ ထို့ကြောင့် ရွာဘက်ပြန်လှည့်ပြေးကာ. . .

"ရွာထဲမှာ. . . ရွာထဲမှာ ဘယ်သူမှမရှိကြဘူးလား"

ဟီးခနဲ တိုးတိုးတိတ်တိတ် ရှိုက်ငိုသံကြားရ၏။

"စိန်ပု. . . စိန်ပု ငိုသံလား"

စိန်ပုတို့အိမ်မှ ငိုကြီးသံကြား၍ ဖိုးထင် ကမန်းကတန်း ပြေးဝင်သွားသည်။

"စိန်ပု. . . စိန်ပု"





သူဝင်သွားသည်နှင့် ငိုသံပြန်ပျောက်သွား၏။ အိမ်ပေါ်တက်ကြည့်သည်။ ဘယ်သူမှမရှိ။ ကြိတ်ရှိုက်သံက ကြားနေရဆဲ။ အိမ်ပေါ်မှ ပြန်ပြေးဆင်းလာသည်။

"စိန်ပု. . . စိန်ပု ငါဖိုးထင်ပါ၊ ဖိုးထင်လေ"

"ဖိုးထင်လား. . . ဟီး"

အိမ်နောက်ဖေး နွားစာခွက်ဆီမှ စိန်ပုအသံထွက်လာ၏။ ဖိုးထင် ကမန်းကတန်း ပြေးသွားသည်။ နွားစာခွက်ထဲ ကောက်ရိုးကြားဝင်ပုန်းအိပ်နေသော စိန်ပု။ သူ့ကိုမြင်တော့ ငိုရင်းထဖက်သည်။

"ဘယ်လို. . . ဘယ်လိုဖြစ်တာလဲစိန်ပုရယ်၊ ရွာသားတွေရော"

စိန်ပုငိုသံက မဆုံး။ ခန္ဓာကိုယ်တစ်ခုလုံးလည်း နွမ်းဖတ်နေသည်။

"ဟီး. . . တမြန်နေ့က ရွာထဲကို ဓားပြတွေလာပြီး တစ်ဘက်နဲ့တစ်ဘက် တိုက်ကြတာ၊ အဟင့် ပြီးတော့ သေနတ်တွေနဲ့ ရမ်းပစ်တော့ ရွာသားတွေလည်းမနေရဲဘဲ တောဖက်ပြေးကြတာ၊ ငါသာ နှစ်ဘက်ကြားညှပ်ပြီး ပြေးမရဘဲကျန်ခဲ့တယ်၊ နောက်ပြီး ရွာမှာ လူလည်းမရှိရော သူတို့နှစ်ဖွဲ့ ပြန်တည့်ပြီး တစ်အိမ်တက်ဆင်း မွှေယူကြတာ ငါလည်းကြောက်ကြောက်နဲ့ ဒီနွားစာခွက်ထဲ ပုန်းနေရတယ်၊ ဟီး ငါ့ကိုကယ်ပါဦး ဖိုးထင်ရဲ့၊ ငါ့မှာ အဖေအမေကလည်း ဘယ်ရောက်မှန်းမသိ၊ ဓားပြကြောက်ရ၊ သရဲကြောက်ရနဲ့ တစ်ယောက်တည်း ကြောက်နေရတာ. . . ဟီး"

စိန်ပု ဖိုးထင်ကို လွတ်ထွက်မည်စိုးသည့်အလား ကျစ်ကျစ်ပါအောင်ဆုပ်ဖက်ရင်း ကျုံကျုံပါအောင်ငို၏။ အထိအတွေ့ကြောင့် ဖိုးထင်ရင်ထဲ နွေးနွေးတက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုခွဲမသွားပါနဲ့ ဖိုးထင်ရယ် နော်"

ဖိုးထင်က သက်ပြင်းချလိုက်သည်။ ပြီးတော့ ရင်ခွင်ထဲမှ စိန်ပုကို ငုံ့ကြည့်လိုက်သည်။ နောက် သူ့လက်ကြမ်းကြီးနှစ်ဘက်နှင့် စိန်ပုကို ပြန်ဖက်ရင်း. . .

"နင်နဲ့ငါ ညားလိုက်ကြရအောင်စိန်ပုရယ်"

စိန်ပု ဖိုးထင်ကို မော့ကြည့်သည်။ ဖိုးထင်က စိန်ပုကို ကရုဏာသက်စွာငုံ့ကြည့်ရင်း

"ဒါမှ နင်ဘယ်သူ့မှမကြောက်ရမှာ"

ထိုစကားကြောင့် ဖိုးထင်နှင့်စိန်ပု ညားကြလေသတည်း။

××××







"ကဲ. . . ကျုပ်တို့ ဒီလိုပဲကြောက်နေလို့ မပြီးဘူး၊ သူတို့ ဒီလို ရမ်းကားချင်တိုင်း ရမ်းကားလို့မရအောင် အမြီးလှန်ချိုးဖို့ ကြိုးစားရမယ်"

ဖိုးထင်ရဲ့အသံက အောင်ပြီးမာနေသည်။

"တစ်ခါလာလည်း ဝင်ရမ်းကား၊ နှစ်ခါလာလည်း ဝင်ရမ်းကားနဲ့ ကျုပ်တို့သာငုံ့ခံနေရင် ကျုပ်တို့အိမ်ပေါ်တက်၊ ကျုပ်တို့သားမယားတွေဂါ မျက်စေ့ရှေ့မှာတင် အနိုင်ကျင့်စော်ကားလာကြတော့မှာ"

ဖိုးထင်စကားကို အားလုံးအံကြိတ်ရင်း တိတ်ဆိတ်စွာ နားထောင်နေကြသည်။

"ဒါဆို ဘယ့်နှယ်လုပ်ရမလဲ ဖိုးထင်"

ကျီးနီက ထမေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ရွာသားတွေ လူစုပြီး ဒီကောင်တွေကို ပြန်ခုခံဖို့ပဲရှိတော့တယ်"

ဖိုးထင်ရဲ့ ပြတ်သားသည့်စကားနောက်

"ဟုတ်တယ်၊ ချမယ်"

"ခံချရမယ်. . . မခံနိုင်တော့ဘူး"

"ငှံခံလေရောင့်တက်လေမို့ ခံချသင့်ပြီ"

စသည့်စကားသံများ စီညံသွား၏။ ထို့နောက်ကမှ ထန်းတဲပိုင်ရှင် ဦးလူကောင်းက. . .

"ခံချတာတော့ဟုတ်ပါပြီ၊ သူတို့ဆီမှာက ဒိုင်းညှောင့်တွေနဲ့ကွ၊ ငါတို့မှာက ခုတ်ဖို့ရွှယ်ရသေး သူတို့လက်ညှိုးလေးကွေးရုံနဲ့ ငှက်တောလိုဂွကုန်မှာ"

အားလုံး ငြိမ်ကျသွား၏။ ဒါကို ဖိုးထင်က. . .

"ကျုပ်အားလုံး စုံစမ်းပြီးသွားပြီ၊ ဒီကောင်တွေကို ပြန်ချချင်နေတာ ကျုပ်တို့တစ်ရွာထဲမဟုတ်ဘူး ဟိုဘက်ရွာက နီးစပ်ရာရွာက လူတွေကပါ ဒီကောင်တွေကို မခံမရပ်နိုင်အောင်ဖြစ်နေကြတာ၊ ဒါကြောင့် ကျုပ်တို့ တခြားရွာသားတွေနဲ့လည်းပေါင်းမယ်၊ ပြီးရင် ရွာကြီးတက်ပြီး အာဏာပိုင်တွေဆီ အကူအညီတောင်းမယ်၊ ကျုပ်တို့ရွာနှစ်ရွာလူအင်အားနဲ့ဆို တာဝန်ရှိသူတွေ ကူညီကြမှာပဲ"

"ဟုတ်တယ်၊ မှန်တယ်၊ ဒါဟာသင့်တော်တယ်"

ဆိုသောစကားများ ပြန်လည်ဆူညံကုန်၏။

"ကဲ. . . ဒီတော့ ကျုပ်တို့အားကောင်းမောင်းသန်လူငယ်တွေစုပြီး တခြားရွာသားတွေနဲ့ပူးပေါင်းရေးအစီအစဉ် စလိုက်ရအောင်"

"ကျုပ်လည်းလိုက်မယ်"



အားလုံး လှုပ်လှုပ်ရွရွသံကြား ပေါ်ထွက်လာသောအသံ။ ဖိုးထင်က အသံရှင်ကို ကြည့်ပြီး. . .

"တောခွေး. . . မင်းကငယ်သေးတယ်၊ နောက်ပြီး မင်းစိတ်ဓာတ်နဲ့လည်း မဖြစ်သေးဘူး"

ဖိုးထင်က ကြောင်ကတိုးတို့ လိုက်ရှာသည့်နေ့က. . .

"ကျုပ်လိုက်ပြမယ်"

ဆိုသည့်စကားကို ကလေးနှင့် မတန်မရာဆိုခဲ့သည်မို့ ဖိုးထင် ငြင်းလိုက်ရခြင်းဖြစ်၏။

ဒါကို တောခွေးက. . .

"ကိုရင်ဖိုးထင်. . . ကျုပ်အကြောင်းသိမယ်"

ဆို၍ လူအုပ်ကြားမှ ပြေးထွက်သွား၏။ ကလေးစကားမို့ မည်သူမှ အရေးမထားခဲ့။ ဖိုးထင်တို့ကသာ နိုင်ထက်စီးနင်း ပြုသူများကို ပြန်လည်ပုန်ကန်ရန် စိတ်စောနေကြလေတော့သည်။

××××

www.burmeseclassic.com

www.burmeseclassic.com





ရွာကြီး၏ ကွင်းကြီးထဲ၌ ဖိုးထင်တို့အဖွဲ့နှင့် မောင်ကံတို့အဖွဲ့ ဆုံကြသည်။ ရွာနီးချုပ်စပ်မှ မောင်လုံးတို့အဖွဲ့ ရဲဒင်တို့အဖွဲ့များလည်း ရောက်နေကြပြီ။ အားလုံးစည်းရုံးခဲ့သမျှ လူအင်အားတစ်ရာကျော် ရှိနေလေပြီ။ အင်အားက အားရစရာ။ မိမိရွာများကို နိုင်ထက်စီးနင်း ပြုကျင့်ခံထားရသည်မို့ အားလုံးတက်ကြွနေကြသည်။ ဒီလူအင်အား မျှကို လက်နက်အင်အားထပ်ပိုးလိုက်ပါက ဘယ်သူကများ အနိုင်ကျင့်ရဲတော့မည်နည်း။

ရွာကြီးသားများပင် ရုံးစုရုံးစုဖြစ်နေသော သူတို့လူအုပ်ကြီး ကိုကြည့်၍ အားရနေသည်။ လူတိုင်းမှာက ခံစားချက်ကိုယ်စီနှင့်ကိုး။ တောကြောင်ရန်ကိုတော်လှန်နိုင်ရန် လူတိုင်းစိတ်ထဲ မာန်တက်နေကြသည်။

"ကဲ. . . ဖိုးထင် လူအင်အားကတော့ အားရစရာတော့



ဖြစ်နေပြီ၊ ဒါပေမဲ့ တို့တွေအားလုံးစုစည်းပြီး တောကြောင်ရန်ကို ကာကွယ်ဖို့ လှုံ့ဆော်တဲ့စကားလေးပြောဖို့တော့ လိုလိမ့်မယ်ထင် တယ်"

မောင်ကံက ဖိုးထင်ကို လာပြော၏။ မှန်ပေ၏။ ထိုရွာနီး ချုပ်စပ်တွင် သတ္တိအရှိဆုံးလူမှာ ဖိုးထင်ပင်မဟုတ်လား။ အားလုံးက ဖိုးထင်ကို ခေါင်းဆောင်စေချင်ကြ၏။

"ဟုတ်တယ် ကိုကြီးမောင်ကံ၊ ကျုပ်တို့ ဒီအတိုင်းတစ်ယောက် တစ်ပေါက် ပြောနေရုံနဲ့ စည်းရုံးမှုက ရမှာမဟုတ်ဘူး၊ စုပေါင်းညီညာ နိုင်အောင် စည်းရုံးရေးစကားတော့ ပြောဖို့လိုပြီ"

"ဘာ. . . ဘာလုပ်နေကြတာလဲဟင်"

သူတို့တိုင်ပင်နေတုန်းပင် လူတစ်ယောက် ချဉ်းကပ်လာ၏။

"ပန်းသာ"

ဟုတ်ပါသည်။ မိချောယောကျ်ား ပန်းသာပင်။ ပန်းသာကို မြင်သည်နှင့် မိချောကို ကန်သင်းရိုးသုံးရိုးခိုးပြေးပြီး အနိုင်ယူခဲ့ပုံ သတိရပြီး အသည်းကဆတ်ခနဲနာသွား၏။ သူ့နောက် ခပ်လှမ်းလှမ်း တွင်တော့ သူတစ်ခါက ချစ်ခဲ့ရသောမိချော ယောင်ပေယောင်ပေနှင့် ရပ်နေ၏။ မျက်နှာကတော့ ငယ်ငယ်ကအတိုင်း ခပ်မာမာ။ သို့သော် မျက်လုံးတွေက မကြည်လင်တော့။ ဖိုးထင်ကြည့်နေတာသိတော့ တွေ့ချင်ယောင်ဆောင်နေသည်။ သူတို့ပုံတွေက အလုပ်မရှိတော့ ပုံမျိုး။ လူပုံတွေက အရင်လိုမလန်းဆန်း။

"အေးလေ. . . အလုပ်မရှိတော့လို့ ဒီနားယောင်ပေယောင် ပေ လုပ်နေတာပေါ့"

ဖိုးထင် မာန်သွင်းလိုက်သည်။

"ဒီမှာလေ. . . ကျုပ်တို့ရွာတွေမှာ သောင်းကျန်းနေတဲ့

www.burmeseclassic.com

www.burmeseclassic.com



တောကြောင်တွေကို တော်လှန်ဖို့ စည်းရုံးနေတာ"

"လုပ်သင့်တဲ့ကိစ္စပေါ့ဗျာ၊ ကျုပ်က ရွာသားမဟုတ်ပေမဲ့ ရွာသားတွေ အဲသည်လို အနိုင်ကျင့်ခံနေရတာမြင်ရင် လွတ်အသည်းနာတာ"

ပန်းသာ အားတက်သရော ထောက်ခံ၏။ ဒါကို ဖိုးထင်က အနိုင်ရသူပမာ ခေါင်းမော့ပြီး. . .

"ကဲ. . . ပြောနေရုံနဲ့မပြီးဘူး၊ ကျုပ်တို့ရွာသားတွေအားလုံးကို စည်းရုံးကြစေဖို့ ကျုပ်မိန့်ခွန်းပြောရဦးမယ်"

"ဟာ. . . နေဦး. . . နေဦး"

ဖိုးထင် ခြေလှမ်းအစမှာတင် ပန်းသာက လှမ်းဆွဲသည်။ ဖိုးထင်က မျက်မှောင်ကျုံ့၍ ပြန်ကြည့်သည်။ 'ဘာလဲဟ'ဆိုသည့် သဘော။ ဒါကို ပန်းသာကလည်းသိသည်။

"ဒီလိုဗျ. . . ခင်ဗျား အခုချက်ချင်းတက်ပြောရင် လူတွေက ဘယ်သိပ်အထင်ကြီးမလဲ၊ ဒါမျိုးဆိုတာ စတပ်ဘိုက်စတပ်၊ ဟိုဗျာ ကျွန်တော်ပြောတာ အင်္ဂလိပ်လိုဖြစ်နေပြီ"

ဖိုးထင်ကတော့ ဘာလိပ်မှမသိ။

"ကျွန်တော်ဆိုလိုတာကဗျာ တစ်ဆင့်ချင်းသွားမှ ပိုပါဝါရှိတာ"

"ပါဝါ"

"ဟိုမှာ. . . အဆင့်မြင့်တာကိုပြောတာ"

"အဲဒီတော့"

"အဲဒီတော့ ခင်ဗျားကိုယ်စား ဟောဒီကိုကြီးပန်းသာက အင်ထရိုအဲ အစပြောပေးမယ်၊ ကိုကြီးပန်းသာပြောပြီးတာနဲ့ ညီလေး တက်ဟပစ် ဒါမှလူတွေက ညီလေးကို ပိုလေးစားမှာ"



သူ့ကိုယ်သူ ကိုကြီးပန်းသာဆိုလိုက်၍ ဖိုးထင် အောင့်သက်သက်ဖြစ်သွား၏။ သို့သော် သူပြောပုံ သဘောကျ၍သာ ငြိမ်နေလိုက်ရသည်။

ဟုတ်ပါသည်။ သူ ယခုလူရှေ့ရပ်၍ စကားကို ဘယ်ကစပြောမည်နည်း။ သူမသိနိုင်။ ခွေးအကြီး လှည်းနင်းသလိုလည်း ဖြစ်နေနိုင်သည်။ အစီအစဉ်ကောင်းမို့ ဖိုးထင် အားတက်သွားသည်။

"ကဲ. . . ဒါဖြင့် ကိုကြီးပန်းသာ ခြေဆင်းအရင်ပြောနှင့်၊ ပြီးမှ ကျုပ်အားနဲ့မာန်နဲ့ တက်ဟဲမယ်"

"စိတ်ချညီလေး ကိုကြီး အပီကိုင်လိုက်မယ်၊ ညီလေး ဒီကဘာတွေအားကြိုးမာန်တက် ပြောမယ်ဆိုတာ စီစဉ်ရင်းစောင့်"

ပန်းသာ လှစ်ခနဲထွက်သွား၏။

ဖိုးထင်စိတ်ထဲ ပြောရမည့်စကားစီပြီ။

"ကိုရင်ငှက်ရိုးအကြောင်း စပြောရမလား၊ စိန်ပုရဲ့အဖြစ်ကပဲ စလိုက်ရင် ရင်နာနာနဲ့ အားတက်ကြမလား၊ အိုလေ ဒါတွေက ကိုယ့်သူငယ်ချင်း ကိုယ့်မိန်းမတွေအကြောင်းဖြစ်နေတော့ ပုဂ္ဂလများဆန်နေမလားပဲ၊ ရွာမီးအတိုက်ခံရတာကစရင်ရော ဒါလည်းမဖြစ်သေးပါဘူး၊ နားထောင်သူအားလုံး ဇာတိမာန်တက်ကြွဖို့ဆိုတာ"

"ရဲဘော်တို့"

"ဟဲ့. . . ပလုပ်တုတ်"

သူစဉ်းစားနေတုန်းမှာပင် အထက်ပါအသံအောင်အောင်ကြီးကိုကြား၍ လန့်ပြီး ခေါင်းထောင်သွားမိ၏။

"ပန်းသာ"

ဟုတ်ပါသည်။ ပန်းသာပါ။ ဘယ်ကဘယ်လို ရှာဖွေလာမှန်းမသိသော ထင်းရှူးပုံးအစုတ်ကြီးပေါ် တက်ရပ်နေ၍ အားလုံးထက်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတစ်လုံးသာနေ၏။ မျက်နှာက ခုနကလို ယောင်ပေယောင်ပေ မဟုတ်တော့။ မာထန်ပြီး မာန်ပါနေသည်။ လူတိုင်းကလည်း သူ့ကို ကြောင်ကြည့်နေသည်။

"ကျုပ်ကိုယ်ကျုပ် မိတ်ဆက်ပေးရမယ်ဆိုရင် ရဲဘော်တို့လို ရွာသိမ်ရွာမွှားမှာ လယ်ယာလုပ်ကိုင်စားနေတဲ့ ကျောမွဲကြီးပန်းသာပါ"

"ဖြောင်း ဖြောင်း ဖြောင်း"

ကျောမွဲကြီးပန်းသာဟု ဆိုလိုက်သည်နှင့် ဘဝတူကျောမွဲများ မနေသာခွေ့သွားကြ၏။

ဖိုးထင် စိတ်ထဲမတော့. . .

"အေး. . . ဒီကောင်မြို့ကလာတဲ့ကောင်၊ ဘယ့်နှယ် လယ်စိုက်စားတဲ့ ကျောမွဲဖြစ်သွားရပါလိမ့်"

သူ့အတွေးကမဆုံးသေး၊ ပန်းသာ၏အောင်မြင်လှသော အသံ က. . .

"ကျုပ်တို့ဟာ ကိုယ့်လယ်ကိုယ့်ဟာနဲ့ အေးချမ်းသာယာနေပါလျက်နဲ့ တောကြောင်တွေ လက်ခမောင်းခတ်လို့ ကျုပ်တို့ကို သားကောင်တွေလို မတရားချနင်းခံနေရပါပြီ"

"ဟုတ်တယ်. . . ဟုတ်တယ် ကိုကြီးပန်းသာပြောတာဟုတ်တယ်"

စူးစူးဝါးဝါး ထွက်လာသော မိန်းမသံကြားရလျှင် ကြည့်လိုက်တော့. . .

"မိချော"

သူ့အော်သံကြောင့် အားလုံးကြောင်ပြီး လှည့်ကြည့်ကြသည်။ ဒါကို မိချောက ဖိုးထင်ဘက်လှည့်ပြီး လက်သီးဆုပ်ထောင်ပြသည်။



သဘောကတော့ ဟိုကပြောတာ ထောက်ခံပေးစေချင်သည့်သဘော။ မိချောကိုကြည့်၍ ဖိုးထင်အားနာသွားသည်။ ထို့ကြောင့်. . .

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုကြီးပန်းသာပြောတာဟုတ်တယ်"

ဖိုးထင်၏ သံဝါကြီးကြောင့် လူအားလုံးလည်း ယောင်တောင် ပေါင်တောင်နှင့်. . .

"ဟုတ်တယ်၊ ဟုတ်တယ်၊ ကိုကြီးပန်းသာဟုတ်တယ်"

ဟူသောအော်သံများ စီညံသွားလေတော့၏။ ပန်းသာ၏ မျက်နှာမှာလည်း လပြည့်ညလမင်းကြီးပမာ ဝင်းလက်လာသည်။

"ရဲဘော်တို့ ဒါကြောင့် မိဘပြည်သူများရဲ့အသက်ကို ကာကွယ်ဖို့ တာဝန်မလွှဲသာမရှောင်သာ ကျုပ်တို့ပခုံးပေါ်ကျလာပါ ပြီ၊ လူတိုင်း စည်းရုံးကြမယ်မဟုတ်လား"

"စည်းရုံးမယ်. . . စည်းရုံးမယ်"

အသံများက သွေးဆူရိပ်များပင်ပါနေပြီ။ ဖိုးထင်လည်း ဒါပြီး သူပြောရမည့်စကားများကို ပါးစပ်ထဲစီနေပြီ။ သူက ပိုပြီးအားနှင့် မာန်နှင့် ပြောရမည်မဟုတ်လား။

"ဒါကြောင့်. . . ဟောဒီမှာရောက်ရှိလာတဲ့ ရဲဘော်များရှေ့ ကျုပ်ကျောမွဲကြီးပန်းသာ ဦးဆောင်ဦးရွက်ပြုပြီး ရဲရဲကြီးတိုက်ပွဲဝင်မယ်ဆိုရင် ကျေနပ်လား"

အားလုံးကြောင်ကုန်၏။ သို့သော် မိချောအသံက. . .

"ကျေနပ်တယ်၊ ကျေနပ်တယ်"

သူ့လင်ခေါင်းဆောင်တာ သူကျေနပ်သွားမှာပေါ့။ ဒါကို ဖိုးထင်ကလည်း. . .

"အေးလေ. . . မကျေနပ်ဘူးပြောရင် သူ့ခမျာရှက်မှာမှာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တွေးမိပြီး. . .

"ကျေနပ်တယ်၊ ကျေနပ်တယ်"

မဲ့ဟုံ ထအော်ပေးလိုက်သည်။ သူ့နောက်က ယောင်ဝါးဝါးများကလည်း. . .

"ကျေနပ်တယ်၊ ကျေနပ်တယ်"

ဟူ၍ ဘဝင်ည်ပေးကြ၏။ ထိုအသံကြားတော့ ပန်းသာ မြိန်မြိန်ကြီးပြုံးလိုက်ပြီး ဦးခေါင်းကိုညွှတ်ကာ. . .

"ယခုလို ကျုပ်ကို အားလုံးက ခေါင်းဆောင်အဖြစ် တင်မြှောက်တဲ့အတွက် အထူးကျေးဇူးတင်ရှိပါတယ်"

"ဟာင်"

ပန်းသာစကားကြားတော့ ဖိုးထင် ကြောင်သွား၏။

"အစကသူပြောတော့ ညီလေးပြောကောင်းအောင် ကိုကြီးခြေဆင်းလေးပြောပေးမယ်ဆိုပြီး အခုဘယ်သူက တင်မြှောက်လိုက်လို့ သူခေါင်းဆောင်ဖြစ်သွားပါလိမ့်"

ဖိုးထင် စဉ်းစားရန်ဉာဏ်မမှီ။ ဖိုးထင် ခေါင်းကုပ်သည်။

ထိုစဉ်မှာ ပိုင်ပိုင်နိုင်နိုင်ကြီး ကြားလိုက်ရသော ပန်းသာ အသံက

"တပည့်တို့. . . ဆရာဟာဆိုရင်"

အခေါ်အဝေါ်က ချက်ချင်းပြောင်းသွားသည်။ ဖိုးထင် ဒီတစ် ခါတော့ အားမနာနိုင်တော့။

"နေ. . . နေပါဦး ခင်ဗျားကိုဘယ်သူက ဆရာတင်လို့ ဆရာဖြစ်ရတာလဲ၊ ကျုပ်တို့အားလုံးဟာ တောကြောင်ရန်ကို ကာကွယ်ဖို့လာကြတာ၊ ခင်ဗျားတပည့်လုပ်ဖို့ လာကြတာမဟုတ်ဘူး"

ဖိုးထင်စကားကြားတော့ အားလုံးအူလည်လည်ဖြစ်ကုန်ကြ



၏။ ဒါကို တစ်ယောက်တည်း ထင်းရှူးပုံးပေါ် ရောက်ပြီး အဆင့်မြင့်နေသော ပန်းသာမှ

"အားလုံးကြားကြတဲ့ အတိုင်းပါပဲ၊ တော်လှန်ရေးလုပ်တယ်ဆိုတာ အားလုံးညီညွတ်ဖို့လိုပါတယ်၊ ဟောဒီလို"

ပန်းသာလက်ညှိုးက ဖိုးထင်ပေါ် ကျလာ၏။

"ဟောဒီလို စည်းလုံးညီညွတ်မှုကို ဖျက်ဆီးမဲ့သူမျိုးပါလာရင် ကျွန်တော်တို့ရဲ့ တော်လှန်ရေး ဘယ်လိုလုပ်အောင်မြင်မှာလဲ"

ပန်းသာစကားကြောင့် အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်၏။

"ဒီလို ညီညွတ်ရေးကို တည်ဆောက်ထားတဲ့ ရွှေညီအစ်ကိုများကိုသွေးခွဲတာ ဘယ်လိုလူမျိုးလဲ"

"သူလျှို"

မိချော၏အသံဖြစ်သည်။ သူ့ယောက်ျားဘက်မှ တစ်ဖက်သတ် အားပေးနေတာဖြစ်သည်။ ထိုအသံကြောင့် လူအများကလည်း လက်သီးပြင်၊ နှုတ်ခမ်းပြင်ဖြစ်လာကြ၏။

"ရဲဘော်တို့ ကျုပ်တို့ စည်းလုံးညီညွတ်မှုကို ဖျက်ဆီးမဲ့ ဒီသူလျှိုကိုဖမ်းကြ"

ပန်းသာက အားလုံးအားရအောင် အသံနက်ကြီးနှင့် အော်သည်။ ထိုအော်သံနှင့်ကပ်လျက်. . .

"သူလျှိုကောင်သေပေတော့"

နာမည်သိပါလျက်နှင့် ကင်ပွန်းပြောင်းတပ်ပေးလိုက်သည်။ နောက် မိချောက ထဘီအလံထူပြီးပြေးလာ၏။ ထို့နောက်တွင်တော့ အလကားဆွမ်းကြီးလောင်းရ မနည်းဘူးဟု ယူဆထားသူများ ကပ်ပါလာကြ၏။ အားလုံး ဖိုးထင်၏ခန္ဓာကိုယ်ပေါ် စုပြုံသွားကြသည်။

"ချကွာ. . . သူလျှိုကောင် အရှင်မထားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တောကြောင်တွေ လက်ခမောင်းခတ်နိုင်အောင် လုပ်တဲ့ ကောင် သေပါစေကွာ"

မောင်ကံတို့ပါ ပါသည်။

ထမင်းအိုးတစ်လုံးတောင် ကျက်မည်မထင်။ ဖူးယောင်ဒဏ်ရာများနှင့် ဗွက်အိုင်ထဲမှာ မှောက်လဲနေသောဖိုးထင်ကို တွေ့ရသည်။ ခုနကစုရုံးထားသောလူတွေ တစ်ယောက်မှမရှိတော့။

တော်လှန်ရေးသူရဲကောင်း ကျောမွဲကြီးပန်းသာနောက် လိုက်သွားကြလေပြီ။

သတ္တိသာရှိပြီးဉာဏ်မရှိသော သူရဲကောင်းပြုတ်ဖိုးထင် သူ့ရွာသူပြန်ပြီး မိန်းမစိန်ပုခိုင်းသမျှ နွားတစ်ကောင်လို ကုန်းရုန်းလုပ်ရရှာလေသည်။

သိပ်မကြာခင်အချိန်အတွင်း သတင်းတစ်ခု ထွက်လာသည်။ တောကြောင်များမရှိတော့။ အဘယ်ကြောင့်ဆိုသော် သူတို့ထက် လက်စောင်းထက်သော သူပုန်ကြီးကျောမွဲကြီးပန်းသာက သူတို့ထက်သာ ဆိုး၍ဖြစ်သည်။

တစ်ခုလည်း ကံကောင်းပါသည်။ ရွာနေလူများ ပါဝင်သောကြောင့် ရွာကိုတော့ ဝင်ရောက်ဒုက္ခပေးခြင်းမရှိတော့။ ရွာနီးချုပ်စပ်ရှိ တောသူနိုပြီး ဖြတ်သွားဖြတ်လာကို ခိုးဆိုးလုယက်နေခြင်းပင်။

တချို့တပ်ဖွဲ့များကို မိချောက ဦးဆောင်ပါသည်။ သို့သော် သူတို့ကာလ သိပ်မကြာလိုက်ပါ။ အာဏာပိုင်များ လိုက်လံဖမ်းဆီး၍ လူဆိုးကြီးပန်းသာအဖမ်းခံရပြီဟူ၍ သာနိတ္တိတံလေသည်။ အဖွဲ့ပြိုကွဲ၍ ပါဝင်သောရွာသားများ ကိုယ့်ရွာကိုယ်ပြန်လာကြသည်။ သို့သော် မိချောတော့ ပြန်ပါမလာ။

××××





အဖေလည်းသေပြီ။ အမေလည်း သေရှာပြီ။ ဖိုးထင်ပင် စိန်ပုနှင့်ညား၍ ကလေးသုံးယောက် မွေးခဲ့ပြီ။

အဖေသေတုန်းကလည်း ဖိုးထင် အမွေတစ်ပြားမှမရခဲ့။

"ငွေဆိုတာ အလကားမရဘူး ဖိုးထင်၊ ငါစုထားတဲ့ငွေတွေ တော့ရှိရဲ့၊ မင်းကိုတော့ ဒီအတိုင်းမပေးခဲ့နိုင်ဘူး၊ မင်းလိုချင်ရှာယူပေါ့ကွာ"

အမေ့ထက် နောက်ကျမှကွယ်လွန်သော ဖခင်ဦးဖိုးထယ်၏ နောက်ဆုံးစကားဖြစ်သည်။ အမေနောက်မှ ဆုံးပါးလျှင်ပင် ဖိုးထင်အတွက် မျှော်လင့်ချက်ရှိပေဦးမည်။ အခုတော့. . .

သူ၏ဇနီးစိန်ပုခမျာလည်း ငယ်စဉ်ကလို သန့်သန့်မာမာ တောင့်တောင့်တင်းတင်းမဟုတ်တော့။ ကြက်ညှာချောင်းဆိုးရောဂါနှင့် တပိန်ပိန်တလိမ်လိမ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆရာဦးပေါ်စ၏ဆေးများလည်း စိန်ပုကို မတိုးတော့ပြီ။

ရသမျှ စိန်ပုဆေးဖိုး။ တိုးလာသောပါးစပ်ပေါက်များကို ထိုးသိပ်ပြီး ခါးဝတ်ပုဆိုးပင် အပိုအလျှံမရှိသောဘဝကို ဖိုးထင် ရပါသည်။ ယခုတော့ သာရေးအတွက်မဆိုထားနှင့် နာရေးအတွက်ပင် မဖူလုံတော့။ လက်သမားကျွမ်းကျင် ဖိုးထင်၏အိမ်ကလေးပင် ယိုင်နဲ့နေချေပြီ။

"စိန်ပု"

"အဟွတ်. . . ဟွတ်. . . ဟွတ်"

ဤသည်က စိန်ပု အသက်သာရှိသေးကြောင်း သတိပေးချက်ပင်။ ဖိုးထင်အိမ်ကပြင် ဆောင့်ကြောင့်ထိုင်ရင်း. . .

"ငါတို့လည်း ဒီအတိုင်းနေလို့မဖြစ်တော့ဘူးနဲ့ တူတယ်၊ လယ်လုပ်တော့ ကမ်းပါးပြို၊ အသီးအနှံစိုက်တော့ မိုးဖျက်နဲ့ စားလက်ကို မစိုနိုင်ဘူးဖြစ်နေပြီ"

"အဟွတ်. . . ဟွတ်. . . ဟွတ်"

"နင့်ရောဂါလည်း မြို့တက်ကုမှကောင်းနိုင်မယ်ထင်တယ်"

"အဟွတ်. . . ဟွတ်. . . အင်း. . . ဟင်း"

စိန်ပုက ဘာမှမပြောရခင်မှာပင် အမောဖောက်နေပြီ။ ဒါသူ့ဖြစ်နေကျ။

"ငါစဉ်းစားတယ်၊ ရွာကလယ်တွေ သိမ်းရသမျှ ကောက်သင်းကောက်စုပြီး ရွာကြီးတက်ရောင်းရကောင်းမလားလို့၊ ရွာကြီးမှာလည်း ယာပျက်လို့ ဆန်စျေးပဲစျေးတက်သတဲ့"

"ဟင်း. . . ဟင်း. . . ဟင်း"

အိပ်ရာပေါ်ခွေနေသော စိန်ပု ဆေးထုပ်ဖောက်သောက်၏။



"ပဲစပါး တင်ဖို့လှေကြီးကတော့ သူကြီးဆီကငှားရမပေါ့"

စိန်ပု ခေါင်းဆိုးသံ ခေတ္တရပ်သွား၏။ ဖိုးထင်က ဘန့်ဘွေးဖက်ဆေးလိပ်ဖွာရင်း တောင်ကြည့်မြောက်ကြည့်။ ဗိုက်ပြည့်လျှင်သူတို့၏ ရင်တွင်းဖြစ်များက မျောက်များအလား ဆော့နေကြသည်။ ဗိုက်ပြည့်လျှင် ဘာမှမသိတော့သော ကလေးများဘဝက အေးချမ်းလှပေ၏။ ဒီကလေးတွေ ဘယ်လိုဘယ်လို မွေးခဲ့မှန်းပင်မသိတော့။

စိန်ပု ကျန်းမာစဉ်ကတော့ ဟောတစ်ယောက် ဟောတစ်ယောက်နှင့် ကောက်ကာငင်ကာမွေးခဲ့သည်။ ဖိုးထင်ခမျာလည်း ကလေးများကို ကောက်သင်းကောက် ကောက်ခဲ့ရသည်။

ယခု စိန်ပုနှင့်တော့ မဖြစ်နိုင်တော့။ စိန်ပုကား ရောဂါနှိပ်စက်မှုကြောင့် ငယ်တုန်းအိုရှာပြီ။

"ကျွန်မမသေခင်တော့ ရှင်ပြန်လာပေါ့"

စိန်ပု၏ခွင့်ပြုစကား။ ဖိုးထင်သက်ပြင်းချလိုက်သည်။ ဤကဲ့သို့ အကြိမ်ကြိမ်ချနေရသော သက်ပြင်းများ စုစည်းလျှင် လေမုန်တိုင်းပင် ဖြစ်လောက်သည်။

××××

www.burmeseclassic.com

www.burmeseclassic.com





တစ်ရွာလုံး၏ စပါးကိုယ်စားလှယ်အဖြစ် ဖိုးထင်ကို အပ်နှင်း ကြ၏။

ဦးကြာဥ၏ ကျောက်ခုနစ်ကျင်းဝင် လှေကလေးမှာ ကုန်ပါ ပစ္စည်းများနှင့်ပြည့်နှက်နေပြီး လှေယင်ဦးဖျားမှာ ရေထဲဇလုပ် တိုက်နေပြီ။

တစ်ရွာလုံးကလည်း ငွေပိုငွေလျှံရရေးအတွက် အိမ်စားသာ ချန်၍ ငွေရှာသွားမည့် ဖိုးထင်နောက် ယုံကြည်စွာ အပ်နှံလိုက်ခြင်း ဖြစ်သည်။

တောကြောင်များ သောင်းကျန်းစဉ် နှစ်နှစ် သုံးနှစ်ကျော် ရပ်တန့်ထားရသော လယ်ယာအထွက်များ မျိုးစပါး၊ ပဲ၊ ထွန်၊ နွားက အစ ပြန်လည်ပျိုးထောင်ရမည်မဟုတ်ပါလား။ ပဲစပါးနှမ်း ရောင်းရ ငွေနှင့် ကျေးရွာပြန်လည်ထူထောင်ရပေမည်။ ထို့ကြောင့် နောက်ဆုံး





ထွက်ပေါက်အဖြစ် ဖိုးထင်လက် ဝကွက်အပ်လိုက်ကြပြီ။

ဖိုးထင်အား ကျီးနီနှင့် အာပြဲက ကူညီသည်။

"ကျီးနီရေ. . . လှေဦးတောင်ဖက်ခြမ်းမှာ ရေလျှံပေါက်ရှိ နေတယ်၊ ပွဲညှက်နဲ့လုံအောင်ပိတ်ဟ၊ တော်ကြာ စပါးတွေရေပွပြီး အောက်စော်နံရောမယ်"

"အေးပါဟ. . . ပိတ်နေပါတယ်၊ ခွီးမှပဲကွာ ဘာစကားကြမ်း ကြားရေယိုဆိုလား အဲသည်ထက်တောင်ဆိုးပ၊ ယိုလိုက်တဲ့ရေ ရေပန်း တပ်သလားတောင် အောက်မှတ်ရတယ်"

"အာပြဲရ. . . မင်းရွက်ဖျင်ကြီး ဖာလို့မပြီးသေးဘူးလား၊ အရှေ့ဖက်က လေကျနေပြီ၊ ရွက်လွှင့်ရအောင်"

"လုပ်နေတာပဲ ဖိုးထင်ရာ၊ ထဘီခြုံ လင်းတဖြစ်တဲ့ စုန်းမ ထဘီတောင် မင်းရွက်ဖျင်ထက်သာဦးမယ်၊ တကတည်း ဖျင်တစ်ခုလုံး ခြစားထားသလားမေးရတယ်"

"အေးဟေ့. . . ရသလောက်လုပ်ပြီး သွားကြတာပ၊ တော် ကြာ ရွာကြီးနံနက်ခင်းမရောက်ရင် ကုန်ဝယ်သူတွေပြန်နှင့်ပြီ၊ ငါက ရွာကြီးကောက်ညှင်းပေါင်းရောင်းခဲ့လို့ သိတာ"

ဖိုးထင် ဗဟုသုတအကြွယ်ဆုံးဖြစ်သည်။ ရွာကြီး၌ တစ်ပတ် ကျော်နေခဲ့ဖူးသူကိုး။

"ကျီးနီ. . . မင်းအလုပ်ပြီးရင် ရွက်ဖျင်လာဆွဲပါလား"

ရွက်ဖျင်တိုင်ပေါ်တက်သည်နှင့် လှေကရုန်းကန်ပြီ။

"သံလုံးရေ. . . မင်းအမေစိန်ပု ဂရုစိုက်ကွယ့်၊ ညီနဲ့ညီမ လေးလည်း ရေထဲဆင်းမဆော့စေနဲ့"

သားအကြီးကောင် သံလုံးလည်းမှာရသေး၏။ သားကြီးမှ သုံးနှစ်ကျော်။ သဲပေသောသူ့လက်မ သူပြန်ကိုက်ကောင်းတုန်း



www.burmeseclassic.com

www.burmeseclassic.com



အရွယ်။

"သားရေ. . . အဖေသွားပြီကွ၊ အမေ့ကိုဂရုစိုက်ဦး"

လှေကြီးဖြုတ်လိုက်သည်နှင့် လှေကလေးမှာ ကမ်းမှ ဝုန်းခနဲ ရုန်းထွက်သွားလေသည်။ ကမ်းပေါ်၌ သူတို့ကိုနှုတ်ဆက်ရန် သံလုံး တစ်ယောက်တည်း။

နေလုံးကြီးက မြစ်ထဲငုပ်လျှိုးလေပြီ။ သည်အချိန် ရွက်လွှင့်မှ ရွာကြီးသို့ လင်းအားကြီးရောက်နိုင်မည်မဟုတ်လား။

xxxx







ထင်ထားသည်ထက် စောစီးစွာ နှင်းမကွဲခင် ရွာကြီးမြင်ရပြီ။

ဆိပ်ကမ်း၌ သူတို့လိုကုန်တင်လှေများ မဲနေလေပြီ။

"ခွီးထဲမှပဲ ဒီလောက်စောအောင်လာတာတောင် လှေတွေက သကြားခဲတွယ်တဲ့ ပုရွက်ဆိတ်လို မဲနေပါရောလား၊ ကျီးနီ တက်မကိုင်ကွယ်၊ ငါ လှေဦးထိုးလို့ရမဲ့နေရာရှာမယ်"

ဖိုးထင်ပြောလည်းပြော လှေဝမ်းဘေးမှ လှေဦးသို့ ပြေးတက်သွား၏။ ပြီးနောက် နှင်းမှုံကြား ပြူးပြဲ၍နေရာရှာသည်။

"ဟော့. . . ကျီးနီ ဟိုဘက်နားကလှေ အလံချိုးပြီ၊ အဲသည်ဘက်ကိုသွား"

"ကပ်မရဘူးဟ၊ လေကပြင်းပါဘိ"

"အာ. . . ဟိုကောင်အာပြ ရွက်ကိုချလေ၊ ပြီးရင် တက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



လှော် အမြန်လုပ်ပါ၊ ခုန်အလုံချိုးတဲ့လှေက ထွက်တော့မှာ အမြန်လုပ်၊ အမြန်လုပ်"

မြစ်ချောင်းဈေးရောင်းသော လှေသမားထုံးစံအတိုင်း လှေပေါ်၌ ရောင်းစရာကုန်မရှိတော့လျှင် ထောင်ထားသောအလံချိုး၊ အိမ်ပြန်ကြရသည်မဟုတ်ပါလား။ ဖိုးထင်ရှာကြံနေဖူး၍ ဒါကိုသိသည်။ သူထင်သည့်အတိုင်း အလံချိုးသည့်လှေက ပြန်ထွက်လေပြီ။

"ဟော. . . တွေ့လား၊ ဟိုလှေထွက်ပြီ၊ အမြန်ကပ်ပါဟ ကျီးနီရ"

"ငါလည်းဝင်နေတာပဲ ဖိုးထင်ရာ၊ ဟော့ကောင်အာပြဲ တက်ကို သွက်ပါဟ"

"အာ. . . ငါ့ပေးစမ်းပါကွာ"

စိတ်မရှည်သောဖိုးထင်က လှေဦးတက်မယူပြီး အားကုန်ခပ်တော့၏။ ထိုတော့မှ သူတို့လှေကလေးက လစ်လပ်သွားသော နေရာ ဦးချိုးနိုင်သည်။

"ဟော့. . . ဟော့ ဘယ်ကလှေက ငါ့နေရာဝင်လာတာလဲကွဟေ"

ဖိုးထင်တို့ ဝမ်းသာအားရ လှေကြိုးချည်နေစဉ် ထိုသို့အသံကြား၍ လှည့်ကြည့်မိသည်။

"မောင်ကံ"

မိမိနှင့် တော်လှန်ရေးရဲဘော် လုပ်မည်ဆိုပြီး သဘောတူခဲ့သည့် တစ်ဖက်ရွာမှလူမိုက်မောင်ကံ။ မိမိအား အနီးကပ်နှက်ပြီး မိချောယောက်ျားပန်းသာနောက် လိုက်သွားသောမောင်ကံ။ ရုပ်ကလုံးဝမမှတ်မိနိုင်လောက်အောင် ပျက်စီးနေပြီ။ ယခင်လို တောင့်တောင့်တင်းတင်းမဟုတ်တော့။ မျက်နှာကြီးဖောသွပ်နီမြန်းပြီး



မ်းဖိုက်ယောင်ကိုင်းနေလေပြီ။ သူရာကျွမ်းပြီထင့်။

"ဟား ဟား ဘယ်သူများလဲမှတ်တယ် ဖိုးထင်ပဲ၊ ဘယ့်နှယ်လဲ သူရဲကောင်းကြီး၊ အရင်လို ဆင်းရဲပြီး အထုခံအထောင်းခံရတုန်းလား ဟား ဟား"

မောင်ကံစကားကြောင့် ဖိုးထင်စိတ်ထဲ ထောင်းခနဲဖြစ်သွား၏။ သို့သော် အဖက်မလုပ်ချင်၍ ဘာမှမပြောတော့။ လှေကြိုးကိုသာ မြဲအောင် ဆက်ချည်နေလိုက်သည်။

"ဒီမှာဟေ့ကောင် မင်းကို ဒီနေရာ ငါ့ခွင့်ပြုချက်မရဘဲ ဘယ်သူပေးဝင်တာလဲ"

"ဟောဗျာ. . . ဝင်လှေမရှိလို့ဝင်လာတာ၊ ဘယ်သူ့အကြောင်းကြားရမှာလဲ၊ ဒါဟာ ဆိပ်ကမ်းပဲ၊ ဘယ်လှေကပ်ကပ်ပေါ့"

"စကားမရှည်နဲ့ဟေ့ကောင်၊ ဒီနေရာ ငါ့နေရာ၊ ငါဦးထားတာ"

ဖိုးထင်က ဘေးဘီဝေ့ကြည့်သည်။

"မင်းနေရာဆို ဘယ်မှာလဲ မင်းလှေ၊ လှေကိုအရင်ပြစမ်းပါဦး"

"ဟေ့ကောင်. . . ဒီဆိပ်ကမ်းမှာ မောင်ကံလှေမလိုဘူးကွ၊ ငါ့မိတ်ဆွေတွေ လှေလာလိမ့်မယ်၊ သူတို့အတွက် ငါနေရာဦးထားတာ"

မောင်ကံစကားကြောင့် ဖိုးထင် စိတ်ညစ်သွားမိ၏။

"အေးအေးနေပါ မောင်ကံရာ၊ ကိုယ်နဲ့ဆိုင်တာ ကိုယ်လုပ်ပါ၊ အစွမ်းအစဘာတစ်ခုမှမရှိဘဲ ဓားပြနောက်လိုက်လုပ်၊ ပြီးတော့ လှေလေးတောင် တစ်စီးမှမရှိဘဲ ဆိပ်ကမ်းမှာ စွယ်ကျယ်စွာကျယ်လုပ်နေတာ မင်းမရှက်ဘူးလား"

"ဘာကွ"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးထင်စကားက မောင်ကံကို အရှိုက်ထိသွားစေသည်ထင့် မျက်မှောင်ကြီးကျုံ၍ ကြုံးအော်သည်။ သူ့အော်သံကြားသည်နှင့် သူ့နောက် လူလေးငါးယောက်ရောက်လာ၏။

"ဖိုးထင်. . . မင်းက ငါ့အကြောင်းမသိသေးဘူးပေါ့လေ ဟုတ်လား၊ ရွာကြီးဆိပ်ကမ်းမှာ လူမိုက်မောင်ကံဆို ဘယ်သူမှလှန်ရဲ တာမဟုတ်ဘူးနော၊ မင်းအသားအနာမခံချင်ပါနဲ့"

"ကျွတ်"

ဖိုးထင် စုပ်သပ်သည်။ ပြီးနောက် ဘာမှမပြောဘဲ လှေပေါ် ပြန်တက်သွား၏။ သိပ်မကြာ လှေပေါ်မှ လက်စွဲတော်ငှက်ကြီးတောင် ဓားကြီးဆွဲပြီး ပြန်ဆင်းလာသည်။ ဖိုးထင်နှင့်ဓားကို မြင်တော့ မောင်ကံ ခြေလှမ်းနောက်ဆုတ်သွား၏။ လှေပေါ်မှလူများ ဆိပ်ကမ်း မှလူများ မောင်ကံတို့လူစုနှင့်ဖိုးထင်ကို ငေးကြည့်နေကြသည်။

"ကဲ. . . ဘာလုပ်ချင်လဲ မောင်ကံ၊ ဖိုးထင်က ရွာကြီးသော ရွာလေးသော ရွေးတာမဟုတ်ဘူးနော့၊ မင်းတို့လို လူညစ်ပတ်တွေကို ရှင်းစရာနေရာမရွေးဘူး"

မောင်ကံက မကြောက်ချင်ယောင်ဆောင်၍ အနောက် ဆုတ်ရာမှ ရပ်လိုက်သည်။

"ဩော်. . . မင်းကဒီလိုလား၊ ရဲဘော်တို့ ဒီကောင့်ကို ဆုံးမ လိုက်ကြစမ်း"

သူ့အော်သံနှင့်အတူ ဖြောင်းဖြောင်းဖြောင်းဟူသောအသံ များ စီညံသွား၏။

"အောင်မလေးဗျ၊ ကြောက်ပါပြီ နောက်မလုပ်တော့ပါဘူး"

မောင်ကံထံမှ အော်သံဖြစ်သည်။ အစကတည်းက သူ့ကို မကြည်သောဆိပ်ကမ်းလုပ်သားများက ဖိုးထင်အားကိုးနှင့် သူ့ကို





ဝိုင်းနှံခြင်းသာဖြစ်၏။

"ကိုင်း. . . မှတ်ပလား၊ အရင်းမစိုက် လှေထိုးလိုက်ချင်တဲ့ ကောင် ခံဟ"

လှေသားတစ်ယောက်က မောင်ကံကို ဂုတ်မှဆွဲ၍ ပစ်လွှတ် လိုက်သည်။

ချက်ချင်းပင် လူစုကွဲသွား၏။

ဖူးယောင်သော မျက်နှာနှင့် မောင်ကံမှာ လေးဘက်ထောက် လေးကျန်ခဲ့၏။ ပြီးမှ အူကြောင်ကြောင်နှင့်. . .

"ဖိုး. . . ဖိုးထင် ငါ့ကို ဘယ်ကောင်တွေကိုင်သွားတာလဲ ဟင်"

"မင်း ဒီဆိပ်ကမ်းမှာ ဘာအရင်းမှမစိုက်ဘဲ အမြတ်ထုတ်နေ တာကို မကျေနပ်တဲ့သူတွေ လုပ်သွားတာကွ၊ မှတ်ထား အဲဒါမင်းအ တွက် သင်ခန်းစာပဲ"

ဖိုးထင်စကားကြားသည်နှင့် မောင်ကံမှာ ဟီးခနဲငိုချပြီး. . .

"ဟီး. . . ငါလည်း လုပ်ချင်လို့လုပ်နေတာမဟုတ်ပါဘူး ဖိုးထင်ရာ၊ ဟီး. . . နာမည်ပျက်နဲ့မို့ ရွာလည်းမပြန်ရဲ၊ ပါလာသည့် ကလေးနှစ်ကောင်ကိုလည်း ကျွေးရမို့ပါ"

မောင်ကံ၏နောက်တွင် သံလုံးတို့လိုအရွယ်မရောက်သော ကလေးနှစ်ယောက်က သူ့အဖေကို ငိုမဲ့မဲ့နှင့် ကြည့်နေကြသည်။ ဖိုးထင် သနားသွား၏။ ဩော်. . . သူတို့ခမျာလည်း အဖေ့မျက်နှာ ကြည့်စား နေရထင်ပါ့။

"ကဲ. . . ဟိုကလေးတွေက အိမ်မှာချက်စားဖို့ ဆန်လာယူ ချေ"

ကလေးနှစ်ယောက်မှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကပ်လာ

www.burmeseclassic.com

www.burmeseclassic.com



၏။ သူတို့ခမျာလည်း ဆာလွန်း၍သာ လာရပုံပေါက်၏။ ကြောက်ရွံ့စိတ်များက မျက်နှာအထင်းသား။

"ကဲ. . . ဘာမှမကြောက်နဲ့ လာကြ၊ သားအဖနှစ်ငါတို့ အဲ. . . ဦးတို့က ရွာနီးစပ်တွေ၊ အာပြဲရေ ဆန်ကလေး ပဲကလေးပေးလိုက်ပါဦး"

"ဟာ. . . ဖိုးထင်ကလည်းကွာ ဈေးဦးပင်မပေါက်သေးတာကို"

"ဈေးဦးက ပေါက်ချိန်တန်ရင် ပေါက်မှာပါကွာ၊ ကလေးတွေဆာတာက အချိန်လွန်နေပြီ၊ ကဲ ရော့ ရော့ ကလေးတွေ၊ အိမ်ပြန်ချက်စားနှင့်ကြ"

ဖိုးထင် အာပြဲ ဆောင့်ကြီးအောင့်ကြီးထိုးထည့်ပေးသမျှကို ကလေးများ လက်လွှဲလိုက်လေသည်။ မောင်ကံမှာ ဖိုးထင်ကိုရှိခိုးမတတ်ပင်။

"ကျေး. . . ကျေးဇူးပါပဲသူငယ်ချင်းရာ၊ စားစရာပေးတဲ့အတွက်ရော မင်းငါ့ကို ဘာအာဃာတမထားတဲ့အတွက်ပါ ငါ မင်းကိုကျေးဇူးတင်လှပါပြီ၊ ငါ့ကို ခွင့်လွှတ်ပါ"

သူ့စကားကြားတော့ ဖိုးထင် အလိုလိုရှက်သွားပြီး. . .

"ဟေ့ကောင်. . . ဇာတ်ထဲကစကားလုံးတွေ လာမပြောနဲ့ ငါရှက်တယ်၊ သွား သွား မင်းနဲ့ငါလည်း ဘာမခွင့်လွှတ်စရာမှမရှိဘူးဒါပဲ"

ဟု နှင်လွှတ်လိုက်လေသည်။ ပြီးနောက် လေ့ကိုအသေအချာချည်ပြီး ဝယ်သူကိုစောင့်ရသည်။ ဝယ်သူက ကျဲပါးဘိခြင်း။ ပထမဦးဆုံးအကြိမ်မို့ ဖောက်သည်ကလည်းမရှိ။

"ဗျို့. . ဟိုဘက်လှေကအစ်ကိုကြီး ဆန်ဈေးဘယ့်နှယ်တုန်း"



ဟု စနည်းနာလိုက်သည်။

"ဆန်ဈေးကျပုံက ပြောမနေနဲ့မောင်ရာ ဧည့်မထကို စ်တင်းမှငါးမူးသာသာပေးတာ၊ ဘယ်လိုမှ တိုးတောင်းလို့မရ ပါင်ဗျ၊ ပြီးခဲ့တဲ့ ပွင့်လင်းတုန်းကတောင် တစ်ကျပ်သာသာရှိတာ၊ ဆောင်းကျမှ ဈေးကကျနေသလား၊ ခေါင်းပုံပဲအဖြတ်ခံနေရသလား တော့ မသိတော့ပါမောင်ရာ"

အခြေအနေက စိတ်ဓာတ်ကျစရာဖြစ်နေသည်။ ရွာမှာနေ ျှင်ပင် ကိုယ့်လယ်ထွက်စပါးလေး ကိုယ်တိုင်စားနေလျှင် အူစိုဦး ည်။ ယခုတော့ ထသွားမှကျိုးမှန်းသိပြီ။

"ဘယ့်နှယ်လဲ ဖိုးထင်ရ၊ ဒီဈေး ဒီဈေးဆို မရောင်းလည်းရှုံး၊ ရောင်းလည်းရှုံး ပင်ပန်းတာသာ အဖတ်တင်နေပြီနော့"

အာပြဲက မကျေမနပ်ရေရွတ်၏။ ဒါကို ဖိုးထင်က. . .

"နေစမ်းပါဦးကွာ. . . အခုမှရောက်၊ ခုမလောစမ်းပါနဲ့၊ ာယ်ဟာမှ ချက်ချင်းဖြစ်တာမရှိဘူး၊ စိတ်လေးနည်းနည်းရှည်စမ်းပါ"

ဖိုးထင်စကားကို အာပြဲ ဗျစ်တောက်ဗျစ်တောက် လုပ်သည်။

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"

"ဟင်"

ကြားဖူးနေသော အသံကြားရ၍ ဖိုးထင် ခေါင်းထောင်သွား သည်။

"အမေရွှေအောင်အသံလား"

မဟုတ်။ အမေရွှေအောင်က အိုရှာပြီ။ အသံဤမျှမကြည် တော့။

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"

"မိချော. . . မိချောအသံပဲ"

www.burmeseclassic.com

www.burmeseclassic.com

လင်းအားကြီးလေ နှင်းကျလေမို့ သိပ်မသဲကွဲ။ သိပ်မကြာပါ နှင်းမှုံကြားမှ ကလေးတစ်ယောက်လက်ဆွဲ၍ ဆင်းလာသောကောက်ညှင်းပေါင်းသည် တွေ့ရ၏။

"မိချော. . . မိချောပဲ"

ဖိုးထင် ကြက်သီးများပင် ဖြန်းခနဲထသွားရ၏။ မိချောမှာ ရှာရှိသည်ထက် များစွာနွမ်းဖတ်နေပြီ။ သူဆွဲလာသော ကလေးငယ်ကလေးမှာလည်း ခြုံစရာလွှံစရာပင်မပါ။ လက်သီးကလေး မေးအောက်ဖွက်ပြီး တုန်ယင်နေရှာသည်။

ရောက်နေကျနေရာထင့် မိချော ကောက်ညှင်းပေါင်းတောင်းကို ခေါင်းပေါ်မှချ၍ ခေါင်းခုကို တုန်ယင်နေသော ကလေးငယ်ကို လွှမ်းခြုံပေးလိုက်သည်။

"လာနော်. . . ကောက်ညှင်းပေါင်းပူပူလေး"

မိချောအသံစာစာကြားသည်နှင့် ဝမ်းဟာနေသောလှေသားများ သူ့ထံစုပြုံသွားကြသည်။ ဖိုးထင်လည်း မနေသာတော့။ လှေဝမ်းထဲပါလာသော နှမ်းတစ်ခွက်နှိုက်လိုက်သည်။

"ဟေ့ကောင် ဖိုးထင် ဘာလုပ်ပြန်တာလဲကွ"

"အသာနေစမ်းပါ အာပြဲရာ"

ဟုဆိုကာ ပုဆိုးကိုမ၊ နှမ်းများထည့်ကာ မိချောရှိရာ ခြေရာသွက်၏။

"မိချော"

မိချော လန့်ဖြန့်သွားဟန်မြင်ရ၏။ ထုံးစံအတိုင်း မိချောကိုမြင်သည်နှင့် နဂိုကြောက်ရသောဖိုးထင်က သွားလေးဖြဲပြီး. . .

"ဟီးဟီး. . . ငါတို့မှာ ငွေတော့မပါဘူးဟ၊ ပါတဲ့နှမ်းနဲ့နင့်ကောက်ညှင်းပေါင်း လဲစားရအောင်၊ ရော့ ရော့ ရသလောက်သာပေး"

ဖိုးထင် လုံချည်ထဲ ထည့်လာသော နှမ်းများကို ကောက်ညှင်းပေါင်းအုပ်သောငှက်ပျောဖက်ဆွဲယူခင်း၍ သွန်ချလိုက်သည်။

မိချောက ဘာမှပြန်မပြောဘဲ ကောက်ညှင်းပေါင်းနှင့်မုန့်စိမ်းပေါင်းများ ခပ်ထည့်ပေး၏။

"ဒါ နင့်သားလေးလား၊ ရုပ်ကသန့်ပါဘိနဲ့၊ ဩော် ဒါနဲ့ ဦးကြီးသာခေါင်ကြီးရော"

"သေပြီ"

"ဟင်"

မိချောထံမှ သံပြတ်ကြား၍ ဖိုးထင်အာမေဋိတ်သံနှင့်ရပ်သွား၏။ နောက်မှ ခေါင်းကိုတဆတ်ဆတ်ညိတ်ပြီး ထွေရာလေးပါးပြန်စသည်။

"သေပြီလား၊ အေးလေကွယ် ငါ့အဖေနဲ့အမေတောင်သေပစ် ကြပြီပဲ၊ ဒါနဲ့နင့်ယောကျ်ားပန်းသာရော"

"သေပြီ"

"ဟယ်"

ဖိုးထင် မိချောထံမှ စကားနှစ်ခွန်းသာကြားရ၏။ ထိုနှစ်ခွန်းလုံးမှာ အနိဋ္ဌာရုံချည်းသာ။ သို့သော် မိချောယောကျ်ား သေသံကြားတော့ ဖိုးထင်အူမြူးသွား၏။

"ဩော်. . . သေရှာပြီလား၊ ဟီဟိ"

မိချောကိုမြင်ပြီး ဖိုးထင် အလိုလိုအူရွှင်နေ၏။ စိတ်ထဲတွင်လည်း. . .

"တောက်. . . စိန်ပုနှယ် ရောဂါဒီလောက်သည်းနေတာ သူများအားကျပြီး သေပစ်သင့်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည်မိန်းမ။ ကလေးအရှင်ကလေးတွေကို မွေးပေးသောမိန်းမကိုပင် စေတနာမထားနိုင်တော့။ မိချောမုဆိုးမဖြစ်သည်နှင့် သူပင်မုဆိုးဖိုဖြစ်ချင်နေမိသည်။

ဆောင့်ကြောင့်ထိုင်နေသည်ကို ကြက်ဖခွပ်သလို ရွစိရွစိဖြစ်နေ၏။

"နင်က ကလေးတစ်ယောက်ပဲရသေးတာလား၊ ငါက စိန်ပုနဲ့သုံးယောက်"

"ဘယ့်နှယ်ဟုတ်ရမှာလဲ၊ အကြီးမက အိမ်ကျန်ခဲ့တာ၊ သူကြီးမေ သွက်ချာပါဒလိုက်လို့ စောင့်ရရဲ့"

"ဩော်. . . နှစ်ယောက်တည်းလား၊ အေးဟာ ငါ့မိန်းမစိန်ပုမှာ သားဖောက်အားတော့ ကောင်းသလားမမေးနဲ့၊ တစ်နှစ်တစ်ယောက်နဲ့ကျဏာလိုက်တာ ငါ့မယ်ပလိုင်းနဲ့တောင် လိုက်ကောက်ယူရတာ"

မိချော ပြုံးလိုက်လားမသိ။

"ဒါနဲ့ စိန်ပုရော"

ဖိုးထင် ပြောချင်လျက်လက်တို့ ဖြစ်သွားသည်။ ခေါင်းကိုကုတ်ပြီး. . .

"စိန်ပုနှယ် ငယ်စဉ်ကတော့ မာပါရဲ့၊ လုံးပါရဲ့၊ အခုတော့ ပိန်လိမ်ပြီး အိပ်ရာထဲခွေနေရတာ၊ ဟင်း နေ့လားညလားပါပဲဟာ၊ သူ့အခြေအနေက ရကိုမရတော့တာ"

ရွာမှာရှိသော စိန်ပုခမျာ နေ့ချင်းညချင်း အားချင်းသေပေးရမလို။ ဒါမှ သူမိချောနှင့် ပေါင်းရမှာကို။

"ဟဲ့. . . ဒါနဲ့ နင်တို့အခုဘာလာလုပ်တာလဲ"

"ရွာရှိ စပါးလေးနှမ်းလေး လာရောင်းတာဟ၊ ဈေးတွေကလည်းကျတော့ မရောင်းဘဲပြန်မလို့"



"အေး. . . ဒီမှာလည်း စီးပွားရေးက သိပ်မကောင်းဘူးဟ၊ ချစ်တီးကတစ်မျိုး၊ စကားပြန်ကတစ်မျိုးနဲ့ နေလို့ကိုမကောင်းပါဘူး၊ ကဲ နင်းလည်းကွဲပြီ ငါလည်းရွာထဲလှည့်ဈေးရောင်းဦးမယ်"

ဟုဆိုကာ မိချောကလေးပေါ် လွှမ်းခြုံထားသော တဘက်ဆွဲယူ၍ ခေါင်းပေါ်ခွေတင်လိုက်သည်။ နောက် ကောက်ညှင်းတောင်းကိုခေါင်းရွက်လိုက်သည်။ သူသွားယ်က ယောင်လည်လည်နှင့် မိခင်နောက်လိုက်၏။

"မိချော"

မိချော ခြေလှမ်းတန့်သွား၏။

"တစ်နေ့တော့ ငါနင့်ကို လာခေါ်မှာပါဟာ"

ဖိုးထင်အသံက အားမပါလှ။

"ကောက်ညှင်းပေါင်း၊ မုန့်စိမ်းပေါင်း"

ထိုအသံက ပို၍အားပါသည်။ ဤအရွယ်က ဝမ်းရေးအဓိကမဟုတ်ပါလား။

××××

www.burmeseclassic.com

www.burmeseclassic.com



"အမေရေ. . . အမေ"

"ဟဲ့. . . ဘယ်သူတုန်း"

ဖိုးထင်အသံကြားတော့ ဒေါ်ရွှေအောင် အိမ်ထဲမှပြန်ထူးသည်။

"အမေ့သား ဖိုးထင်ပါအမေရဲ့"

"ဖိုးထင်"

ဖိုးထင်အသံကြားတော့ ဒေါ်ရွှေအောင်ဝမ်းသာသွားသည်။ ပြီးနောက် အိမ်ရှေ့ပြေးထွက်လာကာ ရင်ဘတ်ကိုဖိရင်း. . .

"အောင်မလေးသားရယ်. . . မင်္ဂလာဆောင်ရှေ့ ကောက်ညှင်းပေါင်းတောင်းချပြီး ထွက်သွားလိုက်တာ အခုမှပဲပြန်ပေါ်တော့တယ်"

> "အောင်မလေး သားရယ်. . . မင်္ဂလာဆောင်ရှေ့ ကောက်ညှင်းပေါင်း တောင်းချပြီး ထွက်သွားလိုက်တာ အခုမှပဲ. . . ပြန်ပေါ်လာတော့တယ်"

အိမ်ပေါ်မှာတော့ ဒေါ်ရွှေအောင်ယောက်ျား ဖိုးသာရင်ခမှာ ပက်လက်လဲရှာပြီ။

"ဘယ့်နှယ်လဲ. . . ထမင်းဆာလို့ အိမ်ပေါ်ရောက်လာပြန်ထင်ပဲ"

"ဟုတ်ပါဘူး အမေရာ၊ ကုန်ရောင်းရင်း ရောက်တာပါ၊ ရော့ ဒီမှာ အမေ့အတွက် နှမ်းလေး"

ဖိုးထင်က အသင့်ပါလာသော နှမ်းထုပ်ကို ဒေါ်ရွှေအောင်ရှေ့ ချပေးလိုက် သည်။

ဒေါ်ရွှေအောင် နှမ်းထုပ်ကိုလှမ်းယူရင်း. . .



"အောင်မလေးသားရယ် ခေတ်ပျက်မှာမှ ဈေးရောင်းထွက်ရသလား၊ ရွာကြီးမှာလည်း ခေါင်းပုံဖြတ်ကများဘိသနဲ့"

"အဲဒါပဲအမေရာ အခြေအနေကိုလည်း မစုံစမ်းမိ၊ သူများအဆင်ပြေတယ်ဆိုတိုင်း ယုံပြီးထွက်လာတာ၊ ရွာရှိသမျှ မလာရတော့ စဉ်းစားသာကြည့်တော့ဗျာ"

ဒေါ်ရွှေအောင် ခေတ္တငြိမ်သွား၏။

"ဟဲ့. . . စပါးက အတော်များများပါလား"

"စပါးတင်လားဗျာ နှမ်းပဲစသည်ဖြင့် ခုနစ်ကျင်းဝင်လှေကရေကိုဇလုပ်တိုက်နေတာ"

"ဒါဖြင့် ဟုတ်ပြီ၊ ဒီမှာတော့ အလုပ်ဖြစ်မယ်မထင်ဘူး"

"ဒီတော့"

"ချောင်းရိုးကပြန်ထွက်ပြီး မြစ်ညာဘက်ကူးကပ်ပြီး မြောက်ဘက်တည့်တည့် ဆန်သွား၊ အဲဒီမှာ မြို့အခြေစိုက်ရွာကမ်းရှိလေရဲ့"

"သွားတာတော့ဟုတ်ပါပြီ"

"အမေ့သားကြီး ဘရင်ရှိရဲ့၊ သူက အဲဒီရွာသူနဲ့ အိမ်ထောင်ကျပြီး မြို့စပါးအဝယ်တော် လုပ်နေလေရဲ့၊ တလောကတောင် အမေ့ဆီ လူကြုံနဲ့ စပါးတင်မဲ့သူရှိရင် တင်လိုက်စမ်းပါ၊ ဈေးကောင်းပေးပြီးယူပါ့မယ် မှာလိုက်သေး၊အမေ့မှာကလည်း အဆက်အသွယ်က မရှိတာနဲ့ မကူညီနိုင်ဘူး"

"ဟာ. . . ဒါဆိုဟန်ကျပြီပေါ့. . . သွားရင်"

"သုံးရက်တော့ကြာမယ် သားရဲ့"

"အိုဗျာ. . . ဇနက္ကတောင် ပင်လယ်ထဲခုနစ်ရက်ကူးသေးတာပဲ၊ ကျုပ်တို့ကလှေနဲ့ပဲ ဘယ်နှရက်ကြာကြာသွားမယ်ဗျာ"

ဟုဆိုကာ ဒေါ်ရွှေအောင်ကို နှုတ်ဆက်ရင်း လှေဆိပ်ပြန်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းခဲ့လေသည်။

"ဟော့. . . ကျီးနီ၊ လေကြိုးဖြတ်လာ၊ အာပြဲရွက်လွှင့်ဖို့ အသင့် ပြင်၊ ငါတက်မကိုင်မယ်"

ဖိုးထင်၏မထင်မှတ်သောစကားကြားတော့ ကျီးနီနှင့် အာပြဲ အံ့အားသင့်နေသည်။

"ဘယ့်နှယ်ဖြစ်ရတာလဲ ဖိုးထင်ရ၊ ပါလာတဲ့ကုန်ဖြင့် မရောင်း ရသေး"

"စကားမရှည်စမ်းပါနဲ့ကွာ၊ ငါပြောတဲ့အတိုင်းသာလုပ် ပါဟ. . "

ဆိုကာ တက်မကို ကိုင်လိုက်သည်။ ကျီးနီအာပြဲတို့က သူပြောသည့်အတိုင်း ကြောင်တောင်တောင်နှင့်လုပ်ရရှာသည်။

သိပ်မကြာမီ ရွာကြီးမှလှေတစ်စီး ကုန်အပြည့်နှင့် ပြန်လည် ထွက်ခွာသွားသည်ကို ထူးဆန်းစွာတွေ့ရသည်။

သြော်. . . ချစ်သူတွေ့တော့ အိမ်ကမိန်းမမေ့။ ငွေတွေ့ တော့ ချစ်သူကိုပါမေ့တတ်သည်မှာ ဖိုးထင်တို့လို ဉာဏ်နည်းလွန်းသူ များပင် မဟုတ်လား။

"မိချောရေ. . . ငါပြန်လာမယ်ဟော့"

အော်ရှာပါသည်။ သို့သော်. . . သူလိုက်သွားတာကငွေ နောက်ကို။

××××





ဖိုးထင်တို့ အပင်ပန်းခံရကျိုးနပ်ပါသည်။ ရွာကြီးမှာ တစ်တင်းကို ငါးမူးသာသာပေးသောဆန် မြို့အခြေစိုက်ရွာ၌ တစ်တင်းငွေနှစ်ကျပ်တစ်မတ်အထိ ဒေါ်ရွှေအောင်သား စပါးကုန် သည်ကိုဘရင်မှ ရှင်းပေးလိုက်၍ဖြစ်သည်။

"တောက်. . . ငါတို့ယူလာတဲ့စပါး နည်းသွားသလားပဲ၊ နို့မို့ ရင် ဒီထက်ပွမှာဟ"

အာပြဲက မချိတင်ကဲပြော၏။ ဒါကို ဖိုးထင်က. . .

"ဒီစပါးပဲနည်းရဦးမလားဟ. . . အခုတောင် ဘယ်အချိန် လှေမြုပ်မယ်၊ မြုပ်မယ် တထိတ်ထိတ်"

ဖိုးထင်စကားကိုကျီးနီက . . .

"အေးလေကွာ. . . ဖိုးထင်ရွာကြီးက ရွက်တိုက်တော့ ဒီကောင်ရူးသွားပြီတောင်ထင်တာ၊ ရေထဲသုံးရက်တိတိ ငါယ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှမနေဖူးပေါင်"

လှေကလေးမှာ ရေပေါ်ပျံလန်နေသည်။ လေကြောင်းက တသင့်သင့်နှင့်ဖြူးနေသည်မို့ တရိပ်ရိပ်ပြေးနေသည်။

"ကိုဘရင်ကြီးစကားကလည်း နားဝင်ချိုလိုက်တာကွာ၊ နောက်ကိုလည်း ရသလောက် သယ်ခဲ့ပါ၊ သယ်လာသမျှယူပါ့မယ်တဲ့၊ စရန်တောင်ပေးလိုက်သေးတာ ဖိုးထင်နှယ် မယူခဲ့လို့ ငါ့နှယ် လိုချင်သမှုလက်ယားနေတာ"

> "အင်း… မိချောနဲ့သာ ပေါင်းမိရင်…ငါက မိန်းမနှစ်ယောက် ကလေးငါးယောက် ဖြစ်တော့မှာပဲ… ဟီဟီ… ပျော်စရာကြီး"

အာပြုက ထမင်းအိုးမွှေရင်း ပြောသည်။ ဖိုးထင်က ထုံးစံအတိုင်း လှေဦးတွင် ဘန့်ဘွေးရွက်ဆေးလိပ်ဖွာပြီး. . .

"ဒီမယ် အာပြုရ၊ ရိုးသားတယ်ဆိုတာ အခါတိုင်းမကောင်းတတ်ပေမဲ့ တစ်သက်လုံးအတွက်တော့ကောင်းတယ်ကွ၊ငါတို့သက်တမ်း အရှည်ကြီးနေရဦးမှာပဲကွာ၊ ရိုးသားတာကောင်းပါတယ်"

ဖိုးထင်၏ ထူးထူးဆန်းဆန်းစကားကြားတော့နှစ်ယောက်သား ပါးစပ်အဟောင်းသားဖြစ်သွားရ၏။ ပြီးနောက် မှတ်ချက်ပေးသည်။

"အောင်မာ. . . ခွေးပါးစပ်ကနတ်စကားထွက်လို့"



ကျယ်လောင်သော သူတို့ရယ်သံက မြစ်ယံမျှလွင့်နေသည်။ ဖိုးထင်ခမျာ ရယ်သာရယ်နေရသော်လည်း သူ့စိတ်ထဲမှာ စိန်ပုကိုဆောကု၍ မိချောကိုလည်း ယူလိုက်ချင်သေးသည်။

"အင်း. . . မိချောနဲ့သာ ပေါင်းမိရင် ငါက မိန်းမနှစ်ယောက်၊ ကလေးကငါးယောက် ဖြစ်တော့မှာပဲ၊ ဟီဟီ ပျော်စရာကြီး"

ဖိုးထင် လှေဦးလှဲပြီး စိတ်ကူးယဉ်နေလိုက်သေး၏။

"ဒါနဲ့ဖိုးထင်. . . တို့အပြန်လမ်း ရွာကြီးဘက်က မဖြတ်ရင်ကောင်းမယ်နော့"

အာပြု၏အသံ။

"ဘာဖြစ်လို့လဲကွ"

"ဟိုကွာ. . . တို့အဲဒီဘက်ကပြန်ရင် တို့လှေကို လှေခွက်ချည်းမြင်ရင် ရွာကြီးကလှေတွေ လမ်းစတွေ့ကုန်မှာပေါ့"

ဖိုးထင် လှေပေါ်ပြန်လှဲချရင်း. . .

"တွေ့တော့ဘာဖြစ်သလဲကွ"

"တွေ့တော့ ငါတို့လမ်းစနောက် သူတို့လိုက်ရင်း ငါတို့ဒီထက်ပိုမရနိုင်တော့ ဘူးပေါ့"

ဖိုးထင် သက်ပြင်းချလိုက်သည်။

"ပင်လယ်ရေပါကွာ. . . . ဘယ်သူခပ်ခပ် မကုန်နိုင်ပါဘူး၊ ကိုယ်မပြလည်း မကြာခင် သူတို့ဘာသာ သူတို့သိသွားကြမှာပါ၊ ငါတို့လို တောကြိုအုံကြားကလူတွေတောင် သိသေးတာပဲမဟုတ်ဘူးလား"

ဖိုးထင်က လောဘသိပ်မရှိသူမို့ အေးသည်။ သို့သော် ကျီးနိကာပါ

"ဟုတ်တယ်ကွ. . . ဟိုလေ. . . သူတို့နောက်မှ သိတာကို

www.burmeseclassic.com



မရှိဘူး၊ ငါတို့သုံးလေး ခေါက် မြိုးမြိုးမြှတ်မြှတ်ရလိုက်ရင် မဆိုးဘူးဟ"

ဖိုးထင်ပက်လက်လှန်နေရာက မထတော့။

"မင်းတို့သဘောပါကွာ၊ကဲ. . ရွာပြန်တော့ ဘယ်လမ်းက ပြန်မလဲ"

"အလာတုန်းက ရွာဘက်ဖြတ်တဲ့ မြစ်လက်တက်တစ်ခု ငါတွေ့ခဲ့တယ်ကွ၊ အဲဒီကဖြတ်ရင် ရနိုင်ရဲ့"

ကျိုးနီရဲ့စကား ဖိုးထင်ဘာမှဆက်မပြောတော့။ ဖိုးထင် စိတ်ထဲမှာတော့ဖြစ်နိုင်လျှင် ရွာကြီးဝင်၍ မိချောကိုခေါ်လိုက်ချင် သေးသည်။ သို့သော် စိန်ပုက ဖုတ်လိုက်ဖုတ်လိုက် ရှိနေသေးသည် မဟုတ်လား။

ကျိုးနီနှင့်အာပြက ရွာကြီးကို ကျွေ့ရှောင်နေလေပြီ။ လူသည် လောဘနှင့် ဆွေမကင်းမျိုးမကင်းများပင် မဟုတ်လား။

××××







ရွာပြန်ရောက်တော့ တစ်ရွာလုံးပျော်ကြသည်။ ရွာသားတွေ လည်းပျော်သည်။ ဖိုးထင်ကား မပျော်တစ်ဝက်ပျော်တစ်ဝက်။

သူပြန်ရောက်ပြီးနောက်ရက် စိန်ပုဆုံးပါသည်။ စိန်ပုဆုံး သည်နှင့် မိချောမုဆိုးမဖြစ်တာ ဘာမှမဆိုင်သော်ငြား ဖိုးထင်မှာ မျှော်လင့်ချက်နှင့် ပျော်တစ်ဝက် မပျော်တစ်ဝက် ဖြစ်နေသည်။

စိန်ပုရက်လည်အောင် စောင့်ရသည်ကိုက သူ့အတွက် တစ် ကမ္ဘာမျှကြာနေသည်။

"စိန်ပုရယ်. . . နင်အလိုက်တသိ သေပေးတာ ကျေးဇူးတင် လှပါတယ်၊ အဲဒီကျေးဇူးကြောင့် နင်ဘဝကူးကောင်းမှာပါ"

အများတကာ အမှုဝေနေပြီ။ ဖိုးထင်ကား ရေစက်ခွက်ကြီး ကိုင်ပြီး သူ့အတွေးနှင့်သူ။ အများအမြင်မှာတော့ ဖိုးထင်ခမျာ စိန်ပု ကြောင့် ဆို့နင့်ပြီး ရေစက်တောင်မချနိုင်ထင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာ၏ဆရာတော် တရားပြီးသည်နှင့် ဖိုးထင် ရေစက်ခွက်ကို ခလွှမ်ခနဲပစ်ချ၍ လှေဆိပ်ပြေးလေတော့သည်။

လှေဆိပ်တွင် နောက်တစ်ကြိမ်ကုန်ပို့ရန် ကျီးနီနှင့် အာပြတ်တို့က လှေကြီးပြင်သည်။ ဖိုးထင်ပြေးဆင်းလာတာမြင်တော့ အားရဝမ်းသာဖြင့်. . .

"ဟ. . . ကောင်ရ မိန်းမဒီနေ့မှရက်လည်တာ ဒီနေ့ဈေးရောင်းထွက်မလို့လား"

"အေးကွာ. . . ပြောတော့ မလိုချင်သလို လောဘက ချက်ချင်းတက်တာပဲ၊ ဒီမယ် စပါးတောင်မပြည့်သေးဘူး စောင့်လို့ရပါသေးသဟ"

ဖိုးထင် သူတို့လှေကြီးဆီမသွားဘဲ သူ့လောင်းလှေကြီးကို ဖြုတ်လိုက်သည်။

"စောင့်လို့မရတော့ဘူးဟေ့. . . မင်းတို့ကိစ္စက စောင့်လို့ရတယ်၊ ငါ့ကိစ္စကစောင့်လို့မဖြစ်ဘူး၊ ငါသွားပြီ၊ မင်းတို့လှေလည်း နက်ဖြန်နေ့ခင်း ငါပြန်လာမှထွက်ဟေ့"


ဟု အော်ဟစ်ကာ လှေကိုအားကုန်လှော်ချသွားတော့၏။ တက်က ရေထဲဖွေးခနဲဖွေးခနဲ။ ကျီးနီတို့ အာပြတ်တို့ခမျာ သူတို့ထင်သလိုမဟုတ်သော ဖိုးထင်ကို. . .

"ဟောဗျာ"

တစ်လုံးသာမြည်တမ်း၍ ပါးစပ်အဟောင်းသားနှင့် ကြည့်နေရရှာလေသည်။ နွားပျိုသန်လှ နွားအိုပေါင်ကျိုးဆိုတာ ဖိုးထင်ကို ပြောတာဖြစ်ပေလိမ့်မည်။

××××





ရွာကြီးတွင် လွတ်သည့်နေရာလှေချည်၍ ဖိုးထင်ကမန်း ကတန်းပြေးတက်သွား၏။ သို့သော် မိချောကိုမတွေ့။ မိချော ဈေးရောင်းတတ်သောနေရာများ လိုက်ရှာကြည့်သည်။ မတွေ့ရပါ။

"ဒီအချိန် မိချောရွာပတ်နေပြီထင့်"

ဖိုးထင်စိတ်ထဲတွေးပြီး ရွာကြီးတစ်ပတ်ပတ်လိုက်သည်။ မိချောကိုမှ မတွေ့ရ။

"သူ့အိမ်သွားမေးရမလား"

စဉ်းစားကြည့်သည်။

"အို. . . သူကြီးမေဒေါ်ပုတီး သွက်ချာပါဒလိုက်နေတာဆိုတော့ ဘာမှမေးလို့ရမယ်မထင်ဘူး၊ ကမ်းနားက ပြန်စောင့်မှ"

ဟု ဆုံးဖြတ်ပြီး ကမ်းနားပြန်လိုက်သည်။ လမ်းတောက်လျှောက်မိချောကိုတွေ့လျှင် ဘယ်လိုပြောရမည်ဆိုသည်သာ စဉ်းစား

www.burmeseclassic.com

www.burmeseclassic.com



နေမိတော့၏။

“ဖိုးထင်. . . ဟာ ဟော့ကောင်ဖိုးထင်၊ မင်းဘာလာလုပ်တာလဲ၊ ကုန်ရောင်းပဲလား”

ဆိပ်ကမ်းတွင် လှမ်းခေါ်သံကြား၍ ကြည့်လိုက်တော့ မောင်ကံ။ အရင်လို မူးရူးတုန်းပင်ဖြစ်လိမ့်မည်။ သူ့အနောက်နားတွင် တော့ ကလေးငယ်နှစ်ယောက်။ ဖိုးထင် အဖက်လုပ်စကားမပြောချင်၍ ခြေလှမ်းပြင်လိုက်သည်။ နောက်မှသတိရပြီး. . .

“နေပါဦး မောင်ကံရ မိချော. . . မိချော တွေ့မိသေးလား”

မောင်ကံမျက်နှာ ညှိုးငယ်သွား၏။ ပြီးမှ. . .

“မိချော. . . ရက်စက်တယ်ဖိုးထင်ရာ”

“ဟင်. . . ဟင် ဘာဖြစ်လို့လဲ”

မောင်ကံ၏ မထင်မှတ်သောစကားကြောင့် ဖိုးထင် အလန့်တကြားဖြစ်သွား၏။

“ဘာဖြစ်ရမှာလဲကွာ၊ သူနဲ့ငါ့ကို ကလေးချင်းသဘောတူထားပါလျက်နဲ့”

“အာ. . . ခွီးထဲမှပဲ ကလေးတွေက လူမမယ်တွေ၊ ဘယ်လိုကလေးချင်းသဘောတူရမှာလဲ”

“အဲဒါပြောတာပေါ့ကွ၊ ကလေးချင်းအဆင်ပြေနေပါလျက်နဲ့ ဒီလှေဆိပ်ဈေးလာလာရောင်းရင်း လှေသူကြီးမောင်ပိန်နဲ့တွေ့ပြီး ညားကြလေရဲ့”

“ဘာ”

ဖိုးထင် မျက်လုံးများပင် ပြာသွား၏။ သူ့မျှော်လင့်ချက် ပြိုလဲပြန်လေပြီ။

“ဟီး. . . ဟီး မိချောရက်စက်တယ်၊ ငါ့အသည်းကိုခွဲပြီး



လှေကြီးပေါ်လှေငယ်တင်သွားတယ် ဟီး”

မောင်ကံ အသားလွတ်ငိုနေ၏။ ဖိုးထင်ခြေထောက်များ ခဲကြီးကြီးဆွဲထားသလို လေးလံနေသည်။

“ဒါနဲ့နေပါဦး မိချော နောက်လင်ယူတာ ဘယ်နှစ်ရက်ရှိပြီလဲ”

“ခုနစ်ရက်”

“တောက်”

ဖိုးထင် ကြိတ်မနိုင်ခဲမရ တောက်ခတ်လိုက်သည်။ ငိုနေသော မောင်ကံပင်လန့်ဖြန့်၍ သူ့ကိုကြည့်သည်။ ဖိုးထင်ကား သူ့စိတ်ကူးနှင့်သူ

“စိန်ပုဆုံးတဲ့နေ့၊ အဲဒီနေ့က ငါတစ်ခါထဲလာလိုက်ရင်မီသား”

စိတ်ထဲမှာကြိတ်ပြီး ခံစားနေရသည်။

“တောက်. . . စိန်ပုနှယ် နောက်လည်းဆုံးမဲ့ဟာကို တစ်ပတ်ကြိုသေပေးရင် ဘာဖြစ်တာမှတ်လို့”

ဩော်. . . သေပြီးသည့်မိန်းမပင် သူနောက်မိန်းမရဖို့ တစ်ပတ်ကြိုသေပေးရမည့်ပုံ။

ဖိုးထင် မိချောကိုအပြစ်မတင်။ ဆုံးသွားရှာပြီဖြစ်သော သူ့မိန်း မစိန်ပုကိုပင် စိတ်နာသွား၏။

××××

www.burmeseclassic.com



နွားအိုက နွားအိုလိုပင် လေးလံနေသည်။ သည်ကြားထဲ ပေါင်ကပင်ကျိုးနေသေးသောကြောင့် ပို၍ပင်နှေးကွေးနေသည်။ ထိုနည်းတူစွာ ဖိုးထင်၏အပြန်ခရီးက နှေးကွေးလွန်းလှပေသည်။

သူ့ခမျာ ချိနဲ့နဲ့နွားကြီးအတိုင်း ရေပြင်ပေါ် တလိမ့်လိမ့်တွား သွားနေပါတော့သည်။

မနက်ကျလျှော်တော့ ညနေရောက်လာသည် ညနေပြန်လျှော် လျှင် မနက်ပြန်ရောက်ပေတော့မည်။ အမှောင်ကား ဖိုးထင်၏လှေကို မြစ်ပြင်အတွင်း ဖျောက်ပစ်လိုက်တော့၏။

××××





ဖိုးထင် ရွာပြန်ရောက်တော့ လှေပြောင်းလိုက်ရုံသာ။ လှေငယ်ပေါ်မှ လှေကြီးပေါ်တက်လိုက်သည်။ ရွက်အသစ်၊ တက်အသစ်မို့ လှေကလေးမှာ ရှန်းကြွနေ၏။

“စောင့်လိုက်ရတာ ဖိုးထင်ရဲ့ မင်းမပါရင် ငါတို့မသွားတတ်လို့သာ”

အာပြဲက ဆီးပြော၏။ ဖိုးထင်က သူလုပ်စရာရှိတာ အမြန်လုပ်ပြီး လှေကြိုးဖြုတ်လိုက်သည်။ လှေကလေးက မြစ်ပြင်ကို ရှန်းကန်ပေပြီ။

“သံလုံးရေ အဖေသွားပြီဟေ့၊ တစ်ပတ်ဆယ်ရက်တော့ ကြာမကွ၊ ညီလေး ညီမလေးကို ရေထဲပေးမဆင်းနဲ့ဟေ့”

ကြားလားမကြားလားမသိ ဖခင်တို့ဝတ္ထုရားရှိသည့်အတိုင်း အော်မှာလိုက်သည်။ ဖခင်မရှိလည်း သည်ကလေးများ ရွာကကြည့်

www.burmeseclassic.com



မည်မဟုတ်ပါလား။

"ကျီးနီရေ. . . တက်ကိုင်ကွယ့်၊ ငါ ပင်ပန်းလွန်းလို့ လှဲလိုက်ဦးမယ်"

ဖိုးထင် တက်မကို ကျီးနီထံလွှဲကာ လှေဦးသို့ သွားပြီးလှဲချလိုက်သည်။ သိပ်မကြာပါ ငှင်းအတ္တဘောကြီးထံမှ ဟောက်သံများ စီညံလာသည်။

သားသမီးလည်းမရှိတော့ စိန်ပုလည်းမရှိတော့၊ မိချောလည်း မရှိတော့။ သူ့ထံတွင် အိပ်စက်ခြင်းသာရှိတော့၏။

မြစ်လေက တဖြူးဖြူး၊ လှေငယ်က တလူးလူးနှင့် ခရီးဆက်နေရှာလေသည်။ သုံးရက်ခန့်သွားရမည့်ခရီးမို့ ဘာမှပူပင်နေစရာ မလိုပေ။

××××





"ဟာ"

ဖိုးထင်တို့ မြို့ခံဆိပ်ကမ်းရောက်တော့ သူတို့လှေထက် သုံးဆခန့်ကြီးသော ကုန်လှေကြီးတစ်စီး ဆိုက်ကပ်ထားသည်မြင်တော့ အံ့အား သင့်သွားရ၏။

"ဟာ. . . ဘယ်ကောင်တွေ ဦးကုန်ပြီလဲမသိဘူး၊ လုပ်ပါဦး . . . ဖိုးထင်ရ"

လောဘသည်းသောအာပြမှ ထအော်သည်။ ဒါကိုဖိုးထင်က

"အရင်တစ်ခေါက်ကတည်းက ငါပြောသားအာပြရာ၊ ပင်လယ်ရေပါဆို၊ ကဲ ငါတို့အကြောင်းမကြားလည်း သူတို့ဘာသာ သူတို့ သိတာပဲမဟုတ်လား၊ ကျီးနီရေ သူတို့နဲ့ကပ်လျက် ခေါင်းချိုးဟ"

သူတို့လှေကလေး လှေကြီးနားကပ်လိုက်တော့ ပို၍သေး

www.burmeseclassic.com

www.burmeseclassic.com



ကွေးသယောင်ထင်ရ၏။

"တောက်. . . ဒီလှေကြီးနဲ့ တစ်ခေါက်ဆိုထောပြီနော့"

အရာရာ လောဘမသတ်နိုင်သောအာပြဲက မချင့်မရဲ ရေရွတ် လေ၏။ ဖိုးထင်လည်း အားကျမနေနိုင် ကိုယ့်လှေခိုင်အောင် ကြိုးကို တည်းလိုက်ရသည်။

"ဟေ့. . . ဘယ်ကလှေစုတ်လှေပြတ်လဲကွ၊ ငါ့ကိုယ်ထည် နားလာကပ်တာ"

အော်သံကြား၍ကြည့်လိုက်တော့ လှေလယ်ခေါင် ခါး ထောက်ရပ်နေသော မဲမဲဝဝလူကြီးတစ်ဦး။ အကျီဗလာကျင်းနှင့် ခေါင်း ပြောင်ပြောင်ကို ပတ်ပေါင်းကြီးပေါင်းထား၏။

ဖိုးထင်က ဖော်ရွေစွာဖြင့်. . .

"ကုန်လှေပါဗျ. . . ကျုပ်တို့က ဒီကိုရောက်နေကျပါ၊ နောင် ကြီးတို့ကရော"

ဖိုးထင်စကားကြားတော့ ထိုလူကြီး ပျာပျာသလဲ ဖြစ်သွား၏။

"ဘာကွ. . . မင်းတို့က ရောက်နေကျဟုတ်လား၊ အခုရော ဘာကုန်တွေပါလဲ"

"စပါးနည်းနည်း၊ နှမ်းကျဲကျဲပါဗျ၊ နောင်ကြီးတို့နဲ့ယှဉ်ရင် ဘာမှမဟုတ်ပါဘူး"

"စပါးဟုတ်လား"

ဖိုးထင်၏စကားအဆုံး ထိုသူမှာ လှုပ်လှုပ်ရှားရှား ပြန်ဖြစ် သွား၏။

"စပါး. . . မင်းတို့ဖောက်သည် ဘယ်သူတုန်း"

"အဝယ်တော်ကိုဘရင်ပါဗျ၊ ဘာဖြစ်လို့တုန်း"

"ကိုဘရင်. . . ဟာ သွားပါပြီ၊ ဒါနဲ့ မင်းတို့ကို သူက ဘယ်





ဈေးရှင်းတုန်း"

"နှစ်ကျပ်တစ်မတ်ပါဗျာ၊ ရှင်းဈေးက မြင့်ပါတယ်"

ဖိုးထင်စကားကြားတော့ ထိုသူ သူ့ခေါင်းသူအုပ်ကိုင်ရင်း. .

"ဟာ. . . သွားပြီ သွားပြီ ငါတော့မွဲပြီ"

ဟု သူ့ဘာသာသူ သွေးရူးသွေးတန်းနှင့် ရေရွတ်၏။ ဒါကို ဖိုးထင်က မျက်မှောင်ကျုံ့ပြီး

"ဘာဖြစ်လို့တုန်းဗျ"

ဟိုလူ ဘာစကားမှမပြောနိုင်ဘဲ လှေကြီးထဲ ပြန်ဝင်သွား၏။ ဖိုးထင်ကသာ. . .

"ဒီလူဘာဖြစ်သွားတာလဲမသိဘူး၊ ကြည့်ရတာ ခပ်ရူးရူးပဲနဲ့ တူတယ်"

ဟု မှတ်ချက်ချလိုက်သည်။

"ဖိုးထင်"

ခေါ်သံနှင့်အတူ လှေကြီးပေါ်မှ လူတစ်ယောက်ဆင်းလာ သည်။

"မိချော. . . မိချောပဲ"

မိချောကိုမြင်တော့ ဖိုးထင်ဝမ်းသာသွားသည်။ ကျိုးနှီနှင့် အာပြဲက အံ့အားသင့်သွားကြ၏။

"ဒီ. . . ဒီလှေက နင်တို့လှေလား"

"ဟုတ်တယ်"

"အားပါး. . . အကြီးကြီးပဲ၊ ဟီဟိ"

ဖိုးထင်အူရှင်နေ၏။

"ဒီမှာဖိုးထင် ခုနက နင်နဲ့ငါ့ယောကျ်ားကိုဆယ်တို့ ပြောနေ တာ ငါကြားပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . လူမဲမဲကြီးက နင့်ယောကျ်ားလား၊ ထွီ ကျက်သရေတုံးလိုက်တာ"

ဖိုးထင်က ထင်ရာမြင်ရာပြောချလိုက်သည်။ ဒါကို မိချော က မသိချင်ယောင်ဆောင်ပြီး. . .

"ကျက်သရေတုံးတာ အသာထား၊ နင်တို့က ကိုဘရင်ကို စပါးတစ်တင်း နှစ်ကျပ်တစ်မတ်နဲ့ သွင်းတာဆို"

"အေးလေ. . . ဟုတ်သား၊ ရွာကြီးကမှငါးမူးပေးတာ၊ ဒီကနဲ့ အပုံကြီးကွာပေါ့၊ နင်တို့လှေကြီးတစ်စီးစာဆို ငွေများပေါ်ငွေးနေမှာပဲ နော့၊ ဟီဟိ မိချော နင်တော့တစ်ခေါက်ထဲ သူဌေးဖြစ်မှာ"

မိချောမျက်နှာ ညှိုးငယ်သွားသည်။

"ဒီမှာဖိုးထင်. . . ငါတို့လည်း ဒီမှာစပါးဈေးကောင်းမှန်းသိလို့ ရွာကြီးနားကစပါးတွေကို နှစ်ကျပ်တစ်မတ်ထိ ဈေးတင်ပြီး ကောက်လာတာ၊ အခုဒီရောက်မှ အဝယ်တော်က စပါးတွေပွန်းဖြစ်နေလို့ နှစ်ကျပ်အောက်ပဲပေးမယ်တဲ့၊ အဲဒါ"

"အေးလေ. . . ဒီလောက်ပေးတောင် လွန်ပေါ့၊ နင့်နှယ်ဟာ စပါးများ နှစ်ကျပ်တစ်မတ်ပေး ဝယ်လာရတယ်လို့၊ နောက်ကောက် စပါးဆိုတာ ငစိန်လည်းပါမယ်၊ မီးတုံးလည်းပါမယ်ဆို သီလရှင်ဆန် ဖြစ်နေပြီ၊ အဲဒီလောက်ပေးတာတောင် ကံကောင်း၊ နင့်နှယ် ညံ့ချက်"

မိချောမျက်နှာ ပိုငယ်သွား၏။ သက်ပြင်းချသံကြားရ၏။

"ငါတို့လည်း ဒီစပါးတွေရောင်းရင် ရှုံးနေတဲ့အပြင် လှေငှား ခ မနည်းရှင်းရဦးမှာ"

"ဟင်. . . ဒီလှေကြီးငှားလာတာ"

"တစ်ရာ့အစိတ်ပေးရတာ"

"ဘုရား. . . ဘုရား"





ဖိုးထင် သနားရင်ဘတ် သူဖိလိုက်မိသည်။

"အဲဒါ နင်တို့စပါးကို သုံးကျပ်ထိ ဈေးတင်ပေးပါလားဟင်"

"ဟာ. . . ဒါတော့ဘယ်ဖြစ်ပါ့မလဲ၊ အဲဒီလိုလုပ်လိုက်ရင် ငါတို့ ဖောက်သည်ပျက်ကုန်မှာပေါ့၊ မဖြစ်ပါဘူး"

ဖိုးထင် အကြောက်အကန်ငြင်းသည်။ ဒါကို မိချောက. . .

"ဒါဖြင့်လည်း နင်တို့စပါးတွေ ငါတို့ကို နှစ်ကျပ်နဲ့ပြန်ရောင်း ပေးပါလား၊ ဒါဆို ငါတို့လည်း ဟိုစပါးတွေကို ခုမိကာမိမှာ"

"ဟင်. . . ဒါ. . . ဒါကလည်း"

ဖိုးထင် ဘာပြောရမှန်းမသိ။ ကျီးနီတို့ အာပြဲတို့ကိုကြည့် တော့ မကျေနပ်သည့်မျက်နှာထားမျိုး။

"မဖြစ်ပါဘူး မိချောရယ်"

ဖိုးထင်နှုတ်က တစ်ခါမှမထွက်ဖူးသောစကား ထွက်သွား၏။

ဦးဘရင် ရောက်လာသည်။

စပါးဈေးကျလို့တဲ့။ နှစ်ကျပ်သာရှင်း၏။ သူဈေးကျ၍ ကျဈေးနှင့်ရှင်းသည်က အကြောင်းမဟုတ်။ ကျီးနီတို့အာပြဲတို့က. . .

"ဒီမှာဖိုးထင် မင်းဒီကိုမလာခင် တစ်ရက်ပျောက်သွားတာ၊ ရွာကြီးသွားပြီး မိချောတို့ကို အကြောင်းကြားခဲ့တာမဟုတ်လား"

"ဟုတ်တယ် ဖိုးထင်၊ မင်း အဲဒီလိုလုပ်တာ တစ်ရွာလုံးကို သစ္စာဖောက်လိုက်တာပဲ၊ တစ်တင်း တစ်မတ်ဈေးဆိုတာ နည်းတဲ့ငွေ လား၊ ရွာမှာ ငါတို့ဘယ်လိုပြန်ရှင်းမလဲ"

သူတို့၏စကားသံများ။

"ငါ ရွာကြီးသွားတာ မိချောတို့ကိုသွားပြီး အကြောင်းကြား တာမဟုတ်ဘူး ဟေ့ကောင်"

"ဒါဆို မင်းဘာသွားလုပ်တာလဲ၊ ပြော ပြောလေကွာ၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



စိန်ပု ရေစက်ခွက်တောင်လွတ်အောင်မချနိုင်ဘဲ မင်းရွာကြီး ဘာသွားလုပ်တာလဲ"

"ငါ. . . ငါ ဟာကွာ"

ဖိုးထင် ဘယ်လိုမှ ပြောမထွက်။ ရှင်းလည်းမပြတတ်တော့။ မိချောကိုယူရန် သွားခဲ့ကြောင်းလည်း အရှက်ခံ၍ မပြောချင်တော့။ မိချောကိုလည်း အားနာသည်။ ကိုယ့်ကိုယ်ကိုလည်း ဒေါသထွက်၏။ ထို့ကြောင့်. . .

"ကဲ. . . ဒီလောက်တောင်ရှိလှတာကွာ မင်းတို့လိုချင်တဲ့ တစ်တင်းတစ်မတ် ငါ့ကိုယ်တာထဲက နှုတ်ယူကွာ၊ ပြီးရင် မင်းတို့နဲ့ ငါဆက်ပြီးအလုပ်မလုပ်တော့ဘူး၊ ငါ့ဘာသာငါ ဖောက်သည်အသစ်ရှာမယ်၊ မင်းတို့လှေယူပြီး ရွာပြန်နှင့်ကြ၊ ဒါပဲ"

ဖိုးထင်စကားကြားတော့ ဟိုနှစ်ယောက်တွေဝေသွား၏။ ပြီးမှ အာပြဲက. . .

"အေး. . . ဟေ့ကောင်ဖိုးထင် မင်းစကားနဲ့မင်း လာ ကျီးနိုသွားမယ်"

နှစ်ယောက် လှေပေါ်တက်၍ထွက်ခွာသွား၏။ ဖိုးထင်မှာ ရွာပြန်ရန်လှေမရှိတော့။

xxxx





ဖိုးထင် ကုန်းလမ်းအတိုင်း မေးမြန်းစုံစမ်းရင်း ရွာသို့ဖြည်းညှင်းစွာပြန်ခဲ့ရ၏။ ရောက်သည့်နေရာ ဆန်ဈေး၊ ပဲဈေးနှင့်လမ်းမေးရင်း စားသောက်ရန်အလို့ငှာ ကြုံရာအလုပ်ဝင်လုပ်ရင်း ရွာသို့ပြန်လာသည်မှာ သုံးပတ်ကျော်ကြာခဲ့ပြီ။

ရေလမ်းခရီးနှင့် ရွက်လွှင့်ပါက လေသင့်လျှင် သုံးရက်ကျော်ကြာသောခရီးကို ဖိုးထင်သုံးပတ်ကျော်ကြာခဲ့လေပြီ။ လမ်းခရီး၌ အိမ်ဆောက်နေသည်တွေ့လျှင် လက်သမားဝင်လုပ်၊ လမ်းခင်းနေလျှင် ကျောက်ဝင်ထမ်းနှင့် အားမပြတ်အောင်ဝမ်းဖြည့်ရင်း အပြန်လမ်းကိုရှည်စေခဲ့၏။

ယခုတော့ ရွာပြန်ရောက်တော့မည်။ မောင်ကံတို့ရွာဖြတ်ပြီးတောအုပ်တစ်ခုလွန်လျှင် ရွာရောက်ပေပြီ။

ရွာမှာထားခဲ့သော ကလေးသုံးယောက်လည်း ဘယ်ဘ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီမသိ။ သူတို့၏ကြီးဒေါ်များဆီ အလုံအလောက်ပေးခဲ့၍ သိပ်တော့စိတ်မပူလှ။ သို့သော် သံယောဇဉ်ဆိုသော အစတစ်စဖြင့် ရင်ကိုပူလောင်နေစေ၏။ ထို့ကြောင့် လုပ်နိုင်သောအလုပ်ဖြစ်သော ခြေလှမ်းကိုသာ မြှင့်လိုက်သည်။

"ရပ်လိုက်စမ်း"

တောအုပ်၏အလယ်လောက်ရောက်မှ အထက်ပါအသံကြားတော့ ဖိုးထင်ကြောင်ပြီး ခြေလှမ်းများရပ်တန့်သွား၏။

တောထဲမှမျက်နှာကို လုံကွင်းများစည်းနှောင်ထားသော ဓားလွတ်ကိုင် လူလေးဦးထွက်လာ၏။

"ရုတ်ရုတ်မလုပ်နဲ့၊ လှုပ်မယ်မကြံနဲ့၊ ရှိတာအကုန်ထုတ်၊ ကျုပ်တို့ အသက်မယူချင်ဘူးနော့ ကိုရင်ဖိုးထင်"

"တောခွေး"

ထိုအသံကို ဖိုးထင် ကောင်းကောင်းကျက်မိ၏။

"တောခွေး. . . ငါဖိုးထင်ပါကွ၊ ဖိုးထင်ပါ"

တောခွေး မျက်နှာပေါ်လွှားထားသော လုံချည် ဆွဲခွာလိုက်သည်။

"သိပါတယ်၊ ဟား ဟား စပါးကုန်သည်ကြီးဖိုးထင်မှန်းဒါကြောင့် ကျုပ်တို့က ဒီတောစပ်ကနေ အလျှုခံဖို့စောင့်နေတာပါ"

တောခွေးကား ငယ်စဉ်ကလို ပိန်ပိန်လှီလှီမဟုတ်တော့။ အတော်ကြီးကို ထွားကြိုင်းပြီး လူကြမ်းကြီးဖြစ်နေလေပြီ။

"တောခွေးရာ ကိုယ့်တစ်ရွာထဲသားချင်း အဲသည်လိုမလုပ်ပါနဲ့၊ နောက်ပြီး မင်းနဲ့ငါက ဘာရန်ညှိုးရန်စမှမရှိတာ"

"ရန်ညှိုးရန်စ ဟုတ်လား၊ ဟား ဟား"

တောခွေး ဟက်ဟက်ပက်ပက်ရယ်သည်။ ပြီးနောက် ဖိုးထင်နား ဓားကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး. . .



"ငယ်စဉ်က ခင်ဗျားကိုပေးခဲ့တဲ့ ငွေငါးပြားမှတ်မိလား"

ဖိုးထင် မျက်ခုံးအစုံ မြင့်တက်သွား၏။

"ခင်ဗျားနဲ့ မကြီးမိချောတို့ မင်္ဂလာဦးညမှာ ကျုပ်ကိုပေးချောင်းမယ်ဆိုပြီး ယူသွားတဲ့ငါးပြားလေ၊ ဟဲ ဟဲ အဲဒါ ခင်ဗျား ကျုပ်ကို ရန်စဖြစ်အောင် အကြွေးထားခဲ့တာမဟုတ်လား"

ဖိုးထင် စိတ်ညစ်သွား၏။

"တောခွေးရာ. . . နှစ်တွေလည်းကြာခဲ့ပါပြီ၊ ငါလည်း မိချောနဲ့ညားခဲ့တာမှမဟုတ်တာ၊ မင်းအကြွေး ဘယ်လိုလုပ်ဆပ်ရမှာလဲ၊ နောက်ပြီး ကြောင်ကတိုးတို့ ငါ့ကိုရှာတုန်းက မင်းပဲလမ်းညွှန်ခဲ့တာကြေရောပေါ့"

"တော်စမ်းပါ ကိုဖိုးထင်ရာ၊ ကျုပ်က ကျုပ်ရစရာရှိတဲ့ အကြွေး တစ်သက်မမေ့ဘူး၊ အဲဒီအတွက်ကို ကျုပ်အတိုးနဲ့တွက်ထားတယ်၊ ကဲ ရှိတာအကုန်ထုတ်"

ဖိုးထင် ခေါင်းကုပ်သွား၏။

"အခုခရီးက ပြန်လာတာ ဘယ့်နှယ်ငွေက ပါလာမလဲကွာ၊ ကဲ လိုချင် အိမ်လိုက်ယူ၊ ငါပေးမယ်၊ ကဲ သွားပြီ"

ဖိုးထင် ခြေလှမ်းပြင်သည်နှင့် တောခွေးက. . .

"အေး. . . အကြွေးဆပ်စရာ ငွေငါးပြားတောင်မပါရင် ကျုပ်ကလည်း ကျုပ်ရစရာရှိတဲ့အကြွေး အသားလှီးယူမယ်၊ ယား"

တောခွေး ဓားမြှောက်ပြီး ဖိုးထင်ထံ ပြေးလာသည်။ သို့သော်

"ခွပ်"

"အောင်မလေးဗျ"

နကိုလျှင်မြန်သန်မာသော ဖိုးထင်၏လက်သီးက တောခွေး

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပေါ် အရင်ကျသွား၏။ တောခွေး ဟပ်ထိုးဟပ်ထိုးနှင့် လဲကျသွား၏။ ဖိုးထင် တောခွေးကို ဂရုစိုက်နေစဉ်မှာပင်. . .

"ဒုတ်"

"အား"

တောခွေး၏ နောက်လိုက်တစ်ယောက်၏ခါးနှောင့်က ဖိုးထင်နောက်စေ့ကို ကျသွား၏။

ဖိုးထင် ခွေခနဲလဲကျသွား၏။ ထိုတော့မှ တောခွေးပြန်ထလာပြီး. . .

"ကဲဟာ. . . ကဲဟာ ဟောဒါ ငါးပြားဖိုး၊ ဟောဒါ ငါးပြားဖိုး"

ဟုဆို၍ လှိမ့်ကန်တော့၏။ ဖိုးထင်မှာ ခါးနှောင့်ဒဏ်ကြောင့် မူးနောက်နေ၍ ဘာမှပြန်၍ မခုခံနိုင်တော့။ သူ့စိတ်ထဲ တောခွေးပေးခဲ့သော ငွေငါးပြားအတွက် သူ၏မင်္ဂလာဦးညကိုပင် စိတ်ကူးယဉ်နေမိ၏။ တောခွေး၏ငါးပြားဖိုးက ကျနေတုန်း။

"တော်ပြီ တောခွေး၊ တော်ပြီ လက်လွန်မယ်"

တောခွေး၏ အပေါင်းအသင်းများက အတင်းဝိုင်းဆွဲကြသည်။ ဒါကို တောခွေးက. . .

"မှတ်ထား ကိုဖိုးထင်၊ ကျုပ်က အကြွေးဆို တန်မှကြိုက်တာ၊ ရော့၊ ဒီမှာ ခင်ဗျားကို ငါးပြားပြန်ချေးခဲ့မယ်"

ဖိုးထင်၏ မှုံဝါးဝါးအမြင်အာရုံရှေ့က တောခွေးပစ်ချပေးသော ငါးပြားစေ့တစ်စေ့ ပြုတ်ကျလာသည်။

ထွက်ခွာသွားသော ခြေသံများ။ ဖိုးထင်လက်က ငါးပြားစေ့ဆီ ရွေ့သွား၏။ နောက် ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

××××





ဒဏ်ရာဗရပွနှင့် ပြန်လာသောဖိုးထင်ကို တစ်ရွာလုံးက ဝိုင်းကြည့်နေသည်။

ဖိုးထင် ပြန်လာပြီဆိုသည်နှင့် တစ်ရွာလုံး ဖိုးထင်ဆီ ရောက်နေပြီ။ ဖိုးထင်ကလည်း ရွာသားများစုရုံးနေ၍ တအံ့တသြကြည့်သည်။

"ဘယ့်နှယ်လဲ ဖိုးထင်၊ ငါ့လှေရော ရွာက မင်းတို့ယူသွားတဲ့ ကုန်ပစ္စည်းတွေရော ဘယ်ရောက်သွားလဲ"

"ဗျာ"

အဆက်အစပ်မဲ့ မေးလိုက်သော သူကြီးဦးကြာဥစကားကြောင့် ဖိုးထင်အံ့အားသင့်သွားသည်။ သူကြီးက သက်ပြင်းချပြီး. .

"မင်းတို့ကုန်တွေ ရောင်းပေးမယ်ဆိုပြီး ယူသွားတဲ့လှေနဲ့ ပစ္စည်းတွေလေ"

www.burmeseclassic.com

www.burmeseclassic.com



"အဲ. . . အဲဒါ ကျီးနီနဲ့အာပြဲရော"

ဖိုးထင် ကတုန်ကယင်ဖြစ်နေသည်။

"ဘယ်သူမှပြန်မလာဘူး ဖိုးထင်၊ လှေပါလူထဲမှာ ပြန်ရောက်လာတာ ကိုရင်ပထမဆုံးပဲ"

"ဟင်"

ဖိုးထင် အားအင်ကုန်ခမ်းသွားသလို ခံစားလိုက်ရသည်။ ကျီးနီနှင့်အာပြဲ လောဘနောက်လိုက်မှု သူခံရပေတော့မည်။

"တစ်ရွာထဲသားချင်း အဲသည်လိုတော့ မလုပ်ကောင်းပါဘူး မောင်ဖိုးထင်ရာ၊ မင်းကို ရိုးသားသူတစ်ယောက်အနေနဲ့ တစ်ရွာလုံးက ပုံအပ်ခဲ့တယ်၊ အခု မင်းက ရိုးသားမှုကိုအသုံးချပြီး တစ်ရွာလုံး ဒုက္ခရောက်အောင်လုပ်ခဲ့ပြီ"

"ဟီး"

ဘာမှပြန်မပြောသာ၍ ဖိုးထင်ချုံးပွဲချငိုချလိုက်သည်။ တစ်ရွာလုံး၏ဒေါသမျက်လုံးများ သူ့အပေါ် စုပြုံနေပြီ။ ဖိုးထင်မည်သို့မျှ မဖြေရှင်းတတ်တော့။ ငိုသံသည်သာ သူ၏အားကိုးရာဖြစ်သည်။

"အကောင်းဆုံးတစ်ခုက မင်း ဒီရွာနဲ့မထိုက်တန်ဘူး ဖိုးထင်၊ မင်း ဒီရွာကထွက်သွားပေးပါ"

"အား. . . ဟား. . . ဟား"

ဖိုးထင် အာခေါင်ခြစ်အော်သံ။ ရွာသားတချို့က သူ့ကိုယ်ပေါ် တံတွေးနှင့်ထွေးကြသည်။ ဖိုးထင်ဘာမှမမြင်တော့။ အမှန်တရား၏ ပျက်ရယ်ပြုခြင်းကိုခံနေရလေပြီ။

ရိုးသားသည်မှန်သော်လည်း အမှန်တရား၏ကျီစယ်ခြင်းကိုလည်း ခံရတတ်ပါသည်။

××××





လောင်းလှေကလေး သေးသေးကလေးပေါ်တွင် လူသေးသေးကွေးကွေးလေးသုံးယောက်ကိုတင်၍ ဖိုးထင်လှော်ထွက်လာသည်။ အဆောင်အယောင်ပစ္စည်းဆိုလို့ ခြုံစောင်နှစ်ထည်နှင့် သူ့အဖေ ဦးဖိုးထယ်၏ မှိုခေါင်းအုံးအစုတ်တစ်လုံးသာ ပါရှိတော့၏။


လှေက ဘယ်ကိုဦးတည်နေမှန်းမသိ။ သူတို့၏ဘဝခရီး ဘယ်သို့ရှိမည်ကို ဘယ်သူကများသိနိုင်မည်နည်း။

××××

www.burmeseclassic.com

www.burmeseclassic.com





ဤမြို့ကလေးတွင် လက်သမားဆရာ ဖိုးထင်ဆို မသိသူရှားလှသည်။

အိမ်ကြီးအိမ်ကောင်းများ၊ ကျောင်းဇရပ်များမှအစ ဖိုးထင်လက်ရာမကင်းပေ။ အိမ်ကြီးအိမ်ကောင်းများ ဆောက်နေရပါလျက် သူကတော့ အိမ်ကြီးအိမ်ကောင်းနှင့် မနေနိုင်။ စားပေါက်သုံးပေါက်ဖြည့်နေရသည့်အပြင် တပည့်တပန်းများလည်း ကြည့်ရသေး မဟုတ်လား။ သူ့ဘဝက ယခုအချိန်အထိ မုဆိုးဖိုကြီးပင်။ သားအကြီးကောင် သံလုံးပင် ဆယ်နှစ်ကျော်ပေပြီ။

"အဘ. . . အဘ ဘေးခြံလူရောက်လို့"

"အေး. . . ရောက်ရောက်ပေါ့ကွာ၊ မင်းနဲ့ဘာဆိုင်လို့"

"ဟုတ်ဘူး အဘရဲ့၊ သူတို့က ယာယီတဲလေး အဘကို ဆောက်ခိုင်းချင်လို့တဲ့"

ဖိုးထင် ရေပေါ်သွေးနေရာမှ ရပ်လိုက်သည်။ နောက်လုပ်စရာရှိတာ ဆက်လုပ်ရင်း



"ငါက ယာယီတဲဆောက်တဲ့ လက်သမားမဟုတ်ဘူးကွ၊ အိမ်ကြီးအိမ်ကောင်းတွေ ဆောက်နေတာ၊ တခြားသူငှားချေလို့"

"ဟုတ်ဘူး အဘရဲ့၊ သူတို့ကလည်း ကလေးတွေတပြွတ်ကြီးနဲ့ မိုးကျမှာမို့"

ဖိုးထင် သွေးလက် ရေပေါ်ပစ်ချပြီး. . .

"ဒီကောင်ကွာ တယ်လျှာရှည်"

ဆိုကာ ထွက်ကြည့်လိုက်တော့. . .

"မိချော. . . မိချော"

သူတစ်သက် မမေ့နိုင်သောမျက်နှာ။ ဖိုးထင် အိမ်ပေါ်မှ ခုန်ချပြီး ကလေးငယ်တစ်ယောက်လို ပြေးသွားမိသည်။

"မိချော. . . မိချော"

"ဖိုးထင်"

နှစ်ယောက်လုံး ဆံပင်များပင် ဖြူစပြုနေလေပြီ။ နှစ်ယောက်လုံး အံ့အားသင့်နေသည်။

"နင့်. . . နင့်ယောကျ်ားရော"

"သေပြီ"

"သံလုံးရေ"

ဖိုးထင် အလောတကြီး အော်လိုက်သည်။

"လွှနဲ့တူ အမြန်ယူခဲ့စမ်း"

"ဘာလဲအဖေ"

ချက်ချင်းပြောင်းလဲသွားသော သူ့အဖေကို သံလုံးက နားမလည်စွာပြန်မေးသည်။ ဒါကို ဖိုးထင်ကစိတ်မရှည်တော့ဘဲ. . .

"အာ. . . ခွေးမသားကလည်း လွှနဲ့တူ အမြန်ယူခဲ့၊ ဒီမှာခြံစည်းရိုးဖျက်မလို့၊ ပြီးရင် ဟောဒီက မင်းရဲ့ညီ၊ ညီမတွေကို လာခေါ်ချည်"

ဖိုးထင်နှင့်မိချော ညားလေသည်။

×××××

www.burmeseclassic.com

www.burmeseclassic.com





ဇရာ၊ ပရိဝေဒများ နှိပ်စက်မှုကြောင့် မိချောတစ်ယောက် အိပ်ရာထဲလဲလေပြီ။ ဖိုးထင်ကား မိချောကိုငေးကြည့်နေသည်။

"ဖိုးထင်"

မိချောခေါ်သံ။ ဖိုးထင် ပြန်မထူးမိ။

"နင်. . . ငါ့ကိုကတိပေးပါလား"

"ဘာ. . . ဘာများလဲမိချောရယ်"

မိချော အသက်ကို ခပ်ပြင်းပြင်းရှုလိုက်သည်။

"ငါသေပြီးမကြာခင် နင်လည်းလိုက်သေရမယ်နော်"

ဖိုးထင် ဘာမှပြန်မပြောမိ။ မိချော၏တွန့်ကြေနေသော မျက် ဝန်းမှမျက်ရည်များ စီးကျလာသည်။ စကားသံကလည်း တိုးတိုးလေး။

"ဒါမှ. . . နင်နဲ့ငါ နောင်ဘဝမှာ ငယ်လင်ငယ်မယားဖြစ်မှာ"

မိချောကား သေလေပြီ။ ဖိုးထင်မှာ သားသမီး(၈)ယောက်၊ မြေးဆယ့်သုံးယောက်နှင့် နေ့စဉ် သေချင်စိတ်သာ ပေါက်နေတော့၏။

xxxx

BURMESE CLASSIC .com





"အဘိုး. . . အဘိုး"

မြေးငယ် ဘော်စနောက ခေါင်းအုံးတစ်လုံးပိုက်ပြီး ပြေးလာ၏။

"ဘာတုန်း မြေးရယ်"

"ဟောဒီခေါင်းအုံးထဲက အကြွေသံကြားလို့"

ကြည့်လိုက်တော့ သူဖခင်ဦးဖိုးထယ်ခေါင်းအုံး။ လှုပ်ကြည့်သည်။ မှန်၏။ အကြွေသံတချို့ကြားရ၏။

ဖိုးထင် ကမန်းကတန်းခေါင်းအုံးကို ဆွဲဖြဲလိုက်သည်။

"ဟာ"

"ချွင်. . . ချလွင်"မြည်သံနှင့်အတူ ခေါင်းအုံးထဲမှ အကြွေတချို့ကျလာ၏။ ဖိုးထင် ကမန်းကတန်းကောက်ရေကြည့်လိုက် တော့ အကြွေကသုံးရာတိတိ။ စာရွက်ကလေးတစ်ရွက်နှင့် ထုပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



စာကလေးကို ဖြန့်ဖတ်လိုက်တော့ သူ့အဖေဦးဖိုးထယ်၏ မညီမညာလက်ရေး။

သား...ဖိုးထိ...

ငွေဆိုတာ လွယ်လွယ်မရဘူးကွယ်...အဖေ သားအတွက် စုထားပေးတာပါ ဒီငွေနဲ့ဆို မိုးတစ်သက်လုံး ဆေးလိပ်တောင်းစားရမှာ မဟုတ်ပါဘူး။ ခုတော့ အမျှော်အလင့် ကြီးတဲ့အဖေ့ကို စိတ်တော့မဆင်းနဲ့ကွာ မကောင်းတာ ရှိရင် ခွင့်လွှတ်...တဲ့တဲ့...

တော်သေးပြီ                                        မင်းအဖေ...ဖိုးထယ်

ဖိုးထင် မျက်ရည်ဝိုင်းသွားသည်။

"အဘိုး. . . အဲဒီပိုက်ဆံတွေက"

မြေးငယ်အမေးကို ဖိုးထင်ကဖြတ်၍. . .

"ရော့. . . ဒီငွေတွေယူသွား၊ ညီလေးညီမလေးပါခေါ်ပြီး ဇီးထုပ်သွားဝယ်စားနှင့်ကွယ်၊ ပိုတာရှိရင် အကြွေငါးပြားလောက် လမ်းထိပ်မှာ တောင်းနေတဲ့ဦးတောခွေးကို လှူပစ်ခဲ့"

"အဘိုးကလည်း ဦးတောခွေးကို ဘာလို့ငါးပြားပေးပေးနေတာလဲ"

"သံသရာကြွေးပေါ့ကွယ်"

ပြီးနောက် ဖိုးထင်မှာ မိချောအသုဘနှင့် ရောငိုလိုက်လေတော့သတည်း။

လေ း စာ း စွာ ကြိုး စာ း လျှ က်

အကြည်တော်